ဗြာဟ္မဏီ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ပြီး၍။ ဝေရဟစ္စာနိ
ဂေါတ္တံ၊ သော။ ဗြာဟ္မဏိံ၊ ကို။ "ဘောတိ၊ အရှင်မ။ ယဂ္ဃေ၊ တိုက်တွန်းပါ၏။ ဇာနေယျာသိ၊
သိပါလော့။ သမဏော၊ သော။ ဥဒါယီ၊ သည်။ အာဒိကလျာဏံ၊ အစ၌ကောင်းခြင်းရှိသော။
မဇ္ဈေကလျာဏံ၊ အလယ်၌ကောင်းခြင်းရှိသော။ ပရိယောသာနကလျာဏံ၊ အဆုံး၌ကောင်းခြင်း
ရှိသော။ သာတ္ထံ၊ အနက်နှင့်ပြည့်စုံသော။ သဗျဉ္ဇနံ၊ သဒ္ဒါနှင့်ပြည့်စုံသော။ ကေဝလပရိပုဏ္ဏံ၊
အလုံးစုံပြည့်စုံစွာသော။ ပရိသုဒ္ဓံ၊ ထက်ဝန်းကျင်မှ စင်ကြယ်စွာသော။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊
ဟောဘော်မူ၏။ ဗြဟ္မစရိယံ၊ မဂ်ဘည်းဟူသော မြတ်သောအကျင့်ကို။ ပကာသေတိ၊ ထင်ရှား
ပြတော်မူ၏"ဟူသော[1]၊ ဝေါ၊ ဤစကားကို။ အဝေါစ၊ ပြောဆိုပြီ။ မာဏဝက၊ လုလင်။ တေနဟိ၊
ထိုသို့ဖြစ်မူ။ တွံ၊ သင်သည်၊ မမ၊ ငါ၏။ ဝစနေန၊ စကားဖြင့်။ သမဏံ၊ သော။ ဥဒါယိံ၊ ကို။

---

၁။ ဗိ-၄ ၁၁၆၀-နှာ အဖွင့်အရ ပေးသောအနက်တည်း။ ဝိ-၄-၁-၉၉-နှာ အဖွင့်အရ အာဒိကလျာဏံ
မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ-သုံးပုဒ်ကို ဓမ္မံ၏ ဝိသေသန။ သာတ္ထံ။ပ။ပရိသုဒ္ဓံ-သုံးပုဒ်ကို ဗြဟ္မစရိယံ
၏ ဝိသေသနအဖြစ်ဖြင့်လည်း အနက်ပေးသည်။

သွာသနာယ၊ နှလုံး၌ ကုသိုလ်ကောင်းမှု ဝိတိသောမနဿဖြစ်ပွါးခြင်းငှါ။ ဘဝတ္တေန၊ ဆွမ်းဖြင့်။ နိမန္တယိ၊ ပင့်ဘိတ်လေ၏။ ဣတိ၊ ဤသို့ ပြောဆိုၾ။ သော မာဏဝကော၊ သည်။ "သောဘိ၊ အရှင်မ။ ဇလံ ကောင်းပါပြီ"။ ဣတိ ခေါ၊ ဤသို့လျှင်။ ဝေရဟာစွာနိဂေါ်တ္တာယ၊ သော။ ဗြာဟ္မဏိယာ၊ ၏(စကားကို)။ ပဋိဿုတွာ၊ ဝန်ခံ၍။ ယေန၊ ၌။ အာယသ္မာ ဥဒါယိ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ပြီး၍။ အာယသ္မန္တံ ဥဒါယိံ၊ ကို။ "ဘန္တေ ဥဒါယိ၊ သည်။ အမှာကံ၊ အကျွန်ုပ်တို့၏။ အာစရိယဘရိယာယ၊ ဆရာ၏မယားဖြစ်သော။ ဝေရဟာစွာနိဂေါ်တ္တာယ၊ သော။ ဗြာဟ္မဏိယာ၊ ၏။ သွေ်တနာယ၊ ငှါ။ ဘတ္တေန၊ ဆွမ်းကို။ အဓိဝါသေတု ကိရာတိ၊ လက်ခံတော်မူပါလော့"ဟူသော။ တေ၊ ဤစကားကို။ အဓိဝါေသ၊ လျှောက်ထားပြီ။ အာယသ္မာ ဥဒါယိ၊ သည်။ တုဏှီဘာဝေန၊ ဆိတ်ဆိတ်နေသဖြင့်။ အဓိဝါသေသိ၊ လက်ခံတော်မူပြီ။ အထ ခေါ၊ ၌။ အာယသ္မာ ဥဒါယိ၊ သည်။ တဿာ ရတ္တိယာ၊ ထိုညဉ့်၏။ အစ္စယေန၊ လွန်သဖြင့်။ ဝါ၊ လွန်သောအခါ၌။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ နိဝါသေတွာ၊ သင်းပိုင်ကို ပြင်ဝတ်၍။ ပတ္တစီဝရံ၊ သပိတ် သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ယေန၊ ၌။ ဝေရဟာစွာနိဂေါ်တ္တာယ၊ သော။ ဗြာဟ္မဏိယာ၊ ၏။ နိဝေသနံ၊ အိမ်သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ပြီး၍။ ပညတ္တေ၊ ခင်းထားအပ်သော။ အာသနေ၊ နေရာ၌။ နိသီဒိ၊ ထိုင်နေပြီ။ အထ ခေါ၊ ၌။ ဝေရဟာစွာနိဂေါ်တ္တာ၊ သော။ ဗြာဟ္မဏီ၊ သည်။ အာယသ္မန္တံ ဥဒါယိံ၊ ကို။ ပဏီတေန၊ မွန်မြတ်သော။ ခါဒနီယေန၊ ခဲဖွယ်ဖြင့်လည်း။ ဘောဇနီယေန၊ ဘောဇဉ်ဖြင့်လည်း။ သဟတ္ထာ၊ မိမိလက်ဖြင့်။ သန္တပ္ပေသိ၊ ရောင့်ရဲစေပြီ။ သမ္ပဝါရေသိ၊ တန်ပြီဟု မြစ်စေပြီ။ အထ ခေါ၊ ၌။ ဝေရဟာစွာနိဂေါ်တ္တာ၊ သော။ ဗြာဟ္မဏီ၊ သည်။ အာယသ္မန္တံ ဥဒါယိံ၊ ကို။ ဘုတ္တာဝိံ၊ ဆွမ်းစားပြီးသည်ကို။ ဩနီတပတ္တပါဏိံ၊ သပိတ်မှ ဖဲအပ်သော လက်ရှိသည်ကို။ (သလ္လက္ခေတွာ၊ ကောင်းစွာမှတ်သား၍။) ပါဒုကာ၊ ခြေနင်းတို့ကို။ အာရောဟိတွာ၊ စီးလျက်။ ဥစ္စေ၊ မြင့်သော။ အာသနေ၊ နေရာ၌။ နိသီဒိတွာ၊ ထိုင်နေ၍။ သီသံ၊ ဦးခေါင်းကို။ ဩဂုဏ္ဌိတွာ၊ ခြုံ၍။ အာယသ္မန္တံ ဥဒါယိံ၊ ကို။ "သမဏ၊ ရဟန်း။ ဓမ္မံ၊ တရားကို။ ဘဏာဟိ၊ ဟောပါလော့"ဟူသော။ တေ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားပြီ။ "ဘဂိနိ၊ နှမ။ သမယော၊ သင့်လျော်လျောက်ပတ်သောအခါသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့"ဟူ၍။ ဝတွာ၊ မိန့်တော်မူ၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ပက္ကမိ၊ ဖဲသွားပြီ။

ဒုတိယမ္ပိ ခေါ၊ နှစ်ကြိမ်မြောက်လည်း။ သော မာဏဝကော၊ သည်။ပ။ မာဏဝကာ၊ လုလင်။ ဝေဒမဝံ၊ ဤသို့သာလျှင်။ တွံ၊ သင်သည်။ သမဏဿ၊ သော။ ဥဒါယိဿ၊ ၏။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ဘာသသိ၊ ပြောဆို၏။ သမဏော ပန ဥဒါယိ၊ သည်ကား။ "သမဏ၊ ရဟန်း။ ဓမ္မံ၊ ကို။ ဘဏာဟိ၊ ဟောပါလော့"ဟူ၍။ ဝုတ္တော၊ ပြောဆိုအပ်သည်။ သမာနော၊ ဖြစ်သည်ရှိသော်။ "ဘဂိနိ၊ နှမ။ သမယော၊ သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့"ဟူ၍။ ဝတွာ၊ ပြောဆို၍။ အာသနာ၊ မှ။ ဥဋ္ဌာယ၊ ထ၍။ ပက္ကန္တော၊ ဖဲသွား၏။ ဣတိ၊ ဤသို့ ပြောဆို၏။ သောဘိ၊ အရှင်မ။ တထာ (တံဝေနံ)၊ ထိုစကားသည်။ ဟိ၊ မှန်၏။ တွံ၊ သင်သည်။ ပါဒုကာ၊ ခြေနင်းတို့ကို။ အာရော-ဟိတွာ၊ စီးလျက်။ ဥစ္စေ၊ သော။ အာသနေ၊ ၌။ နိသီဒိတွာ၊ နေ၍။ သီသံ၊ ဦးခေါင်းကို။ ဩဂုဏ္ဌိတွာ၊ ခြုံ၍။ "သမဏ၊ ရဟန်း။ ဓမ္မံ၊ ကို။ ဘဏာဟိ၊ ဟောပါလော့"ဟူသော။ တေ၊ ကို။ အဝေါစ၊ လျှောက်ထားပြီ[၁]။ ဟိ၊ မှန်၏။ တေ ဘဝန္တော၊ ထိုအရှင်တို့သည်။ ဓမ္မဂရုနော၊ တရား၌

[၁] အဝေါစ-၌ ထုဂ္ဂယောဂဖြစ်၍ ဟိယျတ္တနီ ဖြာ-ကို ဆ-ပြုထား၏။

အလေးအမြတ်ပြုကုန်၏။ မွေဂါရဝါ၊ တရား၌ အရိုအသေပြုကုန်၏။ ဣတိ၊ ဤသို့ ပြောဆို၏။ မာဂဏဝကာ၊ လုလင်။ တေန ဟိ၊ ထိုသို့ဖြစ်လျှင်။ တွံ၊ သင်သည်။ မမ၊ ငါ၏။ ဝစနေန၊ စကားဖြင့်။ သမဏံ ဥဒါယိံ၊ ကို။ သုခံ၊ သွာတနသ ယာ၊ ငါ၏။ ဘတ္တေန၊ ဖြင့်။ နိမန္တေဟိ၊ ပေ့၊။ ဣတိ၊ ဤသို့ပြောဆို၏။ သော မာဏဝကော၊ သည်။ "ဘောတိ၊ အရှင်မ။ ဧဝံ၊ ကောင်းပါပြီ" ဣတိ ခေါ၊ ဤသို့လျှင်။ ဝေရဟစ္စာနိဂေါတ္တာယ၊ သော။ ဗြာဟ္မဏိယာ၊ ၏(စကားကို)။ ပဋိဿုတွာ၊ ၍။ ယေန၊ ၌။ အာယသ္မာ ဥဒါယီ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ပြီး၍။ အာယသ္မန္တံ ဥဒါယိံ၊ ကို။ပ။

အထ ခေါ၊ ၌။ အာယသ္မာ ဥဒါ ၊ သည်။ပ။ အထ ခေါ၊ ၌။ ဝေရဟစ္စာနိဂေါတ္တာ၊ သော။ ဗြာဟ္မဏီ၊ သည်။အာယသ္မန္တံ ဥဒါယိံ၊ကို။ ဘုတ္တာဝိံ၊ကို။ ဩနီတပတ္တပါဏိံ၊ကို။ (သလ္လက္ခေတွာ၊၍။) ပါဒုကာ၊ခြေနင်းတို့ကို။ ဩရောဟိတွာ၊ချွတ်၍။ နီစေ၊ နိမ့်သော။အာသနေ၊ နေရာ၌။နိသီဒိတွာ၊၍။ သီသံ၊ ကို။ ဝိဝရိတွာ၊ ဖွင့်၍။ အာယသ္မန္တံ ဥဒါယိံ၊ ကို။ "ဘန္တေ၊ ရှင်။ ကိသ္မိံ၊ အဘယ်တရားသည်။ သတိ၊ ရှိလတ်သော်။ အရဟန္တော၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ သုခဒုက္ခံ၊ ချမ်းသာ ဆင်းရဲကို။ ပညပေန္တိ နု ခေါ၊ အပြားအားဖြင့် သိစေတတ်ကုန်သနည်း။ ဝါ၊ ပညတ်ကုန်သနည်း။ ကိသ္မိံ၊ အဘယ်တရားသည်။ အသတိ၊ မရှိလတ်သော်။ အရဟန္တော၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ သုခဒုက္ခံ၊ ကို။ န ပညပေန္တိ နုခေါတိ၊ အပြားအားဖြင့် မသိစေတတ်ကုန်သနည်း ဟူသော။ ဝါ၊ မပညတ်ကုန်သနည်း" ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားပြီ။ ဘဂိနိ၊ နှမ။ စက္ခုသ္မိံ၊ စက္ခုပသာဒသည်။ သတိ၊ သော်။ အရဟန္တော၊ တို့သည်။ သုခဒုက္ခံ၊ ကို။ ပညပေန္တိ၊ ကုန်၏၊ စက္ခုသ္မိံ၊ သည်။ အသတိ၊ သော်။ အရဟန္တော၊ တို့သည်။ သုခဒုက္ခံ၊ ကို၊ န ပညပေန္တိ၊ ကုန်။ပ။ န ပညပေန္တိ၊ ကုန်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဟောတော်မူအပ်သည်ရှိသော်။ ဝေရဟစ္စာနိဂေါတ္တာ၊ သော။ ဗြာဟ္မဏီ၊ သည်။ အာယသ္မန္တံ ဥဒါယိံ၊ ကို၊ (အကြွင်း ရှေးနည်းအတိုင်းချဲ့လေ။) ဧဝမေဝံ၊ ဤအတူသာလျှင်။ အယျေန ဥဒါယိနာ၊ အရှင်ဥဒါယီသည်။ အနေကပရိယာယေန၊ ဖြင့်။ ဓမ္မော၊ ကို။ပကာသိတော၊ ထင်ရှားပြတော်မူအပ်ပြီ။ အယျ ... ဒါယိ၊ အရှင်ဥဒါယီ။ သာဟံ၊ ဤတပည့်တော်မသည်။ တံ ဘဂဝန္တံ၊ ကိုရင်း။ ဓမ္မဉ္စ၊ ကိုရင်း။ ဘိက္ခုသံဃဉ္စ၊ ကိုရင်း။ သရဏံ၊ ဟူ၍။ ဂစ္ဆာမိ၊ ၏။ အယျော ဥဒါယိ၊ အရှင် ဥဒါယီသည်။ မံ၊ တပည့်တော်မကို။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ ၍။ သရဏံ ဂတံ၊ သော။ ဥပါသိကံ၊ ဥပါသိကာမဟူ၍၊ ဓာရေတု၊ မှတ်တော်မူပါလော့။ ဣတိ၊ ဤသို့ လျှောက်ထား၏။ (ဣတိ၊ ၏။)

ခဆမ၊ ဆယ်ခုမြောက်သောသုတ်တည်း။

တတိယော၊ သုံးခုမြောက်သော။ ဂဟပတိဝဂ္ဂေါ၊ ဂဟပတိဝဂ်သည်။

နိဋ္ဌိတော၊ ပြီးပြီ။

တဿ၊ ထိုဂဟပတိဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

ဝေသာလီ စ၊ ဝေသာလီသုတ်ရင်း။ ဝဇ္ဇီ စ၊ ဝဇ္ဇီသုတ်ရင်း။ နာဠန္ဒာ စ၊ နာဠန္ဒာသုတ်ရင်း။ ဘာရဒွါဇ စ၊ ဘာရဒွါဇသုတ်ရင်း။ သောဏော စ၊ သောဏသုတ်ရင်း။ ဃောသိတော စ၊

သောဘိတသုတ်ငှ်း။ ဟာလိဒ္ဒိကော ၏၊ ဟာလိဒ္ဒိကာနိသုဉ်ငှ်း၊ နကုလပိတာ ၏၊ နကုလပိတုသုတ်ငှ်း၊ လောဟိစ္စော ၏၊ လောဟိစ္စသုတ်ငှ်း၊ ဝေရဟစ္စာနိ ၏၊ ဝေရဟစ္စာနိသုတ်ငှ်း၊ ဣတိ၊ ဤသို့၊ ဒသ၊ ဆယ်သုတ်တို့တည်း၊ ဣတိ၊ ဤသည်လျှင် ဆိုရာစကား တရပ် အပြီးသတ်သတည်း။

---

## (၁၄) ၄-ဒေဝဒဟဝဂ်

### ၁ ဒေဝဒဟသုတ်

၁၃၄။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ သည်၊ သက္ကေသု၊ သက္ကတိုင်း၌။ ဒေဝဒဟံနာမ၊ ဒေဝဒဟမည်သော။ သက္ယာနံ၊ သာကီဝင်မင်းမျိုးတို့၏။ နိဂမော၊ နိဂုံးသည်။ (အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုနိဂုံး၌။) ဝိဟရတိ၊ နေတော်မူ၏၊ တတြ၊ ထိုသို့နေတော်မူသောအခါ၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ ရဟန်းတို့ကို—ဘိက္ခဝေ၊ တို့။ အဟံ၊ ငါဘုရားသည်။ သဗ္ဗေသံ ယေဝ ဘိက္ခူနံ၊ အလုံးစုံကုန်သော ရဟန်းတို့သည်သာလျှင်။ ဆသု၊ ၆-ပါးကုန်သော။ ဖဿာယတနေသု၊ ဖဿာယတနတို့၌။ အပ္ပမာဒေန၊ မမေ့မလျော့သောသတိဖြင့်။ ကရဏီယန္တိ ၏၊ ပြုအပ်၏ဟူ၍လည်း။ န ဝဒါမိ၊ ဟောတော်မမူ။ ဘိက္ခဝေ၊ တို့။ အဟံ၊ သည်။ သဗ္ဗေသံ ယေဝ ဘိက္ခူနံ၊ ထိုသည်သာလျှင်။ ဆသု၊ ကုန်သော။ ဖဿာယတနေသု၊ တို့၌။ အပ္ပမာဒေန၊ ဖြင့်။ န ကရဏီယန္တိ ၏၊ မပြုအပ်ဟူ၍လည်း။ န ဝဒါမိ၊ ဟောတော်မမူ။ ဘိက္ခဝေ၊ တို့။ ယေ တေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ အရဟန္တော၊ ကိလေသာတို့မှဝေးကုန်၏။ ခီဏာသဝါ၊ ကုန်ပြီးသောအာသဝေါတရားရှိကုန်၏။ ဝုသိတဝန္တော၊ အကျင့်မြတ်ကို ကျင့်သုံးပြီးကုန်၏။ ကတကရဏီယာ၊ ပြုအပ်ပြီးသော (၁၆) ပါးသော မဂ်ကိစ္စရှိကုန်၏။ ဩဟိတဘာရာ၊ ချထားအပ်ပြီးသော ခန္ဓာစသော ဝန်ရှိကုန်၏။ အနုပ္ပတ္တသဒတ္ထာ၊ အစဉ်အားဖြင့် ရောက်အပ်သော မိမိအကျိုးတည်းဟူသော အရဟတ္တဖိုလ် ရှိကုန်၏။ ပရိက္ခီဏဘဝသံယောဇနာ၊ ကုန်ပြီးသော ဘဝသံယောဇဉ် ရှိကုန်၏။ သမ္မာ၊ ကောင်းစွာ။ အညာ (အညာယ)၊ သိကုန်၍။ ဝိမုတ္တာ၊ ကိလေသာတို့မှ လွတ်ကုန်၏။ ဘိက္ခဝေ၊ တို့။ အဟံ၊ သည်။ တေသံ ဘိက္ခူနံ၊ ထိုရဟန်းတို့သည်။ ဆသု၊ ကုန်သော။ ဖဿာယတနေသု၊ တို့၌။ အပ္ပမာဒေန၊ ဖြင့်။ န ကရဏီယန္တိ၊ ဟူ၍။ ဝဒါမိ၊ ၏။ တံ၊ ထိုသို့ ဟောတော်မူခြင်းသည်။ ကိဿ ဟေတု၊ အဘယ်မည်သောအကြောင်းကြောင့်နည်း။ တေသံ၊ ထိုရဟန်းတို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့သောသတိဖြင့်။ ကတံ၊ ပြုအပ်ပြီ။ တေ၊ ထိုရဟန်းတို့သည်။ ပမဇ္ဇိတုံ၊ မေ့လျော့ခြင်းငှါ။ အဘဗ္ဗာ၊ မထိုက်ကုန်။ (တသ္မာ၊ ထိုကြောင့်တည်း။) ဘိက္ခဝေ၊ တို့။ ယေ စ ခေါ တေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ သေက္ခာ၊ ကျင့်ဆဲဖြစ်ကုန်၏။ အပ္ပတ္တမာနသာ၊ မရောက်သေးသော အရဟတ္တဖိုလ် ရှိကုန်၏။ အနုတ္တရံ၊ အတုမရှိသော။ ယောဂက္ခေမံ၊ ယောဂလေးပါးတို့၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ကို။ ပတ္ထယမာနာ၊ တောင့်တကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကုန်၏။ ဘိက္ခဝေ၊ တို့။ အဟံ၊ သည်။ တေသံ ဘိက္ခူနံ၊ ထိုသေက္ခဖြစ်ကုန်သော ရဟန်းတို့သည်။ ဆသု၊ ကုန်သော။ ဖဿာယတနေသု၊ တို့၌။ အပ္ပမာဒေန၊ ဖြင့်။ ကရဏီယန္တိ၊ ဟူ၍။ ဝဒါမိ၊ ၏။ တံ၊ ထိုသို့ဟောတော်မူခြင်းသည်။ ကိဿ ဟေတု၊ နည်း။ ဘိက္ခဝေ၊ တို့။ မနောရမာပိ၊ စိတ်နှလုံးကို မွေ့လျော်စေတတ်သည်လည်း ဖြစ်ကုန်သော။ အမနောရမာပိ၊ စိတ်နှလုံးကို မမွေ့လျော်စေတတ်သည်လည်း ဖြစ်ကုန်သော။ စက္ခုဝိညေယျာ၊ စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ရူပါ၊ ရူပါရုံတို့

သည်။ သန္တိ၊ ရှိကုန်၏။ ဘေ၊ ထိုရှုပါရုံတို့သည်။ အထ၊ ထိုရဟန်း၏။ စိတ္တံ၊ စိတ်ကို။ ဝါ၊ သို့။ ဗုဒ္ဓ ဖုဋ္ဌ၊ တွေ့ထိ၍ တွေ့ထိ၍။ ဝါ၊ ရောက်၍ရောက်၍။ ပရိယာဒါယ၊ ကုန်စေ၍။ န တိဋ္ဌန္တိ၊ မတည်ကုန်။ စေတသော၊ စိတ်ကို။ အပရိယာဒိန္နာ၊ မကုန်စေသောကြောင့်။ ဝီရိယံ၊ လုံ့လသည်။ အာရဒ္ဓံ၊ အားထုတ်အပ်သည်။ အသလ္လီနံ၊ တွန့်တိုခြင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။ သတိ၊ သတိသည်။ ဥပဋ္ဌိတာ၊ အာရုံသို့ ကပ်၍ တည်သည်။ အသမ္မုဋ္ဌာ၊ မပျောက်ပျက်သည်။ (ဟောတိ၊ ၏။) ကာယော၊ ကိုယ်သည်။ ပဿဒ္ဓေါ၊ ငြိမ်းခြင်းမှ ငြိမ်းသည်။ အသာရဒ္ဓေါ၊ ပူပန်ခြင်းမရှိသည်။ (ဟောတိ၊ ၏။) စိတ္တံ၊ စိတ်သည်။ သမာဟိတံ၊ အာရုံ၌ကောင်းစွာထားအပ်သည်။ ဧကဂ္ဂံ၊ တခုတည်းသောအာရုံရှိသည်။ (ဟောတိ၊ ၏။ တဿာ၊ ကြောင့်တည်း။) ဘိက္ခဝေ၊ တို့။ အယံ၊ ဤသည်ကား၊ ဝုစ္စတိ၊ ... ပမာဒဝိဟာရီ၊ ... ဤမမေ့မလျော့ခြင်း၏ အကျိုးကို။ သမ္မာ၊ ကောင်းစွာမြင်တော်မူသည်ဖြစ်၍။ ဘေသံ ဘိက္ခုနံ၊ ထိုရဟန်းတို့သည်။ ဆသု၊ ကုန်သော။ ဖဿာယတနေသု၊ တို့၌။ အပ္ပမာဒေန၊ ဖြင့်။ ကရဏီယန္တိ၊ ဟူ၍။ ဝဒါမိ၊ မှ၏။ (အကြွင်း လွယ်၏ နည်းတူပေးလေ။) ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူပြီ။ ဣတိ၊ ၏။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

## ၂-ဓာဿုတ်

၁၁၅။ ဘိက္ခဝေ၊ တို့။ ဝေါ၊ သင်တို့သည်။ လာဘာ၊ အရတော်ကုန်၏။ ဘိက္ခဝေ၊ တို့။ ဝေါ၊ သင်တို့သည်။ သုလဒ္ဓံ၊ ကောင်းစွာရအပ်ပေ၏။ ဝေါ၊ သင်တို့သည်။ ဗြဟ္မစရိယဝါသာယ၊ မြတ်သော အကျင့်ကိုကျင့်ခြင်းငှါ။ ခဏော၊ အခါအခွင့်ကို။ ပဋိလဒ္ဓေါ၊ ရအပ်ပေ၏။ ဘိက္ခဝေ၊ တို့။ မယာ၊ ငါဘုရားသည်။ ဆဖဿာယတနိကာ နာမ၊ ဆဖဿာယတနိက မည်ကုန်သော[1]။ နိရယာ၊ ငရဲတို့ကို။ ဒိဋ္ဌာ၊ မြင်အပ်ကုန်၏။ တတ္ထ၊ ထိုငရဲတို့၌။ ဧကျွနာ၊ မျက်စိဖြင့်။ ယံ ကိဉ္စိ၊ အမှတ်မရှိ တစုံ တခုသော။ ရူပံ၊ ရူပါရုံကို။ ပဿတိ၊ မြင်၏။ အနိဋ္ဌရူပံယေဝ၊ အလိုမရှိအပ်သော ရူပါရုံကိုသာလျှင်။ ပဿတိ၊ မြင်၏။ ဣဋ္ဌရူပံ၊ အလိုရှိအပ်သော ရူပါရုံကို။ နော ပဿတိ၊ မမြင်။ အကန္တရူပံယေဝ၊ မနှစ်သက်အပ်သော ရူပါရုံကိုသာလျှင်။ ပဿတိ၊ မြင်၏။ ကန္တရူပံ၊ နှစ်သက်အပ်သောရူပါရုံကို။ နော ပဿတိ၊ မမြင်။ အမနာပရူပံယေဝ၊ စိတ်နှလုံးကို မပွါးစေတတ်သော ရူပါရုံကိုသာလျှင်။ ပဿတိ၊ မြင်၏။ မနာပရူပံ၊ စိတ်နှလုံးကို ပွါးစေတတ်သော ရူပါရုံကို။ နော ပဿတိ၊ မမြင်။ပ။ ဘိက္ခဝေ၊ တို့။ မယာ၊ သည်။ ဆဖဿာယတနိကာ နာမ၊ မည်ကုန်သော။ သဂ္ဂါ၊ နတ်ပြည်တို့ကို။ ဒိဋ္ဌာ၊ မြင်အပ်ကုန်၏။ တတ္ထ၊ ထိုနတ်ပြည်တို့၌။ စက္ခုနာ၊ ဖြင့်။ ယံ ကိဉ္စိ၊ သော။ ရူပံ၊ ကို။ ပဿတိ၊ မြင်၏။ ဣဋ္ဌရူပံယေဝ၊ အလိုရှိအပ်သော ရူပါရုံကိုသာလျှင်။ ပဿတိ၊ ၏။ အနိဋ္ဌရူပံ၊ ကို။ နော ပဿတိ၊ မမြင်။(အကြွင်းလွယ်ပြီ ပေးမြဲ။) ဣတိ၊ ဤသို့ ဟောတော်မူ၏။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

---

၁။ ဆဖဿာယတနိကာတိ ဆဟိ ဖဿာယတနေဟိ အနိဋ္ဌသံဝေဒနီယာ။ (ဋီကာ) ရှင်ဋီကာအရ ဖဿာ အာယတနသိ ဖဿာယတနသို့။ ဘေဟိ ဝေဒနီယာ ဆဖဿာယတနိကာဟူ၍ ဆဖဿာယတနိကာ နာမ၊ ခြောက်ပါးသော ဖဿ၏ တည်ရာ (အကြောင်း) တို့ဖြင့် အနိဋ္ဌာရုံကို ခံစားအပ်သည် မည်ကုန်သော ဟူ၍ ပေးလေ။

## ၃-ပဌမရူပါရာမသုတ်

၁၃၆။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ ရူပါရာမာ၊ ရူပါရုံ၌လျှင် မွေ့လျော်ရာရှိကုန်၏။ ရူပရတာ၊ ရူပါရုံ၌မွေ့လျော်ထတ်ကုန်၏။ ရူပသမ္မုဒိတာ၊ ရူပါရုံ၌ဝမ်းမြောက်ထတ်ကုန်၏။ ဘိက္ခဝေ၊ တို့။ ဒေဝမနုဿာ၊ တို့သည်။ ရူပဝိပရိဏာမဝိရာဂနိရောဓာ၊ ရူပါရုံ၏ဖောက်ပြန်ခြင်း, ပျက်စီးခြင်း, ချုပ်ခြင်းကြောင့်။ ဒုက္ခာ၊ ဆင်းရဲခြင်းရှိကုန်သည်ဖြစ်၍[၁]။ ဝိဟရန္တိ၊ နေကုန်၏။ ဘိက္ခဝေ၊ တို့။ ဒေဝမနုဿာ၊ တို့သည်။ သဒ္ဒါရာမာ၊ သဒ္ဒါရုံ၌လျှင် မွေ့လျော်ရာရှိကုန်၏။ သဒ္ဒရတာ၊ သဒ္ဒါရုံ၌မွေ့လျော်ထတ်ကုန်၏။ သဒ္ဒသမ္မုဒိတာ၊ သဒ္ဒါရုံ၌ ဝမ်းမြောက်ထတ်ကုန်၏။ ဘိက္ခဝေ၊ တို့။ ဒေဝမနုဿာ၊ တို့သည်။ သဒ္ဒဝိပရိဏာမဝိရာဂနိရောဓာ၊ သဒ္ဒါရုံ၏ဖောက်ပြန်ခြင်း, ပျက်စီးခြင်း, ချုပ်ခြင်းကြောင့်။ ဒုက္ခာ၊ ဆင်းရဲခြင်းရှိကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကုန်၏။ပ။ ဘိက္ခဝေ၊ တို့။ အရဟံ၊ တဆောင်ငါးရာ ကိလေသာတို့မှ လွန်စွာဝေးတော်မူသော။ သမ္မာသမ္ဗုဒ္ဓေါ၊ မဖောက်မပြန်, အယမ္ဘုဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် အလုံးစုံသောတရားတို့ကို သိတော်မူသော။ တထာဂတော စ ခေါ်၊ ငါဘုရားသည်ကား။ ရူပါနံ၊ ရူပါရုံတို့၏။ သမုဒယဉ္စ၊ ဖြစ်ခြင်းကိုငှင်း။ အတ္ထင်္ဂမဉ္စ၊ ချုပ်ခြင်းကိုငှင်း။ အဿာဒဉ္စ၊ သာယာဖွယ်ကိုငှင်း။ အာဒီနဝဉ္စ၊ အပြစ်ကိုငှင်း။ နိဿရဏဉ္စ၊ ထွက်မြောက်ရာနိဗ္ဗာန်ကိုငှင်း။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဝိဒိတွာ၊ သိ၍။ ရူပါရာမော၊ ရူပါရုံ၌လျှင်မွေ့လျော်ရာရှိသည်။ န ဟောတိ၊ မဖြစ်။ ရူပရတော၊ ရူပါရုံ၌ မွေ့လျော်ထတ်သည်။ န ဟောတိ၊ မဖြစ်။ ရူပသမ္မုဒိတော၊ ရူပါရုံ၌ ဝမ်းမြောက်ထတ်သည်။ န ဟောတိ၊ မဖြစ်။ ဘိက္ခဝေ၊ တို့။ တထာဂတော၊ သည်။ ရူပဝိပရိဏာမဝိရာဂနိရောဓာ၊ ရူပါရုံ၏ဖောက်ပြန်ခြင်း, ပျက်စီးခြင်း, ချုပ်ခြင်းကြောင့်။ သုခေါ၊ ချမ်းသာခြင် ရှိသည်ဖြစ်၍[၂]။ ဝိဟရတိ၊ နေတော်မူ၏။ပ။ ဘဂဝါ၊ သည်။ ဣဒံ၊ ဤ ရူပါရာမာ ဘိက္ခဝေ စသောစကားကို။ အဝေါစ၊ မိန့်တော်မူပြီ။ သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူထတ်သော။ သတ္ထာ၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဣဒံ၊ ဤရူပါရာမာ ဘိက္ခဝေ စသော စကားကို။ ဝတွာန၊ မိန့်တော်မူပြီး၍။ အထာပရံ၊ ထိုမှထပါးသော —

ဣဋ္ဌာ၊ အလိုရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ စိတ်နှလုံးကို ပွါးစေတတ်ကုန်သော။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ ကေဝလာ၊ အလုံးစုံကုန်သော။ ရူပါ စ၊ ရူပါရုံတို့သည်ငှင်း။ သဒ္ဒါ စ၊ သဒ္ဒါရုံတို့သည်ငှင်း။ ရသာ စ၊ ရသာရုံတို့သည်ငှင်း။ ဂန္ဓာ စ၊ ဂန္ဓာရုံတို့သည်ငှင်း။ ဖဿာ စ၊ ဖောဋ္ဌဗ္ဗာရုံတို့သည်ငှင်း။ ဓမ္မာ စ၊ ဓမ္မာရုံတို့သည်ငှင်း။ အတ္ထိ၊ ရှိကုန်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

စေတေ၊ ဤဣဋ္ဌ, ကန္တ, မနာပဖြစ်ကုန်သော ရူပါရုံစသည်တို့ကို။ (ဝေါကား နိပါတ်မျှ။) သဒေဝကဿ၊ နတ်နှင့်တကွသော။ လောကဿ၊ သတ္တလောကအပေါင်းသည်။ သုခသမ္မတာ၊ ချမ်းသာဟူ၍ သမုတ်အပ်ကုန်၏။ ယတ္ထ စ၊ အကြင်နိဗ္ဗာန်၌ကား။ ဧတေ၊ ဤဣဋ္ဌ,ကန္တ, မနာပဖြစ်ကုန်သော ရူပါရုံ စသည်တို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ တံ၊ ထိုနိဗ္ဗာန်ကို။ တေသံ၊ ထိုနတ်နှင့်တကွသော လူတို့သည်။ ဒုက္ခသမ္မတံ၊ ဆင်းရဲဟူ၍ သမုတ်အပ်၏။

---

၁။ ဝုဋ္ဌ ၁ထိ ဒုက္ခိတာ။ ဋ္ဌ။ ဒုက္ခာတိ ဒုက္ခဝင္ကော။ ဋီ။ ဒုက္ခာ ခေတသံ အတ္ထိတိ ဒုက္ခာဟုပြ။

၂။ သုခေါကား သဒ္ဒါတို့ကဲ့သို့ ဘာသာတွင်တမ္ပိတ်ပုဒ်တည်း။ သုခံဒိုက် သုခတတ် ဘဟုဗ္ဗီဟိ ကိတ်ပုဒ်၊ သုခံ အဿ အတ္ထိတိ သုခေါ ဟု ဝိဂ္ဂဟ ပြု၍ သဒ္ဒါသိသော ထပ်ဖြင့် ထပ်မှည်း သက်၍ သုခေါဟု ပြီးသည်။

သက္ကာယဿ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်း၏။ နိရောဓံ၊ ချုပ်ရာဖြစ်သောနိဗ္ဗာန်ကို။ သုခံ၊ ချမ်းသာဟူ၍။ အရိယေဟိ၊ အရိယာပုဂ္ဂိုလ်တို့သည်။ ဒိဋ္ဌံ၊ မြင်အပ်၏။ ပဿတံ၊ နိဗ္ဗာန်ကိုမြင်ကုန်သော အရိယာပညာရှိတို့ ။ ဣဒံ၊ ဤသုခဟု မြင်ခြင်းသည်၊ သဗ္ဗလောကေန၊ အလုံးစုံသောလောကနှင့်။ ပစ္စနီကံ၊ ဆန့်ကျင်ဘက်သည်။ ဟောတိ၊ ဖြစ်၏။

ယံ၊ အကြောင်းရှုပါရုံစသည်ကို။ ပရေ၊ အရိယာပုဂ္ဂိုလ်တို့မှတပါးကုန်သော ပုထုဇ္ဇန်မိုက်တို့သည်။ သုခတော၊ ချမ်းသာဟူ၍။ အာဟု၊ ဆိုကုန်ပြီ။ တံ၊ ထိုရူပါရုံစသည်ကို။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ ဒုက္ခတော၊ ဆင်းရဲဟူ၍။ အာဟု၊ ဆိုကုန်ပြီ။ ယံ၊ အကြောင်းရှုပါရုံစသည်တို့၏ချုပ်ရာနိဗ္ဗာန်ကို။ ပရေ၊ အရိယာပုဂ္ဂိုလ်တို့မှ တပါးကုန်သော ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့သည်။ ဒုက္ခတော၊ ဆင်းရဲဟူ၍။ အာဟု၊ ဆိုကုန်ပြီ။ တံ၊ ထိုရူပါရုံစသည်တို့၏ ချုပ်ရာနိဗ္ဗာန်ကို။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ သုခတော၊ ချမ်းသာဟူ၍။ ဝိဒူ၊ သိကုန်၏။

ဒုရာဇာနံ၊ သိနိုင်ခဲသော။ ဓမ္မံ၊ နိဗ္ဗာန်တည်းဟူသောတရားကို။ ပဿ၊ ရှုပါလော့။ အဝိဒ္ဒသူ၊ သူမိုက်တို့သည်။ ဧတ္ထ၊ ဤနိဗ္ဗာန်၌၊ သမ္မူဠှာ၊ တွေဝေကုန်၏။ နိဝုတာနံ၊ ကိလေသာ နိဝရဏသည် ပိတ်ပင် တားဆီးအပ်ကုန်သောသူတို့၏။ တမော၊ အမိုက်မှောင်သည်။ ဟောတိ၊ ဖြစ်၏။ အပဿတံ၊ နိဗ္ဗာန်ကို မမြင်ကုန်သောသူတို့၏။ အန္ဓကာရော၊ အမိုက်တိုက်သည်။ (ဟောတိ၊ ဖြစ်၏။)

သတဉ္စ၊ သူတော်ကောင်းတို့၏ကား။ ပဿတံ၊မျက်စိမြင်သူတို့၏။ အာလောကော ဣဝ၊ အရောင်အလင်းကဲ့သို့ ။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဝိဝဋံ၊ ဟင်းလင်းပွင့်သည်၊ ဟောတိ၊ ၏။ ဓမ္မဿ၊ အရိယမဂ်တရား၌။ ဝါသန္တာ ငါးပါးတရား၌။ အကောဝိဒါ၊ မလိမ္မာကုန်သော။ မဂါ၊ သတ္တဝါတို့သည် [၂]။ နိဗ္ဗာနံ၊ နိဗ္ဗာန်၏ ... သန္တိကေ၊ နီးပါလျက်။ န ဝိဇာနန္တိ၊ မသိမမြင်နိုင်ကုန်။

ဘဝရာဂပရေတေဟိ၊ ဘဝရာဂသည် နှိပ်စက်အပ်ကုန်သော။ ဘဝရာဂါနုသာရိဘိ၊ ဘဝရာဂသို့အစဉ်လိုက်ဘတ်ကုန်သော။ မာရဓေယျာနုပန္နေဟိ၊ မာရ်၏တည်ရာဖြစ်သော တေဘူမကဝဋ်တရားသို့ အစဉ်ရောက်ကုန်သောသူတို့သည်။ အယံ ဓမ္မော၊ ဤနိဗ္ဗာန်တည်းဟူသောတရားကို။ န သုသမ္ဗုဒ္ဓေါ၊ လွယ်ကူစွာမသိအပ်။

အရိယေဘိ၊ အရိယာပုဂ္ဂိုလ်တို့ကို။ အညတြ၊ ထား၍။ ကော၊ အဘယ်သူသည်။ ပဒံ၊ နိဗ္ဗာန်ကို။ သမ္ဗုဒ္ဓုံ၊ ကောင်းစွာသိခြင်းငှါ။ အရဟတိ နု၊ ထိုက်ပါအံ့နည်း။ ယံ ပဒံ၊ ယင်းနိဗ္ဗာန်ကို။ သမ္မာ၊ ကောင်းစွာ။ အညာယ၊ သိကုန်၍။ အနာသဝါ၊ အာသဝေါတရား မရှိကုန်သည်ဖြစ်၍။ ပရိနိဗ္ဗန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်၏ဟူသော။ တေ၊ ဤဂါထာစကားကို။ အဝေါစ၊ ပြီ။

တတိယံ၊ သုံးခုမြောက်ဖြစ်သောသုတ်ဘည်း။

---

၁။ ပ သႏၲော မိဝဒ္ဓ မဓမ္မာ အရဟတာ မိဝ-ဒ္ဓကဲ့သို့ပုင်း ဘုဿသိဝ-ဒ္ဓကဲ့သို့ငြင်း ပဿထံ ဣဝ-ဟု ဖှာ်ဖြတ်လေ။

၂။ မဟာဋီကာ ဧနာ-ဟု အဋ္ဌကထာဖွင့်သည်ကိုထောက်၍ မဂါ-ပုဒ်ကို 'သတ္တဝါတို့သည်'ဟု အနက်ပေးလိုက်၏၊ မဂ္ဂါ-ဟုရှိသည်ကား အနက်မရ။ သုတ္တန်၊ ၃၉၇-၌သည်မှ။

### ၄-ဒုတိယရူပါရာမသုတ်

၁၃၇။ ဘိက္ခဝေ၊ တို့။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ ရူပါရာမာ၊ ရူပါရုံ၌ မွေ့လျော်ကုန်၏။ (ဤသုတ်သည် ပဌမရူပါရာမသုတ်နှင့် အလုံးစုံတူ၏။ ပေးမြဲ။)

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

### ၅-ပဌမနတုမှာကသုတ်

၁၃၈။ ဘိက္ခဝေ၊ တို့။ ယံ၊ အကြင်သဘောတရားသည်။ တုမှာကံ၊ သင်တို့၏ (ဥစ္စာသည်)။ န၊ မဟုတ်။ တံ၊ ထိုသဘောတရားကို။ ပဇဟထ၊ ပယ်စွန့်ကြကုန်လော့။ တံ၊ ထိုသဘောတရားကို။ ဝေါ၊ သင်တို့သည်။ ပဟီနံ၊ ပယ်အပ်သည်ရှိသော်။ ဟိတာယ၊ အစီးအပွါးအလို့ငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ (ဤသုတ်သည် စာပိုဒ် ၁၀၁-ပဌမနတုမှာကသုတ်နှင့် အလုံးစုံတူ၏။ ပေးမြဲ။)

ပဥ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

### ၆-ဒုတိယနတုမှာကသုတ်

၁၃၉။ (ဤသုတ်သည်း စာပိုဒ် ၁၀၂-ဒုတိယနတုမှာက သုတ်နှင့်တူ၏။ ပေးမြဲ။)

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

### ၇-အဇ္ဈတ္တအနိစ္စဟေတုသုတ်

၁၄၀။ ဘိက္ခဝေ၊ တို့။ စက္ခုံ၊ စက္ခုပသာဒသည်။ အနိစ္စံ၊ မမြဲ။ စက္ခုဿ၊ စက္ခုပသာဒ၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ ယောပိ ဟေတု၊ အကြင်အကြောင်းရင်းသည်၎င်း။ ယောပိ ပစ္စယော၊ အကြင်အထောက်အပံ့ဖြစ်သော အကြောင်းသည်၎င်း။ (အတ္ထိ၊ ရှိ၏။) သောပိ၊ ထိုအကြောင်းသည်လည်း။ အနိစ္စော၊ မမြဲ။ ဘိက္ခဝေ၊ တို့။ အနိစ္စသမ္ဘူတံ၊ အနိစ္စကြောင့်ဖြစ်သော။ စက္ခုံ၊ စက္ခုပသာဒသည်။ ကုတော၊ အဘယ့်ကြောင့်။ နိစ္စံ၊ မြဲသည်။ ဘဝိဿတိ၊ ဖြစ်ပါအံ့နည်း။ (အကြွင်း လွယ်၏၊ ပေးမြဲ။) ဤတိ၊ ဤသို့ မိန့်တော်မူပြီ။

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

### ဂ-အဇ္ဈတ္တဒုက္ခဟေတုသုတ်

၁၄၁။ ဘိက္ခဝေ၊ တို့။ စက္ခုံ၊ သည်။ ဒုက္ခံ၊ ဆင်းရဲ၏။ စက္ခုဿ၊ ၏။ ဥပ္ပါဒါယ၊ ငှါ။ ယောပိ ဟေတု၊ သည်၎င်း။ ယောပိ ပစ္စယော၊ သည်၎င်း။ (အတ္ထိ၊ ၏။) သောပိ၊ သည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ ဘိက္ခဝေ၊ တို့။ ဒုက္ခသမ္ဘူတံ၊ ဒုက္ခကြောင့်ဖြစ်သော။ စက္ခုံ၊ သည်။ ကုတော၊ အဘယ့်ကြောင့်။ သုခံ၊ ချမ်းသာသည်။ ဘဝိဿတိ၊ နည်း။ (အကြွင်း လွယ်၏၊ ပေးမြဲ။) ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-အဇ္ဈတ္တာနတ္တဟေတုသုတ်

၁၄၂။ ဘိက္ခဝေ၊ တို့။ စက္ခု၊ သည်။ အနတ္တာ၊ အတ္တမဟုတ်။ ဝါ၊ အစိုးမရ။ စက္ခုဿ၊ ၏။ ဥပ္ပါဒါယ၊ ငှါ။ ယောပိ ဟေတု၊ သည်၎င်း။ ယောပိ ပစ္စယော၊ သည်၎င်း။ (အတ္ထိ၊ ၏။) သောပိ၊ သည်လည်း။ အနတ္တာ၊ အတ္တမဟုတ်။ ဝါ၊ အစိုးမရ။ ဘိက္ခဝေ၊ တို့။ အနတ္တသမ္ဘူတံ၊ အနတ္တကြောင့်ဖြစ်သော။ စက္ခု၊ သည်။ ကုတော၊ အဘယ်ကြောင့်။ အတ္တာ၊ အတ္တသည်။ ဘဝိဿတိ၊ နည်း။ (အကြောင်း လွယ်၏၊ ပေးမြဲ။) ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-ဗာဟိရာနိစ္စဟေတုသုတ်

၁၄၃။ ဘိက္ခဝေ၊ တို့။ ရူပါ၊ ရူပါရုံတို့သည်။ အနိစ္စာ၊ ကုန်။ ရူပါနံ၊ တို့၏။ ဥပ္ပါဒါယ၊ ငှါ။ ယောပိ ဟေတု၊ သည်၎င်း။ ယောပိ ပစ္စယော၊ သည်၎င်း။ (အတ္ထိ၊ ၏။) သောပိ၊ သည်လည်း။ အနိစ္စော၊ မမြဲ။ ဘိက္ခဝေ၊ တို့။ အနိစ္စသမ္ဘူတာ၊ ကုန်သော။ ရူပါ၊ တို့သည်။ ကုတော၊ ကြောင့်။ နိစ္စာ၊ မြဲကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်အံ့နည်း။ (အကြောင်း လွယ်၏၊ ပေးမြဲ။) ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

## ၁၁-ဗာဟိရဒုက္ခဟေတုသုတ်

၁၄၄။ ဘိက္ခဝေ၊ တို့။ ရူပါ၊ တို့သည်။ ဒုက္ခာ၊ ကုန်၏။ (ဤသုတ်လည်း လွယ်၏။)

ဧကာဒသမံ၊ တဆဲ့တခုမြောက်သောသုတ်တည်း။

## ၁၂-ဗာဟိရာနတ္တဟေတုသုတ်

၁၄၅။ ဘိက္ခဝေ၊ တို့။ ရူပါ၊ တို့သည်။ အနတ္တာ၊ ကုန်။ (ဤသုတ်လည်း လွယ်၏။)

ဒွါဒသမံ၊ တဆဲ့နှစ်ခုမြောက်သောသုတ်တည်း။

စတုတ္ထော၊ သော။ ဒေဝဒဟဝဂ္ဂေါ၊ သည်။
နိဋ္ဌိတော၊ ပြီးပြီ။

တဿ၊ ထိုဒေဝဒဟဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

ဒေဝဒဟော စ၊ ဒေဝဒဟသုတ်၎င်း။ ခဏော စ၊ ခဏသုတ်၎င်း။ ဒွေ၊ နှစ်ပါးကုန်သော။ ရူပါ စ၊ ပဌမရူပါရာမသုတ်, ဒုတိယရူပါရာမသုတ်တို့၎င်း။ ဒွေ၊ ကုန်သော။ နတုမှာကမေဝ စ၊ ပဌမနတုမှာကသုတ်, ဒုတိယနတုမှာကသုတ်တို့၎င်း။ ဒုဝေ အဇ္ဈတ္တဗာဟိရေ၊ အဇ္ဈတ္တဗာဟိရသဒ္ဒါနှစ်ခုဖြင့် မှတ်အပ်ကုန်သော။ ဟေတုနာပိ၊ ဟေတုသဒ္ဒါဖြင့်လည်း။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ တယော စ၊ အဇ္ဈတ္တာနိစ္စဟေတု ဗာဟိရာနိစ္စဟေတုသုတ်, အဇ္ဈတ္တဒုက္ခဟေတု ဗာဟိရဒုက္ခဟေတုသုတ်, အဇ္ဈတ္တာနတ္တဟေတု ဗာဟိရာနတ္တဟေတုသုတ်အားဖြင့် သုံးသုတ်တို့၎င်း။ (အစုံ အစုံသုံးသုတ်, အသီးအသီးအားဖြင့်ကား ခြောက်သုတ်ဟူလို။) ဣတိ၊ ဤသည်တည်း။

## ( ၁၅ ) ၅-နဝပုရာဏဝဂ်

### ၁-ကမ္မနိရောဓသုတ်

၁၄၆။ ဘိက္ခဝေ၊ ရဟန်းတို့။ နဝပုရာဏာနိ၊ အသစ်အဟောင်းဖြစ်ကုန်သော။ ကမ္မာနိ စ၊ ကံတို့ကိုလည်းကောင်း။ ကမ္မနိရောဓဉ္စ၊ ကံ၏ချုပ်ရာနိဗ္ဗာန်ကိုလည်းကောင်း။ ကမ္မနိရောဓဂါမိနိံ၊ ကံ၏ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော။ ပဋိပဒံ စ၊ အကျင့်ကိုလည်းကောင်း။ ဒေသေဿာမိ၊ ဟောပေအံ့။ တံ၊ ထိုအသစ်အဟောင်းဖြစ်သော ကံ, ကံ၏ချုပ်ရာနိဗ္ဗာန်, ကံ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို။ သုဏာထ၊ နာကြကုန်လော့။ သာဓုကံ၊ ကောင်းမွန်စွာ။ မနသိကရောထ၊ နှလုံးသွင်းကြကုန်လော့။ ဘာသိဿာမိ၊ ဟောပေအံ့။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုရာဏကမ္မံ၊ အဟောင်းဖြစ်သောကံသည်။ ကတမဉ္စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခု၊ စက္ခုပသာဒသည်။ ပုရာဏကမ္မံ၊ ကံဟောင်းမည်၏။ အဘိသင်္ခတံ၊ (တဏှာ အဝိဇ္ဇာ စသောအကြောင်းတရားတို့သည်) ကပ်၍ပြုပြင်စီရင်အပ်၏။ အဘိသဉ္စေတယိတံ၊ ကံဟုဆိုအပ်သော စေတနာသည် စေ့ဆော်အပ်၏။ ဝေဒနိယံ၊ ခံစားခြင်း၏အကြောင်းဟူ၍။ ဒဋ္ဌဗ္ဗံ၊ (ဝိပဿနာပညာဖြင့်) ရှုအပ်၏။ပ။ ဇိဝှါ၊ ဇိဝှါပသာဒသည်။ ပုရာဏကမ္မာ၊ မည်၏။ အဘိသင်္ခတာ၊ အပ်၏။ အဘိသဉ္စေတယိတာ၊ အပ်၏။ ဝေဒနိယာ၊ ဟူ၍။ ဒဋ္ဌဗ္ဗာ၊ အပ်၏။ပ။ မနော၊ (ဘဝင်္ဂမဟာသမ္ပယုတ္တနာဓာရ) စိတ်သည်။ ပုရာဏကမ္မော၊ မည်၏။ အဘိသင်္ခတော။ အပ်၏။ အဘိသဉ္စေတယိတော၊ အပ်၏။ ဝေဒနိယော၊ ဟူ၍။ ဒဋ္ဌဗ္ဗော၊ အပ်၏။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤစက္ခုပသာဒစသည်ကို။ ပုရာဏကမ္မံ၊ ကံဟောင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ တို့။ နဝကမ္မံ၊ ကံသစ်သည်။ ကတမဉ္စ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဧတရဟိ၊ ယခုအခါ၌။ ကာယေန၊ ကိုယ်ဖြင့်လည်း။ ဝါစာယ၊ နှုတ်ဖြင့်လည်း။ မနသာ၊ စိတ်ဖြင့်လည်း။ ယံ ကမ္မံ၊ အကြင်အမှုကို။ ကရောတိ၊ ပြု၏။ ဘိက္ခဝေ၊တို့။ဣဒံ၊ဤအမှုကို။နဝကမ္မံ၊ကံသစ်ဟူ၍။ဝုစ္စတိ၊အပ်၏။

ဘိက္ခဝေ၊ တို့။ ကမ္မနိရောဓော၊ ကံ၏ချုပ်ရာသည်။ ကတမော စ၊ နည်း။ ဘိက္ခဝေ၊ တို့။ ယော၊ အကြင်သူသည်။ ကာယကမ္မ ဝစီကမ္မ မနောကမ္မဿ၊ ကာယကံ, ဝစီကံ, မနောကံ၏။ နိရောဓာ၊ ချုပ်ခြင်းကြောင့်။ ဝိမုတ္တိံ၊ အရဟတ္တဖိုလ်သို့။ ဖုသတိ၊ ရောက်၏။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤအရဟတ္တဖိုလ်ကို။ ကမ္မနိရောဓော၊ ကံ၏ချုပ်ရာဟူ၍။ ဝုစ္စတိ၊ အပ်၏။

ဘိက္ခဝေ၊ တို့။ ကမ္မနိရောဓဂါမိနီ၊ ကံ၏ချုပ်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ ပဋိပဒါ၊ အကျင့်သည်။ ကတမာ စ၊ အဘယ်ပါနည်း။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသောအင်္ဂါနှင့်ပြည့်စုံသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်သာလျှင်တည်း။ ဣဒံ၊ ဤမဂ်ဟူသည်။ သေယျထာ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိလည်းကောင်း။ သမ္မာသင်္ကပ္ပေါ၊ လည်းကောင်း။ သမ္မာဝါစာ၊ လည်းကောင်း။ သမ္မာကမ္မန္တော၊ လည်းကောင်း။ သမ္မာအာဇီဝေါ၊ လည်းကောင်း။ သမ္မာဝါယာမော၊ လည်းကောင်း။ သမ္မာသတိ၊ လည်းကောင်း။ သမ္မာသမာဓိ၊ လည်းကောင်းတည်း။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤမဂ်ကို။ ကမ္မနိရောဓဂါမိနီ၊ သော။ ပဋိပဒါ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ဣတိ ခေါ၊ ဤသို့လျှင်။ မယာ၊ ငါဘုရားသည်။ ပုရာဏကမ္မံ၊ ကံဟောင်းကို။ ဒေသိတံ၊ ဟောတော်မူအပ်၏။ နဝကမ္မံ၊ ကံသစ်ကို။ ဒေသိတံ၊ အပ်၏။ ကမ္မနိရောဓော၊ ကံ၏ချုပ်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်ကို။ ဒေသိတော၊ အပ်၏။ ကမ္မနိရောဓဂါမိနီ၊ သော။ ပဋိပဒါ၊ ကို။ ဒေသိတာ၊ အပ်၏။ ဘိက္ခဝေ၊ တို့။ ဟိတေသိနာ၊ အစီးအပွါးကို ရှာမှီးတော်မူလေ့ရှိသော။ အနုကမ္ပကေန၊ အစဉ်သနားတော်မူတတ်သော။ သတ္ထာရာ၊ ဆရာဖြစ်တော်မူသော ငါဘုရားသည်။

သာဝကာနံ၊ တပည့်သားဖြစ်ကုန်သော သင်တို့အား။ အနုကမ္ပံ၊ အစဉ်သနားတော်မူခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ယံ ကရဏီယံ၊ အကြင်ပြုဘွယ်ကိစ္စဖြစ်သော အဆုံးအမသည်။ (အတ္ထိ၊ ရှိ၏။) တံ၊ ထိုပြုဘွယ်ကိစ္စအဆုံးအမကို။ ဝေါ၊ သင်တို့အား။ ကတံ၊ ပြုတော်မူအပ်ပြီ။ ဘိက္ခဝေ၊ တို့။ ဧတာနိ၊ ဤသည်တို့ကား။ ရုက္ခမူလာနိ၊ သစ်ပင်ရင်းတို့တည်း။ ဘိက္ခဝေ၊ တို့။ ဧတာနိ၊ ဤသည်တို့ကား။ သုညာဂါရာနိ၊ ဆိတ်ငြိမ်ရာအရပ်တို့တည်း။ ဘိက္ခဝေ၊တို့။ ဈာယထ၊ အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်ဖြင့် ရှုကြကုန်လော့။ မာ ပမာဒတ္ထ၊ မမေ့လျော့ကြကုန်လင့်။ ပစ္ဆာ၊ နောက်ကာလ၌။ ဝိပ္ပဋိသာရိနော၊ နှလုံးမသာယာကုန်သည်။ မာ အဟုဝတ္ထ၊ မဖြစ်ကြကုန်လင့်။ အယံ၊ ဤသည်လျှင်။ ဝေါ၊ သင်တို့အား။ အမှာကံ၊ ငါဘုရားတို့၏။ အနုသာသနီ၊ အဆုံးအမတော်တည်း။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

ပဌမံ၊ ရှေးဦးစွာသောသုတ်တည်း။

## ၂-အနိစ္စနိဗ္ဗာနသပ္ပါယသုတ်

၁၄၇။ ဘိက္ခဝေ၊ တို့။ ဝေါ၊ သင်တို့အား။ နိဗ္ဗာနသပ္ပါယံ၊ နိဗ္ဗာန်ကိုရခြင်းအား လျောက်ပတ်သော။ ဝါ၊ကိလေသာငြိမ်းခြင်းအား လျောက်ပတ်သော။ ပဋိပဒံ၊အကျင့်ကို[၁]။ ဒေသေဿာမိ၊ ဟောတော်မူပေအံ့။ တံ၊ ထိုအကျင့်ကို။ သုဏာထ၊ နာကြကုန်လော့။ပ။ ဘိက္ခဝေ၊ တို့။ နိဗ္ဗာနသပ္ပါယာ၊ သော။ သာ ပဋိပဒါ၊ ထိုအကျင့်သည်။ ကတမာ စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ဘိက္ခု၊ သည်။ စက္ခုံ၊ သည်။ အနိစ္စန္တိ၊ မမြဲဟူ၍။ ပဿတိ၊ ရှု၏။ ရူပါ၊ တို့သည်။ အနိစ္စာတိ၊ ကုန်ဟူ၍။ ပဿတိ၊ ရှု၏။ စက္ခုဝိညာဏံ၊ သည်။ အနိစ္စန္တိ၊ ဟူ၍။ ပဿတိ၊ရှု၏။ စက္ခုသမ္ဖဿော၊ သည်။ အနိစ္စောတိ၊ ဟူ၍။ ပဿတိ၊ ရှု၏။ (အကြွင်း လွယ်၏၊ ရှေးနည်းအတိုင်း ပေးမြဲ။) ဘိက္ခဝေ၊ တို့။ အယံ ခေါ၊ ဤသည်လျှင်။ နိဗ္ဗာနသပ္ပါယာ၊ သော။ ပဋိပဒါ၊ တည်း။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

## ၃-ဒုက္ခနိဗ္ဗာနသပ္ပါယသုတ်

၁၄၈။ ဘိက္ခဝေ၊ တို့။ ဝေါ၊ တို့အား။ နိဗ္ဗာနသပ္ပါယံ၊ သော။ ပဋိပဒံ၊ ကို။ ဒေသေဿာမိ၊ အံ့။ပ။ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ စက္ခုံ၊ သည်။ ဒုက္ခန္တိ၊ ဟူ၍။ ပဿတိ၊ ရှု၏။ (အကြွင်း လွယ်၏၊ ရှေးနည်းအတိုင်း ပေးမြဲ။) ဣတိ၊ ဤသို့ မိန့်တော်မူ၏။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-အနတ္တနိဗ္ဗာနသပ္ပါယသုတ်

၁၄၉။ ဘိက္ခဝေ၊ တို့။ ဝေါ၊ တို့အား။ နိဗ္ဗာနသပ္ပါယံ၊ သော။ ပဋိပဒံ၊ ကို။ ဒေသေဿာမိ၊ အံ့။ပ။ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ စက္ခုံ၊ သည်။ အနတ္တာတိ၊ ဟူ၍။ ပဿတိ၊ ရှု၏။ (အကြွင်း လွယ်၏၊ ရှေးနည်းအတိုင်း ပေးမြဲ။)

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

---

၁။ နိဗ္ဗာနသပ္ပါယန္တိ နိဗ္ဗာနဿ သပ္ပါယံ (ဋ္ဌ)။ နိဗ္ဗာနဿာတိ နိဗ္ဗာနဉ္စ ဂါမဿ, ကိလေသ နိဗ္ဗာနဿေဝ ဝါ (ဋီကာ)။

## ၅-နိဗ္ဗာနသပ္ပါယပဋိပဒါသုတ်

၁၅၀။ ဘိက္ခဝေ၊ တို့။ ဝေါ၊ တို့အား။ နိဗ္ဗာနသပ္ပါယံ၊ သော။ ပဋိပဒံ၊ ကို။ ဒေသေဿာမိ၊ အံ့။ပ။ဘိက္ခဝေ၊ တို့။ တံ၊ ထိုငါဟောအပ်လတ္တံ့သောတရားကို။ ကိ ° မညထ၊ အဘယ်သို့အောက်မေ့ မှတ်ထင်ကြကုန်သနည်း။ စက္ခု၊ သည်။ နိစ္စံ ဝါ၊ မြဲသလော။ အနိစ္စံ ဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ ဘုရား။ အနိစ္စံ၊ မမြဲပါဘုရား။ (ဣတိ၊ ဤသို့လျှောက်၏။) (အကြွင်း လွယ်၏၊ ရှေးနည်းအတိုင်း ပေးမြဲ။) ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-အန္တေဝါသိကသုတ်

၁၅၁။ ဘိက္ခဝေ၊ တို့။ အနန္တေဝါသိကံ၊ အတွင်း၌ ကိန်းနေသော ကိလေသာတည်းဟူသော တပည့်မရှိသော။ အနာစရိယကံ၊ လွှမ်းမိုး၍ဖြစ်သော ကိလေသာတည်းဟူသော ဆရာမရှိသော[၁]။ ဣဒံ ဗြဟ္မစရိယံ၊ ဤမြတ်သော အကျင့်ကို။ ဝုဿတိ၊ ကျင့်သုံးအပ်၏။

ဘိက္ခဝေ၊ တို့။ သန္တေဝါသိကော၊ အတွင်း၌ ကိန်းနေသော ကိလေသာတည်းဟူသော တပည့်ရှိသော။ သာစရိယကော၊ လွှမ်းမိုး၍ဖြစ်တတ်သော ကိလေသာတည်းဟူသောဆရာ ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ဒုက္ခံ၊ ဆင်းရဲစွာ။ ဝိဟရတိ၊ နေရ၏။ ဖာသု၊ ချမ်းသာစွာ။ န ဝိဟရတိ၊ မနေရ။ ဘိက္ခဝေ၊ တို့။ အနန္တေဝါသိကော၊ အတွင်းနေ ကိလေသာမရှိသော။ အနာစရိယကော၊ လွှမ်းမိုး၍ဖြစ်တတ်သော ကိလေသာတည်းဟူသော ဆရာမရှိသော။ ဘိက္ခု၊ သည်။ သုခံ၊ ချမ်းသာစွာ။ ဝိဟရတိ၊ နေရ၏။ ဖာသု၊ ချမ်းသာစွာ။ ဝိဟရတိ၊ နေရ၏။ သန္တေ-ဝါသိကော၊ သော။ သာစရိယကော၊ သော။ ဘိက္ခု၊ သည်။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဒုက္ခံ ဆင်းရဲစွာ။ ဝိဟရတိ၊ နေရသနည်း။ ဖာသု၊ ချမ်းသာစွာ။ န ဝိဟရတိ၊ မနေရသနည်း။ ဘိက္ခဝေ၊တို့။ ဣဓ၊ ဤ ငါဘုရား သာသနာတော်၌။ ဘိက္ခုနော၊ ရဟန်း၏သန္တာန်၌။ စက္ခုနာ၊ မြင်၍။

---

၁။ အန္တေ ဝသတီတိ အန္တေဝါသိကော၊ အတွင်းနေတပည့်ကိုကောက်။ အန္တေဝါသိကော ဝိယ အန္တေဝါသိကော၊ အတွင်း (စိတ်)၌ ကိန်းနေသောကိလေသာကိုကောက်။ နတ္ထိ အန္တေဝါသိကော ယဿ တံ အနန္တေဝါသိကံ၊ ဗြဟ္မစရိယ ကိုကောက်။ အန္တသဒ္ဒါ သမီပတ္ထဖြစ်ကြောင်း ဋီကာ၌ 'ကိလေသော ပန အတိအာသန္နေ ဝသတိ အန္တေဝါသိကော'ဟု အကြောင်းပြ၏၊ ဤ၌ကား အဗ္ဘန္တရတ္ထ တိုက်ရိုက်ကြံလိုက်၏၊ အန္တေဝါသိက၌ အန္တေဝယ် ဝိဘတ္တိ အလောပ တည်း။

အာစရတိ သမုဒါစရတီတိ အာစရိယော၊ လွှမ်းမိုး၍ဖြစ်တတ်သော ဆရာကို ရ၏။ အာစရိယော ဝိယ အာစရိယော၊ လွှမ်းမိုး၍ဖြစ်တတ်သော ကိလေသာကို ရ၏။ နတ္ထိ အာစရိယော ယဿ တံ အနာစရိယကံ၊ ဗြဟ္မစရိယကိုရ၏။ ကိလေသာတပည့်၊ ကိလေသာဆရာ မရှိသော အကျင့်ကို ကျင့်သုံးအပ်၏ဟု ဆိုလိုသည်။

သန္တေဝါသိကော သာစရိယကော၊ အနန္တေဝါသိကော အနာစရိယကော-ပုဒ်တို့၌ ဘိက္ခုကို ကောက်။ အန္တေ-ဝါသိကေန သဟ ယောတိ သန္တေဝါသိကော ဟူပြု၊ သာစရိယကော၌ ဤနည်းပြု။ နတ္ထိ အန္တေဝါသိကော ယဿ၊ သော ဝါ၊ အနန္တေဝါသိကော ဟူပြု။ အနာစရိယကော၌လည်း ဤနည်းပြု။

ဤ၌ အနန္တေဝါသိကန္တိ အန္တောဝသနကကိလေသဝိရဟိတံ၊ အနာစရိယကန္တိ အာစရဏကကိလေသ-ဝိရဟိတံ၊ ဤ၌ အာစရဏကကိလေသဝိရဟိတန္တိ သမုဒါစရဏကကိလေသဝိရဟိတံ- ဟု မှတ်ဖွင့်ကြ၏။ အနန္တေ-ဝါသိကံ၊ အတွင်းနေကိလေသာမရှိသော။ အနာစရိယကံ၊ လွှမ်းမိုး၍ဖြစ်သောကိလေသာမရှိသော-ဟု သန်း။

ရူပံ၊ ကို။ ဒိသွာ၊ ၍။ သရသင်္ကပ္ပါ၊ မြေးသွား, ကြံစည်တတ်ကုန်သော။ သညောဇနိယာ၊ နှောင်ဖွဲ့ခြင်း၏အကြောင်းဖြစ်ကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုကိလေသာတို့သည်။ အဿ၊ ထိုရဟန်း၏။ အန္တော၊ အတွင်း(စိတ်)၌။ ဝသန္တိ၊ နေကုန်၏။ ပါပကာ၊ ကုန်သော။ အကုသလာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ အဿ၊ ထိုရဟန်း၏။ အန္တော၊ အတွင်း(စိတ်)၌။ ဝသန္တိ၊ နေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သအန္တေဝါသိကောတိ၊ သအန္တေဝါသိကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တေ၊ ထိုကိလေသာတို့သည်။ နံ၊ ထိုပုဂ္ဂိုလ်ကို။ သမုဒါစရန္တိ၊ လွှမ်းမိုးနှိပ်စက်တတ်ကုန်၏။ ပါပကာ၊ ကုန်သော။ အကုသလာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ နံ၊ ထိုရဟန်းကို။ သမုဒါစရန္တိ၊ လွှမ်းမိုးနှိပ်စက်တတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သာစရိယကော ... တိ၊ သာစရိယကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ပ။

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ တပါးတုံ။ ဘိက္ခုနော၊ ၏သန္တာန်၌။ ဇိဝှါယ၊ လျှာဖြင့်။ ရသံ၊အရသာကို။ သာယိတွာ၊ လျက်၍။ သရသင်္ကပ္ပါ၊ ကုန်သော။ သညောဇနိယာ၊ ကုန်သော။ ပါပကာ၊ ကုန်သော။ အကုသလာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တေ၊ တို့သည်။ အဿ၊ ၏။ အန္တော၊ ၌။ ဝသန္တိ၊ ကုန်၏။ ပါပကာ၊ ကုန်သော။ အကုသလာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ အဿ၊ ၏။ အန္တော၊ ၌။ ဝသန္တိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ သအန္တေဝါသိကောတိ၊ ဟူ၍။ ဝုစ္စတိ၊ အပ်၏။ တေ၊ တို့သည်။ နံ၊ ကို။ သမုဒါစရန္တိ၊ ကုန်၏။ ပါပကာ၊ ကုန်သော။ အကုသလာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ နံ၊ ကို။ သမုဒါစရန္တိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ သာစရိယကောတိ၊ ဟူ၍။ ဝုစ္စတိ၊ အပ်၏။ပ။

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ တုံ။ ဘိက္ခုနော၊ ၌။ မနသာ၊ ဖြင့်။ ဓမ္မံ၊ ဓမ္မာရုံကို။ ဝိညာယ၊ သိ၍။ (အကြွင်း ပေးမြဲ။) ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ ဤသို့လျှင်။ သအန္တေဝါသိကော၊ သော။ သာစရိယကော၊ သော။ ဘိက္ခု၊ သည်။ ဒုက္ခံ၊ ဆင်းရဲစွာ။ ဝိဟရတိ၊ ၏။ ဖာသု၊ ချမ်းသာစွာ။ န ဝိဟရတိ၊ မနေရ။

ဘိက္ခဝေ၊ တို့။ အနန္တေဝါသိကော၊ သော။ အနာစရိယကော၊ သော။ ဘိက္ခု၊ သည်။ ကထဉ္စ၊ လျှင်။ သုခံ၊ ချမ်းသာစွာ။ ဖာသု၊ ချမ်းသာစွာ။ ဝိဟရတိ၊ နေရသနည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ၌။ ဘိက္ခုနော၊ ၌။ စက္ခုနာ၊ ဖြင့်။ ရူပံ၊ ကို။ ဒိသွာ၊ ၍။ သရသင်္ကပ္ပါ၊ ကုန်သော။ သညော-ဇနိယာ၊ ကုန်သော။ ပါပကာ၊ ကုန်သော။ အကုသလာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ တေ၊ ထိုကိလေသာတို့သည်။ အဿ၊ ၏။အန္တော၊ ၌။ န ဝသန္တိ၊ မနေကုန်။ပါပကာ၊ ကုန်သော။ အကုသလာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ အဿ၊ ၏။ အန္တော၊ ၌။ န ဝသန္တိ၊ မနေကုန်။ တသ္မာ၊ ကြောင့်။ အနန္တေဝါသိကောတိ၊ အနန္တေဝါသိကဟူ၍။ ဝုစ္စတိ၊ အပ်၏။ တေ၊ ထိုကိလေသာတို့သည်။ နံ၊ ကို။ သမုဒါစရန္တိ၊ ကုန်၏။ ပါပကာ၊ ကုန်သော။ အကုသလာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ နံ၊ ကို။ န သမုဒါစရန္တိ၊ ကုန်။ တသ္မာ၊ ကြောင့်။ အနာစရိယ-ကောတိ၊ အနာစရိယဟူ၍။ ဝုစ္စတိ၊ အပ်၏။ပ။ (အကြွင်း လွယ်၏၊ ပေးမြဲ။) ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ ဤသို့လျှင်။ အနန္တေဝါသိကော၊ သော။ အနာစရိယကော၊ သော။ ဘိက္ခု၊ သည်။ သုခံ၊ ချမ်းသာစွာ။ ဖာသု၊ ချမ်းသာစွာ။ ဝိဟရတိ၊ နေရ၏။ ဘိက္ခဝေ၊ တို့။ အနန္တေဝါသိကံ၊ သော။ အနာစရိယကံ၊ သော။ ဣဒံ ဗြဟ္မစရိယံ၊ ကို။ ဝုစ္စတိ၊ အပ်၏။ ဘိက္ခဝေ၊ တို့။ သအန္တေဝါသိကော၊ သော။ သာစရိယကော၊ သော။ ဘိက္ခု၊ သည်။ ဒုက္ခံ၊ ဆင်းရဲစွာ။ ဝိဟရတိ၊ နေရ၏။ ဖာသု၊

ချမ်းသာစွာ၊ န ဝိဟရတိ၊ မနေရ။ ဘိက္ခဝေ၊ တို့။ အနန္တေဝါသိကော၊ သော၊ အနာစရိယကော၊ သော။ ဘိက္ခု၊ သည်။ သုခံ၊ ချမ်းသာစွာ။ ဖာသု၊ ချမ်းသာစွာ။ ဝိဟရတိ၊ နေရ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဆဋ္ဌ၊ ခြောက်ခုမြောက်သော သုတ်တည်း။

## ၇-ကိမတ္ထိယဗြဟ္မစရိယသုတ်

၁၅၂။ ဘိက္ခဝေ၊ တို့။ ဝေါ၊ တို့အား။ အညတိတ္ထိယာ၊ သာသနာတော်မှ ပြင်ပ ဖြစ်ကုန်သော။ ပရိဗ္ဗာဇကာ၊ ပရိဗိုဇ်တို့သည်။ "အာဝုသော၊ ငါ့ရှင်တို့။ ကိမတ္ထိယံ၊ အဘယ်အ ကိုး ငှါ။ သမဏေ ဂေါတမေ၊ ရဟန်းဂေါတမအထံတော်၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ဝုသာတိ၊ ကျင့်သုံးအပ်သနည်း" ဟူ၍။ ဧဝံ၊ ဤသို့။ အစေ ပုစ္ဆေယျုံ၊ အကယ်၍ မေးကုန်ငြားအံ့။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤသို့။ ပုဋ္ဌာ၊ မေးအပ်ကုန်သည်ရှိသော်။ တုမှေ၊ သင်တို့သည်။ အညတိတ္ထိယာနံ၊ ဖြစ်ကုန်သော။ တေသံ ပရိဗ္ဗာဇကာနံ၊ တို့အား။ "အာဝုသော၊ ငါ့ရှင်တို့။ ဒုက္ခဿ၊ ဆင်းရဲကို။ ပရိညာယ၊ ပိုင်းခြား၍သိခြင်းငှါ။ ဘဂဝတိ၊ မြတ်စွာဘုရားအထံတော်၌။ ဗြဟ္မစရိယံ၊ ကို။ ဝုသာတိ၊ ကျင့်သုံးအပ်၏" ဟူ၍။ ဧဝံ၊ ဤသို့။ ဗျာကရေယျာထ၊ ဖြေဆိုကြကုန်လော့။ ဘိက္ခဝေ၊ တို့။ ဝေါ၊ တို့အား။ အညတိတ္ထိယာ၊ ကုန်သော။ ပရိဗ္ဗာဇကာ၊ တို့သည်။ "အာဝုသော၊ ငါ့ရှင်တို့၊ ယဿ၊ အကြင်ဆင်းရဲကို။ ပရိညာယ၊ ငှါ။ သမဏေ ဂေါတမေ၊ ထံ၌။ ဗြဟ္မစရိယံ၊ ကို။ ဝုသာတိ၊ အပ်၏။ တံ ဒုက္ခံ၊ ထိုဆင်းရဲသည်။ ကတမံ ပနာတိ၊ အဘယ်ပါနည်း" ဟူ၍။ ဧဝံ၊ ဤသို့။ အစေ ပုစ္ဆေယျုံ၊ အကယ်၍ မေးကုန်ငြားအံ့။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤသို့။ ပုဋ္ဌာ၊ သော်။ တုမှေ၊ တို့သည်၊ အညတိတ္ထိယာနံ၊ ကုန်သော။ တေသံ ပရိဗ္ဗာဇကာနံ၊ တို့အား—

အာဝုသော၊ ငါ့ရှင်တို့။ ပဉ္စ၊ ငါးပါးသော။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာတို့သည်။ ဒုက္ခံ၊ ဆင်းရဲတည်း။ ယဿ၊ ထိုဆင်းရဲကို။ ပရိညာယ၊ ပိုင်းခြား၍သိခြင်းငှါ။ ဘဂဝတိ၊ မြတ်စွာဘုရားအထံတော်၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ဝုသာတိ၊ ကျင့်သုံးအပ်၏။ ရူပါ၊ တို့သည်။ ဒုက္ခာ၊ ကုန်၏။ တေသံ၊ ထိုဆင်းရဲတို့ကို။ ပရိညာယ၊ ငှါ။ ဘဂဝတိ၊ ၌။ ဗြဟ္မစရိယံ၊ ကို။ ဝုသာတိ၊ အပ်၏။ ဝေဒနာ၊ သည်။ ဒုက္ခံ၊ ၏။ တဿ၊ ကို။ ပရိညာယ၊ ငှါ။ ဘဂဝတိ၊ ၌။ ဗြဟ္မစရိယံ၊ ကို။ ဝုသာတိ၊ အပ်၏။ သညာ၊ ပ။ သင်္ခါရာ၊ ပ။ ဝိညာဏံ၊ သည်။ ဒုက္ခံ၊ ၏။ တဿ၊ ကို။ ပရိညာယ၊ ငှါ။ ဘဂဝတိ၊ ၌။ ဗြဟ္မစရိယံ၊ ကို။ ဝုသာတိ၊ အပ်၏။ ပ။ အာဝုသော၊ တို့။ ယဿ၊ အကြင်ဥပါဒါနက္ခန္ဓာကို။ ပရိညာယ၊ ငှါ။ ဘဂဝတိ၊ ၌။ ဗြဟ္မစရိယံ၊ ကို။ ဝုသာတိ၊ အပ်၏။ ဣဒံ ခေါ၊ ဤဥပါဒါနက္ခန္ဓာသည်လျှင်။ ဒုက္ခန္တိ၊ ဆင်းရဲမည်၏ဟူ၍။ ဧဝံ၊ ဤသို့။ ဗျာကရေယျာထ၊ ကုန်လော့။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤသို့။ ပုဋ္ဌာ၊ သော်။ တုမှေ၊ တို့သည်။ အညတိတ္ထိယာနံ၊ ကုန်သော။ တေသံ ပရိဗ္ဗာဇကာနံ၊ တို့အား။ ဧဝံ၊ သို့။ ဗျာကရေယျာထ၊ ရာ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-အတ္တဒီပသုတ်

၁၅၃။ ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ ရဟန်းသည်။ သဗ္ဗါယ၊ ယုံကြည်ခြင်းကို။ အညာဝေဒါ၊ ကြည့်၍ သာလျှင်။ ရုစိယာ၊ အလိုကို။ အညတြ ဝေါ၊ ကြည့်၍သာလျှင်။ အနုဿဝါ၊ သူတပါးတို့အထံမှ

တဆင့်ကြားခြင်းကို။ အညတြ ဝေ၊ ကြဉ်၍သာလျှင်။ အာကာရပရိဝိတက္ကာ၊ အကြောင်းအရာကို ကြံစည်ခြင်းကို။ အညတြ ဝေ၊ ကြဉ်၍သာလျှင်။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ၊ စဉ်းစား တွေးကြံ သက်ဝံ နှစ်သိမ့်သောအယူကို။ အညတြ ဝေ၊ ကြဉ်၍သာလျှင်။ ယံ ပရိယာယံ၊ အကြင်အကြောင်းကို။ အာဂမ္မ၊ စွဲ၍။ "ဇာတိ၊ သည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ ကို။ ဝုသိတံ၊ အပ်ပြီ။ ကရဏီယံ၊ ကို။ ကတံ၊ အပ်ပြီ။ ဣတ္ထတ္တာယ၊ ဤ၏။ အပရံ၊ သည်။ န အတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာမိ၊ သိ၏"ဟူ၍။ အညံ၊ အရဟတ္တဖိုလ်ကို။ ဗျာကရေယျ၊ ဖြေဆိုရာ၏။ သော ပရိယာယော၊ ထို အကြောင်းသည်။ အတ္ထိ နုခေါ၊ ရှိသလော။ ဣတိ၊ ဤသို့ မေးတော်မူ၏။

ဘန္တေ၊ ဘုရား။ နော၊ တပည့်တော်တို့၏။ ဓမ္မာ၊ သိအပ်သောတရားတို့သည်။ ဘဂဝံမူလကာ၊ မြတ်စွာဘုရားလျှင် အကြောင်းရင်းရှိကုန်၏။ ဘဂဝံနေတ္တိကာ၊ မြ..စွာဘုရားလျှင် ဆောင်တတ်သောသူရှိကုန်၏။ ဘဂဝံပဋိသရဏာ၊ မြတ်စွာဘုရားလျှင် ကိုးကွယ် မှီခိုရာရှိကုန်၏။ ဘန္တေ၊ ဘုရား။ သာဓု၊ တောင်းပန်ပါ၏။ ဘာသိတဿ၊ ဟောတော်မူအပ်သော။ ဧတဿ၊ ထိုစကား၏။ အတ္ထော၊ အနက်သည်။ ဘဂဝန္တံ ယေဝ၊ မြတ်စွာဘုရား၌သာလျှင်။ ပဋိဘာတု၊ အဘို့ဖြစ်စေ တော်မူပါလော့။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဘဂဝတော၊ ၏(စကားကို)။ သုတွာ၊ ကြား၍။ ဓာရေဿန္တိ၊ မှတ်ဆောင်ကြကုန်လတ္တံ့။ ဣတိ၊ ဤသို့ လျှောက်ကုန်ပြီ။

ဘိက္ခဝေ၊ တို့။ တေနဟိ၊ ထိုသို့ဖြစ်မူ။ သုဏာထ၊ နာကြကုန်လော့။ သာဓုကံ၊ ကောင်းမွန်စွာ။ မနသိကရောထ၊ နှလုံးသွင်းကြကုန်လော့။ ဘာသိဿာမိ၊ ဟောပေအံ့။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ တေ ဘိက္ခူ၊ တို့သည်။ "ဘန္တေ၊ ဘုရား၊ ဧဝံ၊ ကောင်းပါပြီ"။ ဣတိ ခေါ၊ ဤသို့လျှင်။ ဘဂဝတော၊ ၏(စကားကို)။ ပစ္စဿောသုံ၊ ရှေးရှုနားထောင်ကုန်ပြီ။ ဘဂဝါ၊ သည်။ ဘိက္ခဝေ၊ တို့။ပ။ သော ပရိယာယော၊ ထိုအကြောင်းသည်။ အတ္ထိ၊ ရှိ၏-ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူပြီ။

ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သည်။ သဒ္ဓါယ၊ ကို။ အညတြေဝ၊ ကြဉ်၍သာလျှင်။ပ။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ၊ ကို။ အညတြဝေ၊ သာလျှင်။ ယံ ပရိယာယံ၊ ကို။ အာဂမ္မ၊ ၍။ ဇာတိ၊ သည်။ ခီဏာ၊ ပြီ။ပ။ ပဇာနာမီတိ၊ ဟူ၍။ အညံ၊ ကို။ ဗျာကရေယျ၊ ၏။ သော ပရိယာယော၊ သည်။ ကတမော စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ -၌။ ဘိက္ခု၊ သည်။ စက္ခုနာ၊ ဖြင့်။ ရူပံ၊ ကို။ ဒိသွာ၊ ၍။ ဝါ၊ သော်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ သန္တံ၊ ထင်ရှားရှိသော။ ရာဂဒေါသမောဟံ ဝါ၊ ရာဂဒေါသမောဟကိုလည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ရာဂဒေါသမောဟော၊ ရာဂဒေါသမောဟသည်။ အတ္ထိတိ၊ ရှိ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ၌။ အသန္တံ၊ ထင်ရှားမရှိသော။ ရာဂဒေါသမောဟံ ဝါ၊ ကိုလည်း။ မေ၊ ၏။ အဇ္ဈတ္တံ၊ ၌။ ရာဂဒေါသမောဟော၊ သည်။ နတ္ထိတိ၊ မရှိဟူ၍။ ပဇာနာတိ၊ သိ၏။ ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သည်။ စက္ခုနာ၊ ဖြင့်။ ရူပံ၊ ကို။ ဒိသွာ၊ ၍။ ဝါ၊ သော်။ အဇ္ဈတ္တံ၊ ၌။ သန္တံ၊ သော။ ယံ တံ ရာဂဒေါသမောဟံ ဝါ၊ အကြင် ရာဂဒေါသမောဟကိုလည်း။ မေ၊ ၏။ အဇ္ဈတ္တံ၊ ၌။ ရာဂဒေါသမောဟော၊ သည်။ အတ္ထိတိ၊ ဟူ၍။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ၌။ အသန္တံ၊ သော။ ယံ တံ ရာဂဒေါသမောဟံ ဝါ၊ ကိုလည်း။ မေ၊ ၏။ အဇ္ဈတ္တံ၊ ၌။ ရာဂဒေါသမောဟော၊ သည်။ နတ္ထိတိ၊ ဟူ၍။ ပဇာနာတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣမေ ဓမ္မာ၊ ဤတရားတို့ကို။ သဒ္ဓါယ ဝါ၊ သဒ္ဓါတရားဖြင့်လည်း။ ဝေဒိတဗ္ဗာ အပိနု၊ သိအပ်ကုန်သလော။ ရုစိယာ ဝါ၊ အလိုဖြင့်လည်း။ ဝေဒိတဗ္ဗာ အပိနု၊ သိအပ်ကုန်သလော။ အနုဿဝေန ဝါ၊ သူတပါးတို့

အထံမှ တဆင့်ကြားခြင်းဖြင့်လည်း။ ဝေဒိတဗ္ဗာ အပိနု၊ သိအပ်ကုန်သလော။ အာကာရပရိဝိတက္ကေန ဝါ၊ အကြောင်းအရာကို ကြံစည် တွေးတောခြင်းဖြင့်လည်း။ ဝေဒိတဗ္ဗာ အပိနု၊ သိအပ်ကုန်သလော။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ ဝါ၊ စဉ်းစား တွေးကြံ လက်ခံနှစ်သိမ့်သော အယူဖြင့်လည်း။ ဝေဒိတဗ္ဗာ အပိနု၊ သိအပ်ကုန်သလော။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ ဘုရား။ ဧတံ၊ ဤသို့ သိခြင်းသည်။ နောဟိ၊ မသင့်ပါဘုရား။ ဘိက္ခဝေ၊ တို့။ ဣဓ ဓမ္မာ၊ တို့ကို။ ပညာယ၊ ပညာဖြင့်။ ဒိသွာ၊ မြင်၍။ ဝေဒိတဗ္ဗာ နနု၊ သိအပ်ကုန်သည်မဟုတ်လော။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ ဘုရား။ ဧဝံ၊ ဤသို့ ပညာဖြင့် သိအပ်ကုန်သည် မှန်ပါ၏ဘုရား။ ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သည်။ပ။ ပစ္စေနသိတိ၊ ဟု၍။ အညံ၊ ကို။ ဗျာကရေယျာတိ၊ ၏။ သော ပရိယာယော၊ သည်။ အယံ ခေါ၊ ဤသည်သာလျှင်တည်း။ပ။ (အကြွင်း လွယ်၏၊ နည်းမှီး၍ ပေးကြလေ။) ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

အဋ္ဌမံ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ဣန္ဒြိယသမ္ပန္နသုတ်

၁၅၄။ အထ ခေါ၊ ၌။ အညတရော၊ သော။ ဘိက္ခု၊ သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ပ။ ဧကမန္တံ၊ ၌။ နိသိန္နော၊ သော။ ဧသော ဘိက္ခု၊ သည်။ ဘဂဝန္တံ၊ ကို။ ဘန္တေ၊ ဘုရား။ "ဣန္ဒြိယသမ္ပန္နော ဣန္ဒြိယသမ္ပန္နောတိ၊ ပြည့်စုံသောဣန္ဒြေရှိ၏၊ ပြည့်စုံသော ဣန္ဒြေရှိ၏"ဟု၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘန္တေ၊ ဘုရား။ ကိတ္တာဝတာ၊ ဖြင့်။ ဣန္ဒြိယသမ္ပန္နော၊ ပြည့်စုံသော ဣန္ဒြေရှိသည်။ ဟောတိ နုခေါတိ၊ ဖြစ်ပါသနည်းဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားပြီ။

ဘိက္ခု၊ သည်။ စက္ခုန္ဒြိယေ၊ စက္ခုဣန္ဒြေ၌။ ဥဒယဗ္ဗယာနုပဿီ၊ ဖြစ်ခြင်းပျက်ခြင်းကိုအဖန်တလဲလဲရှုလေ့ရှိသည်ဖြစ်၍။ ဝေ ဝိဟရန္တော၊ အကယ်၍ နေသည်ရှိသော်။ စက္ခုန္ဒြိယေ၊ ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ပ။ မနိန္ဒြိယေ၊ ၌။ နိဗ္ဗိန္ဒတိ၊ ၏။ နိဗ္ဗိန္ဒံ (နိဗ္ဗိန္ဒန္တော)၊ ငြီးငွေ့သည်ရှိသော်။ ဝါ၊ ငြီးငွေ့ခြင်းကြောင့်။ ဝိရဇ္ဇတိ၊ တပ်ခြင်းကင်း၏။ ဝိရာဂါ၊ တပ်ခြင်းကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ ကိလေသာတို့မှလွတ်၏။ ဝိမုတ္တသ္မိံ၊ ကိလေသာတို့မှ လွတ်ပြီးသည်ရှိသော်။ (မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။) ဝိမုတ္တံ၊ ကိလေသာတို့မှလွတ်ပြီ။ ဣတိ၊ ဤသို့။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ၏။ "ဇာတိ၊ သည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ ကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ ကရဏီယံ၊ ပြုအပ်သော တဆယ့်ခြောက်ပါးသော မဂ်ကိစ္စကို။ ကတံ၊ ပြုအပ်ပြီ။ ဣတ္ထတ္တာယ၊ ဤတဆယ့်ခြောက်ပါးသော မဂ်ကိစ္စအလို့ငှါ။ အပရံ၊ ထပ်၍သော ပြုဘွယ်ကိစ္စသည်။ နာတိ၊ မရှိ" ဟု၍။ ပဇာနာတိ၊ သိ၏။ ဧတ္တာဝတာ၊ ဖြင့်။ ဘိက္ခု၊ သည်။ ဣန္ဒြိယသမ္ပန္နော၊ ပြည့်စုံသော ဣန္ဒြေရှိသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

နဝမံ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-ဓမ္မကထိကပုစ္ဆသုတ်

၁၅၅။ အထ ခေါ၊ ၌။ အညတရော၊ သော။ ဘိက္ခု၊ သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ပ။ ဧကမန္တံ၊ ၌။ နိသိန္နော၊ သော။ သော ဘိက္ခု၊

သည်။ ဘဂဝန္တံ၊ ကို။ ဘန္တေ၊ ရုး။ "ဓမ္မကထိကော ဓမ္မကထိကောတိ၊ တရားကိုဟောတတ်သောရဟန်း, တရားကိုဟောတတ်သောရဟန်း"ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘန္တေ၊ ရုး။ ကိတ္တာဝတာ၊ ဖြင့်။ ဓမ္မကထိကော၊ သည်။ ဟောတိ နုခေါ၊ ဖြစ်ပါသနည်းဟူသော. ။ ဧတံ၊ ဤစကား ကို။ အဝေါစ၊ လျှောက်ထားပြီ။

ဘိက္ခု၊ ရဟန်း။ စက္ခုသော၊ စက္ခုပသာဒ၌။ ဝါ၊ ၏။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်းအကျိုးငှါ။ ဝိရာဂါယ၊ တပ်ခြင်းကင်းခြင်းအကျိုးငှါ။ နိရောဓာယ၊ ချုပ်ခြင်းအကျိုးငှါ။ ဓမ္မံ၊ တရားကို။ စေ ဒေသေတိ၊ အကယ်၍ဟောငြားအံ့။ ဓမ္မကထိကော၊ တတ်သော။ ဘိက္ခုတိ၊ ရဟန်းဟူ၍။ ဝစနာယ၊ ဆိုခြင်းငှါ။ အလံ၊ ထိုက်၏။ ဘိက္ခု၊ ရဟန်း။ စက္ခုသော၊ ၌။ ဝါ၊ ၏။ နိဗ္ဗိဒါယ၊ ငှါ။ ဝိရာဂါယ၊ ငှါ။ နိရောဓာယ၊ ငှါ။ ပဋိပန္နော၊ ကျင့်သည်။ စေ ဟောတိ၊ အံ့။ ဓမ္မာနုဓမ္မပဋိပန္နော၊ လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်ကိုကျင့်သော။ ဘိက္ခုတိ၊ ရဟန်းဟူ၍။ ဝစနာယ၊ ငှါ။ အလံ၊ ထိုက်၏။ ဘိက္ခု၊ ရဟန်း။ စက္ခုသော၊ ၌။ ဝါ၊ ၏။ နိဗ္ဗိဒါ၊ ခြင်းကြောင့်ရင်း။ စက္ခုသော၊ ၏။ ဝိရာဂါ၊ ခြင်းကြောင့်ရင်း။ နိရောဓာ၊ ချုပ်ခြင်းကြောင့်ရင်း။ အနုပါဒါ၊ လေးပါးသောဥပါဒါန်တို့ဖြင့် တစုံတခုသော တရားကို မစွဲလမ်းမူ၍။ ဝိမုတ္တော၊ ကိလေသာတို့မှလွတ်သည်။ စေ ဟောတိ၊ အံ့။ ဒိဋ္ဌဓမ္မနိဗ္ဗာနပ္ပတ္တော၊ ပစ္စုပ္ပန်အတ္တဘော၌ပင်လျှင် နိဗ္ဗာန်သို့ရောက်သော။ ဘိက္ခုတိ၊ ရဟန်းဟူ၍။ ဝစနာယ၊ ငှါ။ အလံ၊ ထိုက်၏[၁]။ (အကြွင်း လွယ်၏၊ နည်းမှီး၍ ပေးကြလေ။) ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

ဒသမံ ဆယ်ခုမြောက်သောသုတ်တည်း။

ပဌမော၊ သော။ နဝပုရာဏဝဂ္ဂေါ၊ သည်။

နိဋ္ဌိတော၊ ပြီးပြီ။

တဿ၊ ထိုနဝပုရာဏဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

ကမ္မံ စ၊ ကမ္မနိရောဓသုတ်ရင်း။ စတ္တာရိ၊ လေးပါးကုန်သော။ သပ္ပါယာ စ၊ အနိစ္စနိဗ္ဗာနသပ္ပါယသုတ်, ဒုက္ခနိဗ္ဗာနသပ္ပါယသုတ်, အနတ္တနိဗ္ဗာနသပ္ပါယသုတ်, နိဗ္ဗာနသပ္ပါယပဋိပဒါသုတ်တို့ရင်း။ အန္တေဝါသိ စ၊ အန္တေဝါသိကသုတ်ရင်း[၂]။ ကိမတ္ထိယာ စ၊ ကိမတ္ထိယဗြဟ္မစရိယသုတ်ရင်း။ ဣန္ဒြိယကထိကေန၊ ဣန္ဒြိယသမ္ပန္နသုတ်, ဓမ္မကထိကပုစ္ဆသုတ်နှင့် တကွ။ အတ္ထိ နု ခေါ ပရိယာယော၊ အတ္ထိ နု ခေါ ပရိယာယသုတ်ရင်း။ ဣတိ၊ ဤသည် တည်း။ (ဣတိ-တလုံး အကြေကြံ။)

သဠာယတနဝဂ္ဂေ၊ သဠာယတနဝဂ်၌။ တတိယပဏ္ဏာသကော၊

သုံးခုမြောက်သောပဏ္ဏာသကသည်။ သမတ္တော၊ ပြီးပြီ။

---

၁။ နိဗ္ဗိဒါ ဝိရာဂါ နိရောဓာတိ နိဗ္ဗိဒါယ စေဝ ဝိရာဂေန စ နိရောဓေန စ။ အနုပါဒါဝိမုတ္တောတိ စတူဟိ ဥပါဒါနေဟိ ကိဉ္စိ ဓမ္မံ အနုပါဒိယိတွာ ဝိမုတ္တော။ ဒိဋ္ဌဓမ္မနိဗ္ဗာနပ္ပတ္တောတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနပ္ပတ္တော။ အလံ ဝစနာယာတိ ဧဝံ ဝတ္တုမ္ပိ တံ အရဟတိ၊ ယုတ္တော အနုစ္ဆဝိကောတိ အတ္ထော။ (သံ-ဋ္ဌ ၂ စာပိုဒ် ၁၆၊ စာမျက်နှာ ၃၂။)

၂။ အန္တေဝါသိကဟုရှိသည်ကား မကောင်း။ သို့ဖြစ်၍ အန္တေဝါသိ ဟူသော ပါဌ်ကို အနက်မပေး၊ အန္တေဝါသိ ဟ ရှိသင့်သည်ထင်၍ ပြင်၍ အနက်ပေးလိုက်သည်။

တဿ၊ ထိုတတိယပဏ္ဏာသက၏။ ဝဂ္ဂုဒ္ဒါနံ၊ ဝဂ်ဥဒ္ဒါန်းကား—

ယောဂက္ခေမိ စ၊ ယောဂက္ခေမိဝဂ်၎င်း။ လောကကာ စ၊ လောကကာမဂုဏဝဂ်၎င်း။ ဂဟပတိ စ၊ ဂဟပတိဝဂ်၎င်း။ ဒေဝဒဟေန စ၊ ဒေဝဒဟသဒ္ဒါဖြင့်၎င်း။ နဝပုရာဏေန စ၊ နဝပုရာဏသဒ္ဒါဖြင့်၎င်း။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ ဒွေ၊ နှစ်ပါးသောဝဂ်တို့ ၎င်း။ ဣတိ၊ ဤသို့။ ဝဂ္ဂါ၊ ဝဂ်တို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ တေန၊ ထို့ကြောင့်။ တတိယော၊ သုံးခုမြောက်သော။ ပဏ္ဏာသော၊ ပဏ္ဏာသကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ၏။

---

## (၁၆) ၁-နန္ဒိက္ခယဝဂ်

### ၁-အဇ္ဈတ္တနန္ဒိက္ခယသုတ်

၁၅၆၊ ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သည်။ အနိစ္စံယေဝ၊ မမြဲသည်သာလျှင်ဖြစ်သော။ စက္ခုံ၊ စက္ခုပသာဒကို။ အနိစ္စန္တိ၊ မမြဲဟူ၍။ ပဿတိ၊ ရှုမြင်၏။ သာ၊ ထိုသို့ ရှုမြင်ခြင်းသည်။ အဿ၊ ထိုရဟန်း၏။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သမ္မာ၊ ကောင်းစွာ။ ပဿံ၊ ရှုမြင်သည်ရှိသော်။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နန္ဒိက္ခယာ၊ နှစ်သက်ခြင်း၏ကုန်ခြင်းကြောင့်။ ရာဂက္ခယော၊ ရာဂ၏ကုန်ခြင်းသည်။ (ဟောတိ၊ ၏။) ရာဂက္ခယာ၊ ရာဂ၏ကုန်ခြင်းကြောင့်။ နန္ဒိက္ခယော၊ နှစ်သက်ခြင်း၏ ကုန်ခြင်းသည်။ (ဟောတိ၊ ၏။) နန္ဒိရာဂက္ခယာ၊ နှစ်သက်ခြင်း တပ်မက်ခြင်း၏ ကုန်ခြင်းကြောင့်။ စိတ္တံ၊ စိတ်သည်။ ဝါ၊ ကို။ သုဝိမုတ္တန္တိ၊ ကောင်းစွာလွတ်ပြီဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ပ။ ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သည်။ အနိစ္စံယေဝ၊ မမြဲသည်သာလျှင် ဖြစ်သော။ ဇိဝှံ၊ ဇိဝှါပသာဒကို။ အနိစ္စန္တိ၊ ဟူ၍။ ပဿတိ၊ ၏။ပ။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ၏။

ပဌမံ၊ ရှေ့ဦးစွာသောသုတ်တည်း။

### ၂-ဗာဟိရနန္ဒိက္ခယသုတ်

၁၅၇။ ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သည်။ အနိစ္စေယေဝ၊ မမြဲသည်သာလျှင်ဖြစ်ကုန်သော။ ရူပေ၊ ရူပါရုံတို့ကို။ အနိစ္စာတိ၊ မမြဲကုန်ဟူ၍။ ပဿတိ၊ ရှု၏။ သာ၊ ထိုရှုမြင်ခြင်းသည်။ အဿ၊ ၏။ သမ္မာဒိဋ္ဌိ၊ သည်။ ဟောတိ၊ ၏။ (အကြွင်း လွယ်၏၊ နည်းမှီး၍ ပေးလေ။) ဣတိ၊ ၏။

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

### ၃-အဇ္ဈတ္တအနိစ္စနန္ဒိက္ခယသုတ်

၁၅၈။ ဘိက္ခဝေ၊ တို့။ စက္ခုံ၊ စက္ခုပသာဒကို။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ မနသိကရောထ၊ နှလုံးသွင်းကြကုန်လော့။ စက္ခာနိစ္စတဉ္စ၊ စက္ခုပသာဒ၏ မမြဲသည်၏ အဖြစ်ကိုလည်း။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမနုပဿထ၊ ကောင်းစွာ အဖန်တလဲလဲရှုကြကုန်လော့။ ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သည်။ စက္ခုံ၊ ကို။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ မနသိကရောန္တော၊ နှလုံးသွင်းသည်ရှိသော်။ စက္ခာနိစ္စတဉ္စ၊ စက္ခုပသာဒ၏ မမြဲသည်၏အဖြစ်ကိုလည်း။

ယထာဘူတံ၊ စွာ။ သမနုပဿနေ္တာ၊ ကောင်းစွာအဖန်တလဲလဲရှုသည်ရှိသော်။ ဓမ္မေသုပိ၊ ဓမ္မ-
ပသာဒ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နန္ဒိက္ခယာ၊ နှစ်သက်ခြင်း၏ ကုန်ခြင်းကြောင့်။ ရာဂက္ခယော၊
ရာဂ၏ကုန်ခြင်းသည်။ (ဟောတိ၊ ၏။) ရာဂက္ခယာ၊ ရာဂ၏ ကုန်ခြင်းကြောင့်။ နန္ဒိက္ခယော၊
နှစ်သက်ခြင်း၏ ကုန်ခြင်းသည်။ (ဟောတိ၊ ၏။) နန္ဒိရာဂက္ခယာ၊ နှစ်သက်ခြင်း တပ်မက်ခြင်း၏
ကုန်ခြင်းကြောင့်။ စိတ္တံ၊ စိတ်သည်။ ဝါ၊ ကို။ သုဝိမုတ္တန္တိ၊ ကောင်းစွာလွတ်ပြီဟူ၍။ ဝုစ္စတိ
ဆိုအပ်၏။ (အကြွင်း လွယ်၏၊ နည်းမှီး၍ ပေးလေ။)

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-ဗာဟိရာနန္ဒိက္ခယသုတ်

၁၅၉။ ဘိက္ခဝေ၊ တို့။ ရူပေ၊ ရူပါရုံတို့ကို။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။
မနသိကရောထ၊ နှလုံးသွင်းကြကုန်လော့။ ရူပါနိစ္စတဉ္စ၊ ရူပါရုံတို့၏ မမြဲသည်၏ အဖြစ်ကိုလည်း။
ယထာဘူတံ၊ စွာ။ သမနုပဿထ၊ ကုန်လော့။ (အကြွင်း လွယ်၏၊ အောက်သုတ်ကိုမှီး၍ ပေးလေ။)

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ဇီဝကမ္ဗဝနသမာဓိသုတ်

၁၆၀။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ရာဇဂဟေ၊
ရာဇဂြိုဟ်ပြည်၌။ ဇီဝကမ္ဗဝနေ၊ ဇီဝက၏ သရက်တောဥယျာဉ်၌။ ဝိဟရတိ၊ နေတော်မူ၏။
တတြ ခေါ၊ ထိုသို့နေတော်မူသောအခါ၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ "ဘိက္ခဝေါတိ၊
ရဟန်းတို့" ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူ[illegible]ပ။ ဘိက္ခဝေ၊ တို့။ သမာဓိံ၊ သမာဓိကို။
ဘာဝေထ၊ ပွါးများကြကုန်လော့။ ဘိက္ခဝေ၊ တို့။ သမာဟိတဿ၊ တည်ကြည်သော။ ဘိက္ခုနော၊
ရဟန်း၏ ဉာဏ်၌။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဩက္ကာယတိ၊ ထင်၏။ ကိဉ္စ၊ အဘယ်သို့လျှင်။
ယထာဘူတံ၊ စွာ။ ဩက္ကာယတိ၊ ထင်သနည်း။ စက္ခု၊ စက္ခုပသာဒသည်။ အနိစ္စန္တိ၊ မမြဲဟူ၍။
ယထာဘူတံ၊ စွာ။ ဩက္ကာယတိ၊ ထင်၏။ ရူပါ၊ [illegible]သည်။ အနိစ္စာတိ၊ မမြဲကုန်ဟူ၍။ ယထာဘူတံ၊
စွာ။ ဩက္ကာယတိ၊ ထင်၏။ စက္ခုဝိညာဏံ၊ သည်။ အနိစ္စန္တိ၊ ဟူ၍။ ယထာဘူတံ၊ စွာ။ ဩက္ကာယတိ၊
ထင်၏။ (အကြွင်း လွယ်၏၊ နည်းမှီး၍ ပေးလေ။) ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-ဇီဝကမ္ဗဝနပဋိသလ္လာနသုတ်

၁၆၁။ ဧကံ၊ သော။ သမယံ၊ ၌။ ဘဂဝါ၊ သည်။ ရာဇဂဟေ၊ ၌။ ဇီဝကမ္ဗဝနေ၊ ၌။ ဝိဟရတိ၊
၏။ တတြခေါ၊ ၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ တို့ကို။ "ဘိက္ခဝေါတိ၊ ရဟန်းတို့" ဟူ၍။ အာမန္တေသိ၊
ခေါ်တော်မူပြီ။ပ။ဘိက္ခဝေ၊တို့။ပဋိသလ္လာနေ၊တယောက်အထီးတည်း ကိန်းအောင်းခြင်း၌။ယောဂံ၊
အားထုတ်ခြင်းသို့။ အာပဇ္ဇထ၊ ရောက်ကြကုန်လော့။ ဘိက္ခဝေ၊ တို့။ ပဋိသလ္လီနဿ၊တယောက်
အထီးတည်းကိန်းအောင်းသော။ ဘိက္ခုနော၊ ရဟန်း၏ဉာဏ်၌။ ယထာဘူတံ၊ စွာ။ ဩက္ကာယတိ၊
ထင်၏။ (အကြွင်း လွယ်၏၊ အောက်သုတ်ကို မှီး၍ ပေးလေ။) ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-ကောဋ္ဌိကအနိစ္စသုတ်

၁၆၂။ အထ ခေါ၊ ထိုအခါ၌။ အာယသ္မာ မဟာကောဋ္ဌိကော၊ အရှင်မဟာကောဋ္ဌိကသည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ပ။ကေမန္တံ၊ ၌။ နိသိန္နော၊ သော။ အာယသ္မာ ကောဋ္ဌိကော၊ သည်။ ဘဂဝန္တံ၊ ကို။ "ဘန္တေ၊ မြတ်စွာဘုရား။ သာဓု၊ ကောင်းပန်ပါ၏။ အဟံ၊ တပည့်တော်သည်။ ဘဂဝတော၊ ၏။ ယံ ဓမ္မံ၊ အကြင်တရားကို။ သုတွာ၊ ကြားနာရ၍။ ဧကော၊ တယောက်အထီးတည်း။ ဝူပကဋ္ဌော၊ ဆိတ်ငြိမ်ရာသို့ကပ်သည်ဖြစ်၍။ အပ္ပမတ္တော၊ မမေ့မလျော့သည်ဖြစ်၍။ အာတာပီ၊ ကိလေသာတို့ကို ပူလောင်စေတတ်သော လုံ့လ ရှိသည်ဖြစ်၍။ ပဟိတတ္တော၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍။ ဝိဟရေယျံ၊ နေရာ၏။ တံ ဓမ္မံ၊ ထိုတရားကို။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဘဂဝါ၊ သည်။ မေ၊ အား။ ဒေသေတု၊ ဟောတော်မူပါလော့"ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားပြီ။

ကောဋ္ဌိက၊ ကောဋ္ဌိက။ ယံ ခေါ၊ အကြင်သဘောတရားသည်။ အနိစ္စံ၊ မမြဲ။ တတြ၊ ထိုမမြဲ သောသဘောတရား၌။ တေ၊ သင်သည်။ ဆန္ဒော၊ ဆန္ဒရာဂကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။ ကောဋ္ဌိက၊ က။ ကိဉ္စ၊ အဘယ်သဘောတရားသည်။ အနိစ္စံ၊ မမြဲသနည်း။ ကောဋ္ဌိက၊ က။ စက္ခု၊ စက္ခုပသာဒသည်။ အနိစ္စံ၊ မမြဲ။ တတြ၊ ထိုမမြဲသောစက္ခုပသာဒ၌။ တေ၊ သင်သည်။ ဆန္ဒော၊ ဆန္ဒရာဂကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။ ရူပါ၊ ရူပါရုံတို့သည်။ အနိစ္စာ၊ ကုန်။ တတြ၊ ထိုရူပါရုံတို့ ၌။ တေ၊ သင်သည်။ ဆန္ဒော၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ စက္ခုဝိညာဏံ၊ သည်။ အနိစ္စံ၊ မမြဲ။ တတြ၊ ၌။ တေ၊ သည်။ ဆန္ဒော၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ (အကြွင်း လွယ်၏၊ ပေးမြဲ။) ပ။ တိ၊ ဤသို့ မိန့်တော်မူပြီ။

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-ကောဋ္ဌိကဒုက္ခသုတ်

၁၆၃။ အထ ခေါ၊ ၌။ အာယသ္မာ မဟာကောဋ္ဌိကော၊ သည်။ပ။ကောဋ္ဌိက၊ က။ ယံ ခေါ၊ အကြင်သဘောတရားသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ တတြ၊ ထိုဆင်းရဲသောသဘောတရားတို့၌။ တေ၊ သင်သည်။ ဆန္ဒော၊ ကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။ ကောဋ္ဌိက၊ က။ ကိဉ္စ၊ အဘယ်သဘော တရားသည်။ ဒုက္ခံ၊ ဆင်းရဲသနည်း။ ကောဋ္ဌိက၊ က။ စက္ခု၊ သည်။ ဒုက္ခံ၊ ဆင်းရဲ၏။ တတြ၊ ထိုဆင်းရဲသော စက္ခုပသာဒ၌။ တေ၊ သည်။ ဆန္ဒော၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ (အကြွင်း လွယ်၏၊ နည်းမှီး၍ပေးလေ။) ပ။ တိ၊ ဤသို့ မိန့်တော်မူပြီ။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ကောဋ္ဌိကအနတ္တသုတ်

၁၆၄။ ကေဝလံ၊ ၌။ပ။ကောဋ္ဌိက၊ က။ ယော ခေါ၊ အကြင်သဘောတရားသည်။ အနတ္တာ၊ အတ္တမဟုတ်။ တတြ၊ ထိုအတ္တမဟုတ်သော သဘောတရား၌။ တေ၊ သင်သည်။ ဆန္ဒော၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ကောဋ္ဌိက၊ က။ ကော စ၊ အဘယ်သဘောတရားသည်။ အနတ္တာ၊ အတ္တ မဟုတ်သနည်း။ ကောဋ္ဌိက၊ က။ စက္ခု၊ သည်။ အနတ္တာ၊ အတ္တမဟုတ်။ တတြ၊ ထိုအတ္တမဟုတ်

သော စက္ခုပသာဒဉ္စ။ တေ၊ သည်။ ဆန္ဒော၊ ကို။ ပဟာထဗ္ဗော၊ အပ်၏။ (အကြွင်း လွယ်၏၊ နည်းမှီး၍ ပေးလေ။) ဣတိ၊ ဤသို့ မိန့်တော်မူပြီ။ ။

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-မိစ္ဆာဒိဋ္ဌိပဟာနသုတ်

၁၆၅။ အထ ခေါ၊ ၌။ အညတရော၊ သော။ ဘိက္ခု၊ သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ပ။ ဧကမန္တံ၊ ၌။ နိသိန္နော၊ သော။ သော ဘိက္ခု၊ သည်။ ဘဂဝန္တံ၊ ကို။ "ဘန္တေ၊ ဘုရား။ ကထံ၊ အဘယ်သို့လျှင်။ ဇာနတော သိသောသူသည်။ ကထံ၊ လျှင်။ ပဿတော၊ မြင်သောသူသည်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိကို။ ပဟီယတိ နုခေါ၊တိ၊ ပယ်အပ်ပါသနည်း"ဟူသော။ ဣဒံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားပြီ။

ဘိက္ခု၊ ရဟန်း။ စက္ခုံ၊ စက္ခုပသာဒကို။ အနိစ္စတော၊ မမြဲဟူ၍။ ဝါ၊ မမြဲသောအားဖြင့်။ ဇာနတော၊ သိသောသူသည်။ ပဿတော၊ မြင်သောသူသည်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိကို။ ဝါ၊ ဖောက်ပြန်သောမြင်ခြင်းကို။ ပဟီယတိ၊ ပယ်အပ်၏။ ရူပေ၊ တို့ကို။ အနိစ္စတော၊ ဟူ၍။ ဝါ၊ အားဖြင့်။ ဇာနတော၊ သည်။ ပဿတော၊ သည်။ မိစ္ဆာဒိဋ္ဌိ၊ ကို။ ပဟီယတိ၊ အပ်၏။ပ။ ဘိက္ခု၊ ရဟန်း။ ဧဝံ ခေါ၊ ဤသို့။ ဇာနတော၊ သည်။ ဧဝံ၊ သို့။ ပဿတော၊ သည်။ မိစ္ဆာဒိဋ္ဌိ၊ ကို။ ပဟီယတိ ပယ်အပ်၏။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

## ၁၁-သက္ကာယဒိဋ္ဌိပဟာနသုတ်

၁၆၆။ အထ ခေါ၊ ၌။ အညတရော၊ သော၊ ဘိက္ခု၊ သည်။ပ။ "ဘန္တေ၊ ဘုရား။ ကထံ၊ လျှင်။ ဇာနတော၊ သည်။ ကထံ၊ လျှင်။ ပဿတော၊ သည်။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို။ ဝါ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်း၌ မှားသောအယူကို။ ပဟီယတိ နုခေါ၊တိ၊ ပယ်အပ်ပါသနည်း"ဟူသော။ ဣဒံ၊ ကို။ အဝေါစ၊ ပြီ။

ဘိက္ခု၊ ရဟန်း။ စက္ခုံ၊ ကို။ ဒုက္ခတော၊ ဆင်းရဲဟူ၍။ ဇာနတော၊ သည်။ ပဿတော၊ သည်။ သက္ကာယဒိဋ္ဌိ၊ ကို။ ပဟီယတိ၊ အပ်၏။ (အကြွင်း လွယ်၏၊ နည်းမှီး၍ ပေးမြဲ။) ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

ဧကာဒသမံ၊ တဆယ့်တခုမြောက်သောသုတ်တည်း။

## ၁၂-အတ္တာနုဒိဋ္ဌိပဟာနသုတ်

၁၆၇။ အထ ခေါ၊ ၌။ အညတရော၊ သော။ ဘိက္ခု၊ သည်။ပ။ "ဘန္တေ၊ ဘုရား။ ကထံ၊ လျှင်။ ဇာနတော၊ သည်။ ကထံ၊ လျှင်။ ပဿတော၊ သည်။ အတ္တာနုဒိဋ္ဌိ၊ အတ္တသို့အစဉ်လိုက်၍ ဖြစ်သော မှားသောအယူကို။ ပဟီယတိ နုခေါ၊တိ၊ ပယ်အပ်ပါသနည်း"ဟူသော။ ဣဒံ၊ ကို။ အဝေါစ၊ ပြီ။

ဘိက္ခု၊ ရဟန်း။ စက္ခုံ၊ ကို။ အနတ္တတော၊ အတ္တမဟုတ်ဟူ၍။ ဝေနေတော၊ သည်၊ ပဿတော၊ သည်။ အတ္တာနုဒိဋ္ဌိ၊ ကို။ ပဟီယတိ၊ ပယ်အပ်၏။ (အကြောင်း လေ့လာ၏၊ နည်းမှီး၍ပေးမြဲ။) ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

ဖွဲ့ဆိုသမ်၊ ထဆယ့်နှစ်ချမြောက်သောသုတ်တည်း။

ပဌမော၊ ရှေးဦးစွာသော။ နန္ဒိက္ခယဝဂ္ဂေါ၊ သည်။

နိဋ္ဌိတော၊ ပြီးပြီ။

တဿ၊ ထိုနန္ဒိက္ခယဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

နန္ဒိက္ခယေန၊ နန္ဒိက္ခယသဒ္ဒါဖြင့်။ (ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။) စတ္တာရော၊ လေးသုတ်တို့ရှိရင်း။ ဇီဝကမ္ဗဝနေ၊ ဇီဝကမည်သော သရက်တောဥယျာဉ်၌။ (ဝုတ္တာ၊ ကုန်သော။) ဒုဝေ၊ နှစ်သုတ်တို့ရှိရင်း။ ကောဋ္ဌိကေန၊ ကောဋ္ဌိကသဒ္ဒါဖြင့်။ ဝုတ္တာ၊ ကုန်သော။ တယော၊ သုံးသုတ်တို့ရှိရင်း။ မိစ္ဆာ၊ မိစ္ဆာဒိဋ္ဌိပဟာနသုတ်ရင်း။ သက္ကာယ၊ သက္ကာယဒိဋ္ဌိပဟာနသုတ်ရင်း။ အတ္တနော၊ အတ္တာနုဒိဋ္ဌိပဟာနသုတ်ရင်း။ ဣတိ၊ ဤသည်တည်း။

---

## (၁၇) ၂-သင်္ဂဟပေယျာလဝဂ်

### ၁-အဇ္ဈတ္တအနိစ္စဆန္ဒသုတ်

၁၆၈။ ဘိက္ခဝေ၊ တို့။ ယံ၊ အကြင်သဘောတရားသည်။ အနိစ္စံ၊ မမြဲ။ တတြ၊ ထိုမမြဲသော သဘောတရား၌။ ဝေါ၊ သင်တို့သည်။ ဆန္ဒော၊ ဆန္ဒကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။ ဘိက္ခဝေ၊ တို့။ ကိဉ္စ၊ အဘယ်သဘောတရားသည်။ အနိစ္စံ၊ မမြဲပါသနည်း။ ဘိက္ခဝေ၊ တို့။ စက္ခု၊ သည်။ အနိစ္စံ၊ မမြဲ။ တတြ၊ ထိုမမြဲသောစက္ခုပသာဒ၌။ ဝေါ၊ တို့သည်။ ဆန္ဒော၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ပ။ ဘိက္ခဝေ၊ တို့။ ယံ၊ အကြင်စက္ခုပသာဒစသော သဘောတရားသည်။ အနိစ္စံ၊ မမြဲ။ တတြ၊ ထိုမမြဲသော စက္ခုပသာဒစသော သဘောတရား၌။ ဝေါ၊ တို့သည်။ ဆန္ဒော၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

### ၂-အဇ္ဈတ္တအနိစ္စရာဂသုတ်

၁၆၉။ ဘိက္ခဝေ၊ တို့။ ယံ၊ အကြင်သဘောတရားသည်။ အနိစ္စံ၊ မမြဲ။ တတြ၊ ထိုမမြဲသော သဘောတရား၌။ ဝေါ၊ သင်တို့သည်။ ရာဂေါ၊ ရာဂကို။ ပဟာတဗ္ဗော၊ အပ်၏။ ဘိက္ခဝေ၊ တို့။ ကိဉ္စ၊ အဘယ်သဘောတရားသည်။ အနိစ္စံ၊ နည်း။ ဘိက္ခဝေ၊ တို့။ စက္ခု၊ သည်။ အနိစ္စံ၊ မမြဲ။ တတြ၊ ၌။ ဝေါ၊ တို့သည်။ ရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ပ။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

### ၃-အဇ္ဈတ္တအနိစ္စဆန္ဒရာဂသုတ်

၁၇၀။ ဘိက္ခဝေ၊ တို့။ ယံ၊ သည်။ အနိစ္စံ၊ မမြဲ။ တတြ၊ ၌။ ဝေါ၊ တို့သည်။ ဆန္ဒရာဂေါ၊ အားကြီးသောရာဂကို။ ပဟာတဗ္ဗော၊ အပ်၏။ပ။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

## ၄-၆-ဒုက္ခဆန္ဒာဒိသုတ်

၁၇၁-၁၇၃။ ဘိက္ခဝေ၊ တို့။ ယံ၊ သည်။ ဒုက္ခံ၊ ဆင်းရဲ၏။ တတြ၊ ထိုဆင်းရဲသောသဘောတရား၌။ ဝေါ၊ တို့သည်။ ဆန္ဒော၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ဆန္ဒရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ (အကြွင်း လွှယ်၏၊ နည်းမှီး၍ ပေးလေ။) ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

## ၇-၉-အနတ္တဆန္ဒာဒိသုတ်

၁၇၄-၁၇၆။ ဘိက္ခဝေ၊ တို့။ ယော၊ အကြင်သဘောတရားသည်။ အနတ္တာ၊ အတ္တမဟုတ်။ တတြ၊ ထိုအတ္တမဟုတ်သောသဘောတရား၌။ ဝေါ၊ တို့သည်။ ဆန္ဒော၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ဆန္ဒရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ (အကြွင်း လွှယ်၏၊ နည်းမှီး၍ ပေးလေ။) ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

## ၁၀-၁၂-ဗာဟိရာနိစ္စဆန္ဒာဒိသုတ်

၁၇၇-၁၇၉။ ဘိက္ခဝေ၊ တို့။ ယံ၊ သည်။ အနိစ္စံ၊ မမြဲ။ တတြ၊ ၌။ ဝေါ၊ တို့သည်။ ဆန္ဒော၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ဆန္ဒရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ဘိက္ခဝေ၊ တို့။ ကိဉ္စ၊ သည်။ အနိစ္စံ၊ နည်း။ ဘိက္ခဝေ၊ တို့။ ရူပါ၊ တို့သည်။ အနိစ္စာ၊ ကုန်။ တတြ၊ ထိုမမြဲသောရူပါရုံတို့၌။ ဝေါ၊ တို့သည်။ ဆန္ဒော၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ဆန္ဒရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ (အကြွင်း လွှယ်၏၊ နည်းမှီး၍ ပေးလေ။) ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

## ၁၃-၁၅-ဗာဟိရဒုက္ခဆန္ဒာဒိသုတ်

၁၈၀-၁၈၂။ ဘိက္ခဝေ၊ တို့။ ယံ၊ သည်။ ဒုက္ခံ၊ ၏။ တတြ၊ ၌။ ဝေါ၊ တို့သည်။ ဆန္ဒော၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ဆန္ဒရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ဘိက္ခဝေ၊ တို့။ ကိဉ္စ၊ သည်။ ဒုက္ခံ၊ နည်း။ ဘိက္ခဝေ၊ တို့။ ရူပါ၊ တို့သည်။ ဒုက္ခာ၊ ကုန်၏။ တတြ၊ ထိုဆင်းရဲသောရူပါရုံတို့၌။ ဝေါ၊ တို့သည်။ ဆန္ဒော၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ဆန္ဒရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ (အကြွင်း လွှယ်၏၊ ပေးမြဲ။) ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

## ၁၆-၁၈-ဗာဟိရာနတ္တဆန္ဒာဒိသုတ်

၁၈၃-၁၈၅။ ဘိက္ခဝေ၊ တို့။ ယော၊ သည်။ အနတ္တာ၊ အတ္တမဟုတ်။ တတြ၊ ထိုအတ္တမဟုတ်သော သဘောတရား၌။ ဝေါ၊ တို့သည်။ ဆန္ဒော၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ ဆန္ဒရာဂေါ၊ ကို။ ပဟာတဗ္ဗော၊ အပ်၏။ (အကြွင်း လွှယ်၏၊ ရှေးနည်းအတိုင်း ပေးလေ။) ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

## ၁၉-အဇ္ဈတ္တာတီတာနိစ္စသုတ်

၁၈၆။ ဘိက္ခဝေ၊ တို့။ အတီတံ၊ အတိတ်ဖြစ်သော။ စက္ခု၊ စက္ခုပသာဒသည်။ အနိစ္စံ၊ မမြဲ။ ပ။ အတီတာ၊ သော။ ဇိဝှါ၊ သည်။ အနိစ္စာ၊ မမြဲ။ ပ။ အတီတော၊ သော။ မနော၊ သည်။ အနိစ္စော၊

၂၃၉။ ဘိက္ခဝေ၊ တို့။ တီဟိ၊ သုံးပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခု၊ ရဟန်းသည်။ ဒိဋ္ဌေဝ ဓမ္မေ၊ ပစ္စုပ္ပန်အတ္တဘော၌သာလျှင်။ သုခသောမနဿ-ဗဟုလော၊ များသောကိုယ်၏ချမ်းသာခြင်း, စိတ်၏ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရ၏။ အဿ၊ ထိုရဟန်းသည်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယာယ၊ ကုန်စေသော အရဟတ္တမဂ်အကျိုးငှါ။ ယောနိ စ၊ အကြောင်းကိုလည်း[၁]။ အာရဒ္ဓါ၊ အားထုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ကတမေဟိ တီဟိ၊ အဘယ်တရားသုံးပါးတို့နှင့်နည်း။ ဣန္ဒြိယေသု၊ စက္ခုစသော ဣန္ဒြေတို့၌။ ဂုတ္တဒွါရော၊ စောင့်စည်းအပ်သော တံခါးရှိသည်။ ဟောဂ၊ ၏။ ဘောဇနေ၊ ဘောဇဉ်၌။ မတ္တညူ၊ (ခံယူခြင်း, သုံးဆောင်ခြင်း၌) အတိုင်းအရှည်ကို သိသည်။ (ဟောတိ၊ ၏။) ဇာဂရိယံ၊ နိုးကြားခြင်းတည်းဟူသော လုံ့လကို။ အနုယုတ္တော၊ အဖန်တလဲလဲ အားထုတ်အပ်သည်။ (ဟောတိ၊ ၏။) (ကထဉ္စ ဘိက္ခဝေမှ မနိန္ဒြိယေ သံဝရံ အာပဇ္ဇတိအထိ စာပိုဒ်၁၂၀-သာရိပုတ္တသဒ္ဒိဝိဟာရိကသုတ်အတိုင်းပေးလေ။) ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ သုဘူမိယံ၊ ညီညွတ်သော မြေ၌။ စာတုမဟာပထေ၊ လမ်းလေးခွ၌။ ယုတ္တော၊ ကအပ်သော။ ဋ္ဌိတော၊ တည်သော။ ဩဓသ္တ-ပတောဒေါ၊ (ရထား၏အလယ်၌ ဖီလာအားဖြင့် ချထားအပ်သော) နှင်တံရှိသော။ အာဇည-ရထော၊ အာဇာနည်မြင်းရထားသည်။ အဿ၊ ရှိရာ၏။ တမေနံ၊ ထိုအာဇာနည်မြင်းရထားကို။ ဒက္ခော၊ လိမ္မာသော။ ယောဂ္ဂါစရိယော၊ မြင်းတို့၏ဆရာဖြစ်သော။ အဿဒမ္မသာရထိ၊ ဆုံးမ အပ်သောမြင်းတို့ကို သွားစေတတ်သော ရထားထိန်းသည်။ အဘိရုဟိတွာ၊တက်စီး၍။ ဝါမေန ဟတ္ထေန၊ လက်ဝဲလက်ဖြင့်။ ရသ္မိယော၊ ကြိုးတို့ကို။ ဂဟေတွာ၊ ဆွဲကိုင်၍။ ဒက္ခိဏေန ဟတ္ထေန၊ လကျ်ာလက်ဖြင့်။ ပတောဒံ၊ နှင်တံကို။ ဂဟေတွာ၊ ၍။ ယေနိစ္ဆကံ၊ အကြင် အကြင် အလိုရှိ အပ်သော လမ်းဖြင့်။ ယဒိစ္ဆကံ၊ အကြင် အကြင် အလိုရှိတိုင်း။ သာရေယျပိ သေယျထာပိ၊ ပြောင့်ပြောင့် ရှေးရှု သွားစေရာသကဲ့သို့။ ပစ္စာသာရေယျပိ- သေယျထာပိ၊ နောက်သို့လည်း ဆုတ်စေရာသကဲ့သို့။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ဘိက္ခု၊ သည်။ ဆန္နံ၊ ကုန်သော။ ဣမေသံ ဣန္ဒြိယာနံ၊ တို့ကို။ အာရက္ခာယ၊ စောင့်ရှောက်ခြင်းအကျိုးငှါ။ သိက္ခတိ၊ ကျင့်၏။ သံယမာယ၊ စောင့်စည်းခြင်းအကျိုးငှါ။ သိက္ခတိ၊ ၏။ ဒမာယ၊ ဆုံးမခြင်းအကျိုးငှါ။ သိက္ခတိ၊ ၏။ ဥပသမာယ၊ ကိလေသာတို့ကို ငြိမ်းစေခြင်းအကျိုးငှါ။ သိက္ခတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ လျှင်။ ဘိက္ခု၊ သည်။ ဣန္ဒြိယေသု၊ တို့၌။ ဂုတ္တဒွါရော၊ ရှိသည်။ ဟောတိ၊ ၏။

(ကထဉ္စ ဘိက္ခဝေမှ ဇာသုဝိဟာရော စ ဘဝိဿတိ အထိ စာပိုဒ် ၁၂၀-သာရိပုတ္တသဒ္ဒိဝိဟာရိကသုတ် အတိုင်း ပေးလေ။) ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ပုရိသော၊ သည်။ ယာဝဒေဝ၊ အကြင်မျှ ဖဲလောက်သာလျှင်ဖြစ်သော။ ဝဏဿ၊ အမာကို။ ရောဟနတ္ထာယ၊ အသားနုတက်ရန်အလို့ငှါ။ အာလိမ္ပေယျ သေယျထာပိ၊ ဆေးကို လိမ်းကျံရာသကဲ့သို့ရင်း။ ပန၊ ဥပမာတနည်းသော်ကား။ ယာဝဒေဝ၊ အကြင်မျှလောက်သာလျှင်ဖြစ်သော။ ဘာရဿ၊ ဝန်ကို။ နိတ္ထရဏတ္ထာယ၊ ထုတ်ဆောင်ခြင်းအကျိုးငှါ။ အက္ခံ၊ လှည်းဝင်ရိုးကို။ အဗ္ဘဉ္ဇေယျ သေယျထာ ဝါ၊ ဆီထည့်ရာသကဲ့သို့ရင်း။ ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ လျှင်။ ဘိက္ခု၊ သည်။ပ။ ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ လျှင်။ ဘိက္ခု၊ သည်။ ဘောဇနေ၊ ၌။ မတ္တညူ၊ သည်။ ဟောတိ၊ ၏။

---

၁။ ယတတိ ဧတေန ဖလံ မိဿိတံ ဝိယ ဟောတိတိ ယောနိ၊ ကေနိုက်ကာရဏံ။ ငို။

(ကထဝ္ထုဘိက္ခုဝေမှ စိတ္တံ့ ပရိသောဓေတိ-အထိ စာပိုဒ် ၁၂၀-သာရိပုတ္တသဒ္ဓိဝိဟာရိကသုတ်အတိုင်း ပေးလေ။) ဘိက္ခဝေ၊ တို့။ ဇဝံ ခေါ၊ လျှင်။ ဘိက္ခု၊ သည်။ ဘောဇနေ၊ ကို။ အနုယုတ္တော၊ အပ်သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ကထံ၊ ဘယ်ကဲ့သို့။ ဘိက္ခု၊ သည်။ ဇာဂရိယံ၊ ကို။ အနုယုတ္တော၊ အပ်သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာ၌။ ဘိက္ခု၊ သည်။ ဒိဝသံ၊ နေ့ပတ်လုံး။ စင်္ကမေန၊ စင်္ကြံသွားခြင်းဖြင့်။ ... (ဆက်ရန်)

ဒုတိယံ၊ နှစ်ခုမြောက်ဒသာသုတ်တည်း။

## ၃-ကုမ္မောပမသုတ်

၂၄၀။ ဘိက္ခဝေ၊ တို့။ ဘူတပုဗ္ဗံ၊ ရှေး၌ဖြစ်ဘူးသည်သား။ ကုမ္မော၊ ကျောက်ကုန်း၌ထက်သော အရိုးရှိသော။ ကစ္ဆပေါ၊ လိပ်သည်။ (ထနည်း-ကစ္ဆပေါ၊ လက်ကတီးကြားဖြင့် ရေကိုသောက်တတ် သော။ ကုမ္မော၊ ဆိချိုလိပ်သည်။) သာယန္ဟသမယံ၊ ညနေချမ်းအခါ၌။ အနုနဒီတီရေ၊ မြစ်ကမ်းနား၌[၁]။ ဂေါစရပသုတော၊ ကျက်စားခြင်းငှါအားထုတ်သည်။ ဝါ၊ အစာရှာထွက်သည်။ အဟောသိ။ ဖြစ်ပြီ။ ဘိက္ခဝေ၊ တို့။ သိင်္ဂါလောပိ၊ မြေခွေးသည်လည်း။ သာယန္ဟသမယံ၊ ၌။ အနုနဒီတီရေ၊ ၌။ ဂေါစရပသုတော၊ သည်။ အဟောသိ၊ ပြီ။ ဘိက္ခဝေ၊ တို့။ ကစ္ဆပေါ၊ သော။ ကုမ္မော၊ သည်။ သိင်္ဂါလံ၊ ကို။ ဒူရတောဝ၊ အဝေးမှသာလျှင်။ ဂေါစရပသုတံ၊ ကျက်စားခြင်းငှါ အားထုတ်သည် ကို။ ဝါ၊ အစာရှာထွက်သည် ကို။ အဒ္ဒသာ ခေါ၊ မြင်ပြီ။ဒိသွာန၊ မြင်ပြီး၍။ သောဏ္ဍိပဉ္စမာနိ၊ ဦးခေါင်းတည်းဟူသော နှာမောင်းလျှင် ငါးခုမြောက်ရှိကုန်သော။ အင်္ဂါနိ၊ အင်္ဂါတို့ကို။ သကေ ကပါလေ၊ မိမိဥစ္စာဖြစ်သော လိပ်ခွံတွင်း၌။ သမောဒဟိတွာ၊ ကောင်းစွာထား၍။ အပ္ပေါသုက္ကော၊ ကြောင့်ကြမဲ့။ တုဏှီဘူတော၊ ဆိတ်ဆိတ်ဖြစ်၍။ သင်္ကသာယတိ၊ နေ၏။ ဘိက္ခဝေ၊ တို့။ သိင်္ဂါလောပိ၊ မြေခွေးသည်လည်း။ ကစ္ဆပံ၊ သော။ ကုမ္မံ၊ ကို။ ဒူရတောဝ၊ မှသာလျှင်။ ဂေါစရပသုတံ၊ သည်ကို။ အဒ္ဒသာ ခေါ၊ မြင်သည်သာလျှင်တည်း။ ဒိသွာန၊ မြင်ပြီး၍။ ယေန၊ အကြင်အရပ်၌။ ကစ္ဆပေါ၊ သော။ ကုမ္မော၊ သည်။ (အတ္ထိ၊ ရှိ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်ပြီ။ ဥပသင်္ကမိတွာ၊ ပြီး၍။ ကစ္ဆပံ၊ သော။ ကုမ္မံ၊ ကို။ "ယဒါ၊ အကြင်အခါ၌။ ကစ္ဆပေါ၊ သော။ အယံ ကုမ္မော၊ သည်။ သောဏ္ဍိပဉ္စမာနံ၊ ကုန်သော။ အင်္ဂါနံ၊ အင်္ဂါတို့တွင်။ အညတရံ ဝါ အညတရံ ဝါ၊ အမှတ်မထားတပါးပါးလည်းဖြစ်သော။ အင်္ဂံ၊ အင်္ဂါကို။ အဘိနိန္နာမေဿတိ၊ ရှေးရှုညွတ်စေလတ္တံ့။ ဝါ၊ အပြင်သို့ထုတ်လတ္တံ့။ တတ္ထေဝ၊ ထိုအခါ၌သာလျှင်။ နံ၊ ထိုလိပ်ကို။ ဂဟေတွာ၊ ဖမ်းယူ၍။ ဥဒ္ဒါလိတွာ၊ ချွံ၍။ ခါဒိဿာမိတိ၊ စားအံ့" ဟူ၍။ ပစ္စုပဋ္ဌိတော၊ ရှေးရှုတည်သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ယဒါ ခေါ၊ အကြင် အခါ၌ကား။ ကစ္ဆပေါ၊ သော။ ကုမ္မော၊ သည်။ သောဏ္ဍိပဉ္စမာနံ၊ ကုန်သော။ အင်္ဂါနံ၊ တို့တွင်။ အညတရံ ဝါ အညတရံ ဝါ၊ သော။ အင်္ဂံ၊ ကို။ န အဘိနိန္နာမေတိ၊ ရှေးရှုမညွတ်စေ။ ဝါ၊ အပြင်သို့မထုတ်။ အထ၊ ထိုအခါ၌။ သိင်္ဂါလော၊ သည်။ ကုမ္မမှာ၊ လိပ်မှ။ ဩတာရံ၊ အခွင့်ကို။ အလဘမာနော၊ မရသည်ဖြစ်၍။ နိဗ္ဗိဇ္ဇ၊ ငြီးငွေ့၍။ ပက္ကာမိ၊ ဖဲသွားပြီ။

ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ပါပိမာ၊ ယုတ်မာသော။ မာရော၊ ကိလေသမာရ်သည်။ တုမှေပိ၊ သင်တို့ကိုလည်း။ သတတံ၊ အမြဲ။ သမိတံ၊ မပြတ်။ "အပ်၊ ငါသည်။

---

၁။ မောဂ်၊ ၃-ကဏ္ဍ၊ ၆-သုတ်၌ အနုပုဒ်နှင့် သမာသ်ဖြစ်ပုံများနှင့် အနက်များကိုရှုလေ။

ဟူမေသံ၊ ဤရဟန်းတို့၏။ စက္ခုသော ဝါ၊ စက္ခုပသာဒမှလည်း။ ဩတာရံ၊ အခွင့်ကို။ အပေ့ဝ- နာမ လဘေယျုံ၊ ရကောင်းရာ၏ ။ ပ ။ ဇိဝှါသော ဝါ၊ ဇိဝှါပသာဒမှလည်း။ ဩတာရံ၊ ကို အပေ့ဝ နာမ လဘေယျုံ၊ ရကောင်းရာ၏။ မနသော ဝါ၊ စိတ်မှလည်း။ ဩတာရံ၊ အခွင့်ကို။ အပေ့ဝ နာမ လဘေယျုန္တိ၊ ရကောင်းရာ၏" ဟူ၍။ ပစ္စုပဋ္ဌိတော၊ ရှေးရှုတည်၏။ ဘိက္ခဝေ၊ တို့။ တသ္မာ၊ ထို့ကြောင့်။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ဣန္ဒြိယေသု၊ စက္ခုစသော ဣန္ဒြေတို့၌။ ဂုတ္တဒွါရာ၊ စောင့်စည်းအပ်သော တံခါးရှိကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။ စက္ခုနာ၊ စက္ခုပသာဒဖြင့်။ ရူပံ၊ ရူပါရုံကို။ ဒိသွာ၊ မြင်ကုန်၍။ နိမိတ္တဂ္ဂါဟီနော၊ ကုန်သည်။ မာ အဟုဝတ္ထ၊ မဖြစ်ကြကုန်လင့်။ အနုဗျဉ္ဇနဂ္ဂါဟီနော၊ ကုန်သည်။ မာ အဟုဝတ္ထ၊ မဖြစ်ကြကုန်လင့်။ ယတွာဓိကရဏံ (ယတောအဓိကရဏံ)၊ အကြင်စက္ခုဣန္ဒြေကို မစောင့်စည်းခြင်း ဟူသော အကြောင်းကြောင့်။ စက္ခုန္ဒြိယံ၊ ကို။ အသံဝုတံ၊ မစောင့်စည်းသည်ဖြစ်၍။ ဝိဟရန္တံ၊ နေသော။ နံ၊ ထိုရဟန်းကို။ အဘိဇ္ဈာဒေါမနဿာ၊ အလိုကြီးခြင်း, နှလုံးမသာယာခြင်းဟု ဆိုအပ်ကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အန္ဝာဿဝေယျုံ၊ အဖန်အလဲလဲ နှိပ်စက်ညှဉ်းဆဲကုန်ရာ၏။ တဿ၊ ထိုစက္ခုန္ဒြေကို။ သံဝရာယ၊ စောင့်စည်းခြင်းငှါ။ ပဋိပဇ္ဇထ၊ ကျင့်ကြကုန်လော့။ စက္ခုန္ဒြိယံ၊ ကို။ ရက္ခထ၊ စောင့်ရှောက်ကြကုန်လော့။ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌။ သံဝရံ၊ စောင့်စည်းခြင်းသို့။ အာပဇ္ဇထ၊ ရောက်ကြကုန်လော့။ သောတေန၊ ဖြင့်။ သဒ္ဒံ၊ ကို။ သုတွာ၊ ၍။ (နိမိတ္တဂ္ဂါဟီနော၊ ကုန်သည်။ မာ အဟုဝတ္ထ၊ ကုန်လင့်။ပ။ သောတိန္ဒြိယေ၊ သောတိန္ဒြေ၌။ သံဝရံ၊ သို့။ အာပဇ္ဇထ၊ ကုန်လော့။ (အကြွင်း နည်းမှီး၍ ပေးကြလေ။) ဘိက္ခဝေ၊ တို့။ ယတော၊ အကြင်အခါ၌။ တုမှေ၊ သင်တို့သည်။ ဣန္ဒြိယေသု၊ စက္ခုစသော ဣန္ဒြေတို့၌။ ဂုတ္တဒွါရာ၊ ကုန်သည်။ (ဟုတွာ၊ ဖြစ်ကုန်၍။) ဝိဟရိဿထ၊ နေကြကုန်လတ္တံ့။ အထ၊ ထိုအခါ၌။ ပါပိမာ၊ သော။ မာရော၊ သည်။ တုမှေဟိပိ၊ သင်တို့မှလည်း။ ဩတာရံ၊ ကို။ အလဘမာနော၊ ဖြစ်၍။ သိင်္ဂါလော၊ သည်။ ကုမ္မမှာ၊ မှ။ ဂ မတိ ဟုဝ၊ ဖဲသွား သကဲ့သို့။ နိဗ္ဗိဇ္ဇ၊ ၍။ ပက္ကမိဿတိ၊ ဖဲသွားလတ္တံ့။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

ကုမ္မော၊ လိပ်သည်။ အင်္ဂါနိ၊ ဦးခေါင်းထည်းဟူသော နှာမောင်းလျှင် ငါးခုမြောက် သော အင်္ဂါတို့ကို။ သကေ ကပါလေ၊ မိမိ၏ ဥစ္စာဖြစ်သော လိပ်ခွံ၌။ သမောဒဟံ၊ ကောင်းစွာထားသည်ဖြစ်၍။ (သိင်္ဂါလဿ၊ မြေခွေးအား။ ဩတာရံ၊ အခွင့်ကို။ န ဒေတိ ဣဝ၊ မပေးသကဲ့သို့ရင်း။ သိင်္ဂါလော၊ သည်။ နံ၊ ထိုလိပ်ကို။ န ပသဟတိ ဣဝ၊ မညှဉ်းဆဲနိုင်သကဲ့သို့ရင်း။) ဧဝံ၊ ဤအတူ။ ဘိက္ခု၊ ရဟန်းသည်။ မနောဝိတက္ကေ၊ မိမိ၏ စိတ်အကြံအစည်တို့ကို။ (သကေ၊ မိမိ၏ ဥစ္စာဖြစ်သော။ အာရမ္မဏကပါလေ၊ အာရုံတည်း ဟူသော ခွက်၌။ သမောဒဟံ၊ ဖြစ်၍။ ကိလေသမာရဿ၊ ကိလေသမာရ်အား။ ဩတာရံ၊ အခွင့်ကို။ န ဒေတိ၊ မပေး။ မာရော စ၊ ကိလေသာ မာရ်သည်လည်း။ နံ၊ ထိုရဟန်းကို။ န ပသဟတိ၊ မညှဉ်းဆဲနိုင်။ အနိဿိတော၊ တဏှာဒိဋ္ဌိတို့ကို မမှီသော။ အညံ၊ တပါးသော ပုဂ္ဂိုလ်ကို။ အဟေဌယာနော၊ မညှဉ်းဆဲသော။ ပရိနိဗ္ဗုတော၊ ကိလေသာငြိမ်းပြီးသော ပုဂ္ဂိုလ်သည်။ ကဉ္စိ၊ တစုံတယောက်သော ပုဂ္ဂိုလ်ကို။ နူပဝဒေယျ (န ဥပဝဒေယျ)၊ ဒီလအာစာရစသည်ဖြင့် မစွပ်စွဲရာ။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-ပဌမဒါရုက္ခန္ဓောပမသုတ်

၂၄၁။ ဧကံ၊ သော။ သမယံ၊ ၌။ ဘဂဝါ၊သည်။ ကောသမ္ဗိယံ၊ ကောသမ္ဗီပြည်၌။ ဂင်္ဂါယ နဒိယာ၊ ဂင်္ဂါမြစ်၏။ တီရေ၊ ကမ်းနား၌။ ဝိဟရတိ၊ နေတော်မူ၏။ ဘဂဝါ၊ သည်။ ဂင်္ဂါယ နဒိယာ၊ ဂင်္ဂါမြစ်၏။ သောတေန၊ရေအလျဉ်ဖြင့်။ ဝုယှမာနံ၊ မျောအပ်သော။ ဝါ၊ မျောသော။ မဟန္တံ၊ ကြီးစွာသော။ ဒါရုက္ခန္ဓံ၊ သစ်တုံးကို။ အဒ္ဒသာ ခေါ၊ မြင်တော်မူပြီ။ ဒိသွာန၊ မြင်ပြီး၍။ ဘိက္ခူ၊ တို့ကို။ "ဘိက္ခဝေ၊ တို့။ တုမှေ၊ သင်တို့သည်။ (ပဿထ၌ စပ်။) နော၊ ငါတို့သည်။ ဂင်္ဂါယ နဒိယာ၊ ၏။ သောတေန၊ ဖြင့်။ ဝုယှမာနံ၊ သော။ မဟန္တံ၊ ကြီးစွာသော။ အမုံ ဒါရုက္ခန္ဓံ၊ ဤမည်သော သစ်တုံးကို။ ပဿထ နော ပဿထ နုတိ၊ မြင်ကြကုန်၏လော" ဟူ၍။ အာမန္တေသိ၊ မိန့်တော်မူပြီ။ ဘန္တေ၊ ဟုး။ ဧဝံ၊ ကောင်းပါပြီ။ (ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်ပြီ။) ဘိက္ခဝေ၊ တို့။ သော ဒါရုက္ခန္ဓော၊ သည်။ ဩရိမံ တီရံ၊ ဤမှာဘက်ကမ်းသို့။ သစေ န ဥပဂစ္ဆတိ၊ အကယ်၍ မကပ်ရောက်သည်ဖြစ်အံ့။ ပါရိမံ တီရံ၊ ထိုမှာဘက်ကမ်းသို့။ သစေ န ဥပဂစ္ဆတိ၊ အကယ်၍ မကပ်ရောက်သည်ဖြစ်အံ့။ မဇ္ဈေ၊ ရေ၏အလယ်၌။ သစေ န သံသီဒိဿတိ၊ အကယ်၍ မနစ်မြုပ်သည်ဖြစ်အံ့။ ထလေ၊ကြည်းကုန်းထက်၌။ သစေ န ဥဿီဒိဿတိ၊ အကယ်၍ မတင်သည်ဖြစ်အံ့။ မနုဿဂ္ဂါဟော၊ ဆယ်ယူတတ်သောလူသည်။ သစေ န ဂဟေဿတိ၊ အကယ်၍ မဆယ်ယူသည်ဖြစ်အံ့။ အမနုဿဂ္ဂါဟော၊ ဆယ်ယူတတ်သော လူမှ တပါးသော နတ်, ဘီလူးစသည်သည်။ သစေ န ဂဟေဿတိ၊ အကယ်၍ မဆယ်ယူသည်ဖြစ်အံ့။ အာဝဋ္ဋဂ္ဂါဟော၊ စုတ်ယူတတ်သော ဝဲသည်။သစေ န ဂဟေဿတိ၊ အကယ်၍ မစုတ်ယူသည်ဖြစ်အံ့။ အန္တောပူတိ၊ အတွင်း၌ ပုပ်ဆွေးသည်။ သစေ န ဘဝိဿတိ၊ အကယ်၍ မဖြစ်လတ္တံ့။ ဘိက္ခဝေ၊ တို့။ ဧဝံ ဟိ၊ ဤသို့ဖြစ်သည်ရှိသော်။ သော ဒါရုက္ခန္ဓော၊ သည်။ သမုဒ္ဒနိန္နော၊ သမုဒ္ဒရာသို့ ညွတ်သည်။ သမုဒ္ဒပေါဏော၊ သမုဒ္ဒရာသို့ ကိုင်းသည်။ သမုဒ္ဒပဗ္ဘာရော၊ သမုဒ္ဒရာသို့ ရှိုင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တံ၊ ထိုသို့ဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ်မည်သော အကြောင်းကြောင့်နည်း။ ဘိက္ခဝေ၊ တို့။ ဂင်္ဂါယ နဒိယာ၊ ၏။ သောတော၊ ရေအလျဉ်သည်။ သမုဒ္ဒနိန္နော၊ သမုဒ္ဒရာသို့ ညွတ်၏။ သမုဒ္ဒပေါဏော၊ သမုဒ္ဒရာသို့ ကိုင်း၏။ သမုဒ္ဒပဗ္ဘာရော၊ သမုဒ္ဒရာသို့ရှိုင်း၏။ (တသ္မာ၊ ထို့ကြောင့်တည်း။)

ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ တုမှေပိ၊ သင်တို့သည်သည်း။ ဩရိမံ တီရံ၊ သို့။ သစေ န ဥပဂစ္ဆထ၊ အကယ်၍ မကပ်ရောက်ကုန်သည်ဖြစ်အံ့။ ပါရိမံ တီရံ၊ သို့။ သစေ န ဥပဂစ္ဆထ၊ အံ့။ မဇ္ဈေ၊ အလယ်၌။ သစေ န သံသီဒိဿထ၊ အကယ်၍ မနစ်မြုပ်ကုန်သည်ဖြစ်အံ့။ ထလေ၊ ကြည်းကုန်းထက်၌။ သစေ န ဥဿီဒိဿထ၊ အကယ်၍ မတင်ကုန်သည်ဖြစ်အံ့။ မနုဿဂ္ဂါဟော၊ သည်။ သစေ န ဂဟေဿတိ၊ အံ့။ အမနုဿဂ္ဂါဟော၊ သည်။ သစေ န ဂဟေဿတိ၊ အံ့။ အာဝဋ္ဋဂ္ဂါဟော၊ သည်။ သစေ န ဂဟေဿတိ၊ အံ့။ အန္တောပူတိ၊ အတွင်း၌ ပုပ်ဆွေးကုန်သည်။ သစေ န ဘဝိဿထ၊ ကုန်လတ္တံ့။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤသို့ဖြစ်ကုန်သည်ရှိသော်။ တုမှေ၊ တို့သည်။ နိဗ္ဗာနနိန္နာ၊ နိဗ္ဗာန်သို့ညွတ်ကုန်သည်။ နိဗ္ဗာနပေါဏာ၊ နိဗ္ဗာန်သို့ ကိုင်းကုန်သည်။ နိဗ္ဗာနပဗ္ဘာရာ၊ နိဗ္ဗာန်သို့ရှိုင်းကုန်သည်။ ဘဝိဿထ၊ ကုန်လတ္တံ့။ တံ၊ ထိုသို့ဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ နည်း။ ဘိက္ခဝေ၊ တို့။ သမ္မာဒိဋ္ဌိ၊ သည်။ နိဗ္ဗာနနိန္နာ၊ ၏။ နိဗ္ဗာနပေါဏာ၊ ၏။ နိဗ္ဗာနပဗ္ဘာရာ၊ ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်တည်း။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ သော်။ အညတရော၊ တပါးသော။ ဘိက္ခု၊ သည်။ ဘဂဝန္တံ၊ ကို။ "ဘန္တေ၊ ဟုး။

ပြည်ရိမံ တီရံ၊ ဤမှာဘက်ကမ်းဟူသည်၊ ကိံ နုံ ခေါ၊ အဘယ်ပါနည်း။ ပါရိမံ တီရံ၊ ဟူသည်၊ ကိံ နု ခေါ၊ နည်း။ မဇ္ဈေ၊ အလယ်၌။ သံသီဒေါ၊ ဟူသည်၊ ကော နု ခေါ၊ နည်း၊ ထလေ၊ ၌။ ဥဿာဒေါ၊ ဟူသည်။ ကော နု ခေါ၊ နည်း။ မနုဿဂ္ဂါဟော၊ သည်။ ကော နု ခေါ၊ နည်း။ အမနုဿဂ္ဂါဟော၊ သည်။ ကော နု ခေါ၊ နည်း။ အာဝဋ္ဋဂ္ဂါဟော၊ သည်။ ကော နု ခေါ၊ နည်း။ အန္တောပူတိဘာဝေါ၊ အတွင်း၌ ပုပ်သွေးသည်၏ အဖြစ်ဟူသည်။ ကော နု ခေါတိ၊ အဘယ်ပါနည်း"ဟူသော။ ထော၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားပြီ။

ဘိက္ခု၊ ရဟန်း။ "ဩရိမံ တီရန္တိ ခေါ ထော၊ ဩရိမံ တီရံ"ဟူသော ဤအမည်သည်။ ဆန္နံ၊ ကုန်သော။ အဇ္ဈတ္တိကာနံ အာယတနာနံ၊ တို့၏။ အဓိဝစနံ၊ အမည်တည်း။ ဘိက္ခု၊ ရဟန်း။ "ပါရိမံ တီရ"န္တိ ခေါ ထော၊ သည်။ ဆန္နံ၊ ကုန်သော။ ဗာဟိရာနံ အာယတနာနံ၊ တို့၏။ အဓိဝစနံ၊ တည်း။ ဘိက္ခု၊ ရဟန်း။ "မဇ္ဈေ သံသီဒေါ"တိ ခေါ ထော၊ သည်။ နန္ဒီရာဂဿ၊ နှစ်သက်တတ်သောရာဂ၏။ အဓိဝစနံ၊ တည်း။ ဘိက္ခု၊ ရဟန်း၊ "ထလေ ဥဿာဒေါ"တိ ခေါ ထော၊ သည်။ အသ္မိမာနဿ၊ ငါဟူ၍တက်ကြွတတ်သော မာန၏။ အဓိဝစနံ၊ တည်း။

ဘိက္ခု၊ ရဟန်း။ မနုဿဂ္ဂါဟော၊ ဟူသည်။ ကတမော စ၊ နည်း။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ဘိက္ခု၊ သည်။ ဂိဟီဟိ၊ လူတို့နှင့်။ သံသဋ္ဌော၊ ရောနှောသည် (ဖြစ်၍)။ ဝိဟရတိ၊ နေ၏။ သဟနန္ဒီ၊ အတူတကွနှစ်သက်ဝမ်းမြောက်ခြင်းရှိသည်။ သဟသောကီ၊ အတူတကွစိုးရိမ်ခြင်းရှိသည် (ဖြစ်၍)။ သုခိတေသု၊ (လူတို့သည်) ချမ်းသာခြင်းသို့ရောက်ကုန်သည်ရှိသော်။ သုခိတော၊ ချမ်းသာခြင်းသို့ ရောက်သည်။ ဒုက္ခိတေသု၊ (လူတို့သည်) ဆင်းရဲခြင်းသို့ ရောက်ကုန်သည်ရှိသော်။ ဒုက္ခိတော၊ ဆင်းရဲခြင်းသို့ရောက်သည်[၁] (ဖြစ်၍)။ ကိစ္စကရဏီယေသု၊ အမှုငယ်အမှုကြီးတို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ပေါ်ကုန်သည်ရှိသော်။ အတ္တနာ၊ မိမိသည်။ တေသု၊ ထိုအမှုငယ်, အမှုကြီးတို့၌။ ယောဂံ၊ အားထုတ်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဘိက္ခု၊ ရဟန်း။ အယံ၊ ဤသည်ကို။ မနုဿဂ္ဂါဟော၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခု၊ ရဟန်း။ အမနုဿဂ္ဂါဟော၊ ဟူသည်။ ကတမော စ၊ နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချို့သော။ ဘိက္ခု၊ သည်။ "အဟံ၊ ငါသည်။ ဣမိနာ သီလေန ဝါ၊ ဤ (စတုပါရိသုဒ္ဓိ)သီလဖြင့်၎င်း[၂]။ ဣမိနာ ဝတေန ဝါ၊ ဤသီလကိုဆောက်တည်ခြင်း,ရှောင်ကြဉ်ခြင်းဝတဖြင့်၎င်း။ ဣမိနာ တပေန ဝါ၊ ဤခြိုးခြံသော အကျင့်ဖြင့်၎င်း။ ဣမိနာ ဗြဟ္မစရိယေန ဝါ၊ ဤမေထုန်အကျင့်မှကြဉ်ခြင်းဟုဆိုအပ်သောမြတ်သော အကျင့်ဖြင့်၎င်း။ ဒေဝေါ ဝါ၊ ဘုန်းတန်းခိုးအားဖြင့် ထင်ရှားကျော်စောသောနတ်သည်လည်း။ ဘဝိဿာမိ၊ ဖြစ်ရအံ့။ ဒေဝညတရော ဝါ၊ ဘုန်းတန်းခိုးအားဖြင့် မထင်ပေါ်သောနတ်သည်လည်း။ ဘဝိဿာမိတိ၊ ဖြစ်ရအံ့" ဟူ၍။ အညတရံ၊ အမှတ်[illegible] တပါးပါးသော။ ဒေဝနိကာယံ၊ နတ်ပြည်ကို။ ပဏိဓာယ၊ တောင့်တ၍။ ဗြဟ္မစရိယံ၊ ကို။ စရတိ၊ ကျင့်၏။ ဘိက္ခု၊ ရဟန်း။ အယံ၊ ဤသည်ကို။ အမနုဿဂ္ဂါဟော၊ ဟူ၍။ ဝုစ္စတိ၊ အပ်၏။ ဘိက္ခု၊ ရဟန်း။ အာဝဋ္ဋဂ္ဂါဟောတိ ထော၊ သည်။ ပဉ္စန္နံ၊ ကုန်သော။ ကာမဂုဏာနံ၊ တို့၏။ အဓိဝစနံ၊ တည်း။

---

၁။ သုခိတေသု သုခိတော, ဒုက္ခိတေသု ဒုက္ခိတော-ပုဒ်တို့၏ အဖွင့်ကို ၁နှဝဂ္ဂဋ္ဌကထာ စာပိုဒ် ၃၊ ဟာလိဒ္ဒိကာနိသုတ်ကို ရှုလေ။

၂။ သီလေန ဝတေန စသော ပုဒ်တို့၏ အဖွင့်ကို အံ-ဋ္ဌ ၃၊ ပဉ္စကနိပါတ် စာပိုဒ် ၂၀၆- (မဟာနိဒ္ဒေသ ၅၈၊ ဋ္ဌ-၁၆၀-နှာ)ကို ရှုလေ။

ဘိက္ခု၊ ရဟန်း။ အန္တောပူတိဘာဝေါ၊ ဟူသည်။ ကတမော စ၊ နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ သော။ ဘိက္ခု၊ သည်။ ဒုဿီလော၊ သီလမရှိသည်။ ပါပဓမ္မော၊ ယုတ်မာသော သဘောရှိသည်။ အသုစိ၊ ကိုယ်,နှုတ်,စိတ်တို့ဖြင့် မစင်ကြယ်သည်။ သင်္ကဿရသမာစာရော၊ သူတပါး တို့သည် ယုံမှားခြင်းဖြင့် တွေးတောအပ်သောအကျင့်ရှိသည်[၁]။ ပဋိစ္ဆန္နကမ္မန္တော၊ ဖုံးလွှမ်းအပ် သော မကောင်းမှုရှိသည်။ အဿမဏော၊ ရဟန်းမဟုတ်ဘဲလျက်။ သမဏပဋိညော၊ ရဟန်းဟု ဝန်ခံသည်။ အဗြဟ္မစာရီ၊ မြတ်သောအကျင့်မရှိဘဲလျက်။ ဗြဟ္မစာရိပဋိညော၊ မြတ်သောအကျင့် ရှိ၏ဟု ဝန်ခံသည်။ အန္တောပူတိ၊ အတွင်း၌ပုပ်ဆွေးသည်။ အဝဿုတော၊ ရာဂဖြင့်စွပ်သည်။ ကသမ္ဗုဇာတော၊ ဖြစ်သော ရာဂစသော ကိလေသာတည်းဟူသော အမှိုက်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခု၊ ရဟန်း။ အယံ၊ ဤဆိုအပ်ပြီးသည်ကို။ အန္တောပူတိဘာဝေါ၊ အတွင်း၌ပုပ်သည် ၏အဖြစ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ သို့။ အဝေါစ၊ ပြီ။

တေန ခေါ ပန သမယေန၊ ၌။ နန္ဒော၊ နန္ဒမည်သော။ ဂေါပါလကော၊ နွားကျောင်းသား သည်။ ဘဂဝတော၊ ၏။ အဝိဒူရေ၊ အနီး၌။ ဌိတော၊ တည်သည်။ ဟောတိ၊ ၏။ အထ ခေါ၊ ၌။ နန္ဒော၊ သော။ ဂေါပါလကော၊ သည်။ ဘဂဝန္တံ၊ ကို။ “ဘန္တေ၊ ဘုရား။ အဟံ ခေါ၊ သည်။ ဩရိမံ တီရံ၊ သို့။ န ဥပဂစ္ဆာမိ၊ မကပ်ရောက်ပါ။ ပါရိမံ တီရံ၊ သို့။ န ဥပဂစ္ဆာမိ၊ ပါ။ မဇ္ဈေ၊ ၌။ န သံသီဒိဿာမိ၊ မနစ်မြုပ်ပါအံ့။ ထလေ၊ ၌။ န ဥဿီဒိဿာမိ၊ မတင်ပါအံ့။ မံ၊ ကို။ မနုဿဂ္ဂါဟော၊ သည်။ န ဂဟေဿတိ၊ မဆယ်ယူပါအံ့။ အမနုဿဂ္ဂါဟော၊ သည်။ န ဂဟေဿတိ၊ အံ့။ အာဝဋ္ဋဂ္ဂါဟော၊ သည်။ န ဂဟေဿတိ၊ အံ့။ အန္တောပူတိ၊ သည်။ န ဘဝိဿာမိ၊ အံ့။ ဘန္တေ၊ ဘုရား။ အဟံ၊ သည်။ ဘဂဝတော၊ ၏။ သန္တိကေ၊ ၌။ ပဗ္ဗဇ္ဇံ၊ ရှင်အဖြစ်ကို။ လဘေယျံ၊ ရလိုပါ၏။ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ လဘေယျန္တိ၊ ရလိုပါ၏” ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားပြီ။ နန္ဒ၊ နန္ဒ။ တေနဟိ၊ ထိုသို့ဖြစ်မူ။ တွံ၊ သင်သည်။ သာမိကာနံ၊ နွားရှင်တို့အား။ ဂါဝေါ၊ နွားတို့ကို။ နိယျာတေဟိ၊ အပ်နှင်းချေလော့။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ဝစ္ဆဂိဒ္ဓိနိယော၊ နွားငယ်တို့၌ တပ်မက်ကုန်သော။ ဂါဝေါ၊ နွားမတို့သည်။ ဂမိဿန္တိ၊ အလိုလိုသွားကုန်လတ္တံ့။ ဣတိ၊ ဤသို့ လျှောက်ထားပြီ။ နန္ဒ၊ နန္ဒ။ တွံ၊ သည်။ ဂါဝေါ၊တို့ကို။ သာမိကာနံ၊နွားရှင်တို့အား။ နိယျာတေဟိ ဧဝ၊ အပ်နှင်းသာလျှင်အပ်နှင်းချေလော့။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။ အထ ခေါ၊ ၌။ နန္ဒော၊ သော။ ဂေါပါလကော၊ သည်။ သာမိကာနံ၊ တို့အား။ ဂါဝေါ၊ တို့ကို။ နိယျာတေတွာ၊ အပ်နှင်းပြီး၍။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ပြီး၍။ ဘဂဝန္တံ၊ ကို။ “ဘန္တေ၊ ဘုရား။ သာမိကာနံ၊ တို့အား။ ဂါဝေါ၊ တို့ကို။ နိယျာတိတာ၊ အပ်နှင်းအပ် ကုန်ပါပြီ။ ဘန္တေ၊ ဘုရား။ အဟံ၊ သည်။ ဘဂဝတော၊ ၏။ သန္တိကေ၊ ၌။ ပဗ္ဗဇ္ဇံ၊ ကို။ လဘေယျံ၊ ၏။ ဥပသမ္ပဒံ၊ ကို။ လဘေယျန္တိ၊ ရလိုပါ၏” ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။ နန္ဒော၊ သော။ ဂေါပါလကော၊

---

၁။ သင်္ကဿရသမာစာရော=သရိတဗ္ဗာတိ သရော၊ သင်္ကာယ သရော သင်္ကဿရော၊ သင်္ကဿရော သမာစာရော ယဿာတိ သင်္ကဿရသမာစာရောဟူ၍။ သူတပါးတို့က မိမိအပေါ်၌ ယုံမှားခြင်းဖြင့် တွေးတော အောက်မေ့အပ်သော အကျင့်ရှိသောသူဟု ဆိုလို၏။

တနည်း-သမာစာရံ သရတီတိ သရသမာစာရော၊ သင်္ကာယ သရသမာစာရော သင်္ကဿရသမာစာရောဟူ၍။ မိမိအတွေးဖြင့် သူတပါးတို့၏ တိုင်ပင်နေမှု အမှုအရာအကျင့်ကို တွေးထင်အောက်မေ့နေသူဟု ဆိုလိုသည်။ ဤ၌ ဋီကို ရှု။

သည်။ ဘဂဝတော၊ ၏။ သန္တိကေ၊ ၌။ ပဗ္ဗဇ္ဇံ၊ ကို။ အလတ္ထ ခေါ၊ ရပြီ။ ဥပသမ္ပဒံ၊ ကို။ အလတ္ထ ခေါ၊ ရပြီ။ အစိရူပသမ္ပန္နော၊ ပဉ္စင်းခံ၍မကြာမြင့်သေးသော။ အာယသ္မာ၊ သော။ နန္ဒော၊ သည်။ ပေ။ ဧကော၊ တယောက်အထီးတည်း။ ဝူပကဋ္ဌော၊ ဆိပ်ငြိမ်ရာအရပ်သို့ ကပ်သည်ဖြစ်၍ ။ အာယသ္မာ၊ သော။ နန္ဒော၊ သည်။ အရဟတံ၊ ရဟန္တာပုဂ္ဂိုလ်တို့တွင်။ အညတရော ၈ ပန၊ တယောက်အပေါ် အဝင်သည်။ အဟောသိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

ဒုတိယ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ဒုတိယစါရိကာနန္ဒသုတ်

၂၄၂။ ဧကံ၊ သော။ သမယံ၊ ၌။ ဘဂဝါ၊ သည်။ ကိမိလာယံ၊ ကိမိလာမည်သောမြို့၌။ ဂင်္ဂါယ နဒိယာ၊ ဂင်္ဂါမြစ်၏။ တီရေ၊ ကမ်းနား၌။ ဝိဟရတိ။ နေတော်မူ၏။ ဘဂဝါ၊ သည်။ ဂင်္ဂါယ နဒိယာ၊၏။ သောတေန၊ ဖြင့်။ ဝုယှမာနံ၊ မျောသော။ မဟန္တံ ဒါရုက္ခန္ဓံ၊ ကို။ အဒ္ဒသာ ခေါ၊ မြင်ပြီ။ ဒိသွာန၊ ၍။ ဘိက္ခူ၊ တို့ကို။ "ဘိက္ခဝေ၊ တို့။ တုမှေ၊ တို့သည်။ ဂင်္ဂါယ နဒိယာ၊ ၏။ သောတေန၊ဖြင့်။ ဝုယှမာနံ၊သော။ မဟန္တံ၊သော။ အမုံ ဒါရုက္ခန္ဓံ၊ ကို။ ပဿထ နော၊ လော" ဟူ၍။ အာမန္တေသိ၊ ပြီ။ ပ။ ကိမိလ၊ ကိမိလ။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ ယထာရူပါယ၊ အကြင်သို့ သဘော ရှိသော။ အာပတ္တိယာ၊ အာပတ်မှ။ ဝုဋ္ဌာနံ၊ ပရိဝါသ်, မာနတ်, အဗ္ဘာန်တို့ဖြင့် ထခြင်းသည်။ န ပညာယတိ၊ မထင်။ တထာရူပံ၊ ထိုသို့သဘောရှိသော။ အညတရံ၊ အမှတ်မထား တပါးပါး သော။ သံကိလိဋ္ဌံ၊ ညစ်နွမ်းသော။ အာပတ္တိံ၊ သို့။ အာပန္နော၊ ရောက်သည်။ ဟောတိ၊ ၏။ ကိမိလ၊ ကိမိလ။ အယံ၊ ဤဆိုအပ်ပြီးသည်ကို။ အန္တောပူတိဘာဝေါ၊ အတွင်း၌ ပုပ်သည်၏ အဖြစ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့ မိန့်တော်မူပြီ။

ပဉ္စမ၊ ငါးခုမြောက်သော[illegible]သုတ်တည်း။

## ၆-အဝဿုတပရိယာယသုတ်

၂၄၃။ ဧကံ၊ သော။ သမယံ၊ ၌။ ဘဂဝါ၊ သည်။ သက္ကေသု၊ သက္ကတိုင်း၌။ ကပိလဝတ္ထုသ္မိံ၊ ကပိလဝတ်ပြည်၌။ နိဂြောဓာရာမေ၊ နိဂြောဓာရုံ[illegible]ောင်းတော်၌။ ဝိဟရတိ၊နေတော်မူ၏။ တေန ခေါ ပန သမယေန၊ ၌။ ကာပိလဝတ္ထဝါနံ၊ ကပိလဝတ်ပြည်၌ နေကုန်သော။ သကျာနံ၊ သာကီဝင် မင်းတို့၏။ နဝံ၊ အသစ်ဖြစ်သော။ သန္ထာဂါရံ၊ ညီမှုခံရာစရပ်သည်။ ( အပန်းဖြေခန်း မင်းကွန်း နန်းသစ်သည် သော်လည်းပေး။ ) အစိရကာရိတံ၊ ဆောက်လုပ်၍ မကြာမြင့်သေးသည်။ သမဏေန ဝါ၊ ရဟန်းသည်သော်၎င်း။ ဗြာဟ္မဏေန ဝါ၊ ပုဏ္ဏားသည်သော်၎င်း။ မနုဿ[illegible]၊ လူဖြစ်၍ဖြစ်သော။ ကေနစိ ဝါ၊ တစုံတယောက်သောသူသည်မှလည်း။ အနဇ္ဈာဝုဋ္ဌံ၊ တက်ရောက်၍ မနေဘူးသေးသည်။ ဝါ၊ မသုံးဆောင်အပ်ဘူးသေးသည်။ ဟောတိ၊ ၏။ အထ ခေါ၊ ၌။ ကာပိလဝတ္ထဝါ၊ ကုန်သော။ သကျာ၊ တို့သည်။ ယေန၊ ၌။ပ။ဧကမန္တံ၊ ၌။ နိသိန္နာ၊ ကုန်သော။ ကာပိလဝတ္ထဝါ၊ ကုန်သော။ သကျာ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ "ဘန္တေ၊ ဘုရား။ ဣဓ၊၌။ ကာပိလဝတ္ထဝါနံ၊ ကုန်သော။ သကျာနံ၊ တို့၏။ နဝံ၊ သော။ ယံ သန္ထာဂါရံ၊ အကြင်ညီမှုခံရာ စရပ်သည်။ အစိရကာရိတံ၊ ဆောက်လုပ်၍မကြာမြင့်သေးသည်။ သမဏေန ဝါ၊ သည်သော်၎င်း။ ဗြာဟ္မဏေန ဝါ၊ သည်သော်၎င်း။ မနုဿဘူတေန၊ သော။ ကေနစိ ဝါ၊ သည်သော်၎င်း။ အနဇ္ဈာ-ဝုဋ္ဌံ၊ သည်။ ဟောတိ၊ ၏။ ဘန္တေ၊ ဘုရား။ ဘဂဝါ၊ သည်။ တံ၊ ကို။ ပဌမံ၊ ရှေးဦးစွာ။

ပရိယာယသုတ္တဲ၊ သုံးဆောင်တော်မူပါလော့။ ဘဂဝတာ၊ သည်။ ပဌမံ၊ စွာ၊ ပရိယာသုတ္တံ၊ သုံးဆောင်တော်မူအပ်ပြီးသည်ကို။ ကာပိလဝတ္ထဝါ၊ ကုန်သော။ သကျာ၊ တို့သည်။ ပစ္ဆာ၊ နောက်ကာလ၌။ ပရိယာသုံ့သာန္တိ၊ ကုန်လတ္တံ့။ တံ၊ ထိုသို့သုံးဆောင်ခြင်းသည်။ ကာပိလဝတ္ထဝါနံ၊ ကုန်သော။ သကျာနံ၊ တို့၏။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး။ ဟိတာယ၊ အစီးအပွါးအလို့ငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ အဿတိ၊ ဖြစ်ရာပါ၏”ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစုံ၊ ကုန်ပြီ။ ဘဂဝါ၊ သည်။ တုဏှီဘာဝေန၊ ဆိတ်ဆိတ်နေတော်မူသဖြင့်။ အဓိဝါသေသိ၊ လက်ခံတော်မူပြီ။

အထ ခေါ၊ ၌။ ကာပိလဝတ္ထဝါ၊ ကုန်သော။ သကျာ၊ တို့သည်။ ဘဂဝတော၊ ၏။ အဓိဝါသနံ၊ လက်ခံတော်မူခြင်းကို။ ဝိဒိတွာ၊ သိ၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထကုန်၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ အလွန်ရှိသေစွာရှိခိုးကုန်၍။ ပဒက္ခိဏံ၊ အရှိအသေကို။ ကတွာ၊ ပြု၍။ ယေန၊ ၌။ နဝံ၊ သော။ သန္ထာဂါရံ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိံသု၊ ကုန်ပြီ။ ဥပသင်္ကမိတွာ၊ ပြီး၍။ သန္ထာဂါရံ၊ ကို။ သဗ္ဗသန္ထရိံ၊ အလုံးစုံခင်းသဖြင့်၊ ဝါ၊ အခင်းပြည့်အောင်။ သန္ထရိတွာ၊ ခင်းစေကုန်၍။ အာသနာနိ၊ နေရာတို့ကို။ ပညာပေတွာ၊ သတ်မှတ်ခင်းထားစေ၍။ ဥဒကမဏိကံ၊ ရေအိုးစရည်းကြီးကို။ ပတိဋ္ဌာပေတွာ၊ တည်ထားစေ၍။ တေလပ္ပဒီပံ၊ ဆီမီးကို။ အာရောပေတွာ၊ ထွန်းညှိတင်ထားစေ၍။ ယေန၊ ၌။ ပ။ ဘဂဝန္တံ၊ ကို။ “ဘန္တေ၊ ဘုရား။ သန္ထာဂါရံ၊ ကို။ သဗ္ဗသန္ထရိံ၊ သဖြင့်။ သန္ထတံ၊ ခင်းစေအပ်ပါပြီ။ အာသနာနိ၊ နေရာတို့ကို။ ပညတ္တာနိ၊ ခင်းစေအပ်ပါကုန်ပြီ။ ဥဒကမဏိကော၊ ကို။ ပတိဋ္ဌာပိတော၊ တည်ထားစေအပ်ပါပြီ။ တေလပ္ပဒီပေါ၊ ကို။ အာရောပိတော၊ ထွန်းညှိတင်ထားစေအပ်ပါပြီ။ ဘန္တေ၊ ဘုရား။ ဒါနိ၊ ယခုအခါ၌။ ဘဂဝါ၊ သည်။ ယဿ၊ ယင်းကြွသွားတော်မူခြင်း၏။ ကာလံ၊ အခါကို။ မညတိ၊ သိတော်မူပါ၏”ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစုံ၊ လျှောက်ထားကုန်ပြီ။ အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ နိဝါသေတွာ၊ သင်္ကန်းကိုပြင်ဝတ်တော်မူ၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ဘိက္ခုသံဃေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ ယေန၊ ၌။ နဝံ၊ သော။ သန္ထာဂါရံ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ပါဒေ၊ ခြေတို့ကို။ ပက္ခာလေတွာ၊ ဆေးတော်မူ၍။ သန္ထာဂါရံ၊ သို့။ ပဝိသိတွာ၊ မူ၍။ မဇ္ဈိမံ၊ အလယ်၌ဖြစ်သော။ ထမ္ဘံ၊ တိုင်ကို။ နိဿာယ၊ မှီ၍။ ပုရတ္ထာဘိမုခေါ၊ အရှေ့အရပ်သို့ ရှေ့ရှုမျက်နှာမူလျက်။ နိသီဒိ၊ ထိုင်တော်မူပြီ။ ဘိက္ခုသံဃောပိ၊ ရဟန်းအပေါင်းသည်လည်း။ ပါဒေ၊ ခြေတို့ကို။ ပက္ခာလေတွာ၊ ဆေး၍။ သန္ထာဂါရံ၊ သို့။ ပဝိသိတွာ၊ ၍။ ပစ္ဆိမံ၊ အနောက်အရပ်၌ဖြစ်သော။ ဘိတ္တိံ၊ နံရံကို။ နိဿာယ၊ မှီ၍။ ပုရတ္ထာဘိမုခေါ၊ အရှေ့အရပ်သို့ရှေ့ရှုမျက်နှာမူလျက်။ ဘဂဝန္တံ ယေဝ၊ မြတ်စွာဘုရားကိုသာလျှင်။ ပုရက္ခတွာ၊ ရှေ့ပြု၍။ နိသီဒိ၊ ပြီ။ ကာပိလဝတ္ထဝါ၊ ကုန်သော။ သကျာ၊ တို့သည်။ ပါဒေ၊ တို့ကို။ ပက္ခာလေတွာ၊ ဆေးကုန်၍။ သန္ထာဂါရံ၊ သို့။ ပဝိသိတွာ၊ ၍။ ပုရတ္ထိမံ၊ အရှေ့အရပ်၌ဖြစ်သော။ ဘိတ္တိံ၊ ကို။ နိဿာယ၊ မှီကုန်၍။ ပစ္ဆိမာဘိမုခါ၊ အနောက်အရပ်သို့ ရှေ့ရှုမျက်နှာမူကုန်လျက်။ ဘဂဝန္တံ ယေဝ၊ ကိုသာလျှင်။ ပုရက္ခတွာ၊ ရှေ့ပြုကုန်၍။ နိသီဒိံသု၊ နေကုန်ပြီ။ အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ ကာပိလဝတ္ထဝေ၊ ကုန်သော။ သကျေ၊ တို့ကို။ ဗဟုဒေဝ ရတ္တိံ၊ များစွာသော ညဥ့်ပတ်လုံးသာလျှင်။ ဓမ္မိယာ ကထာယ၊ တရားနှင့်စပ်သောစကားဖြင့်။ သန္ဒဿေတွာ၊ ကောင်းစွာပြ၍။ သမာဒပေတွာ၊ ကောင်းစွာဆောက်တည်စေ၍။ သမုတ္တေဇေတွာ၊ ကောင်းစွာထက်စေ၍။ သမ္ပဟံသေတွာ၊ ကောင်းစွာရွှင်စေ၍။ “ဂေါတမာ၊ ဂေါတမအနွယ်တို့။ ရတ္တိ၊ မဇ္ဈိမယာမ်သည်။

အဘိက္ကန္တာ ခေါ၊ လွန်ပြီ။ ဒါနိ၊ ယခုအခါ၌။ ယဿ၊ ယင်းသွားခြင်း၏။ ကာလံ၊ အခါကို။ မညထာတိ၊ သိကြကုန်လော့”ဟူ၍။ ဥယျောဇေသိ၊ တိုက်တွန်းတော်မူပြီ။ “သန္တေ၊ ရှား။ ဧဝံ၊ ကောင်းပါပြီ”။ ဣတိ ခေါ၊ ဤသို့လျှင်။ ကာပိလဝတ္ထဝါ၊ ကုန်သော။ သကျာ၊ တို့သည်။ ဘဂဝ-တော၊ ၏(စကားတော်ကို)။ ပဋိဿုတွာ၊ ဝန်ခံ၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထကုန်၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ရှိခိုးကုန်ပြီး၍။ ပဒက္ခိဏံ၊ ကို။ ကတွာ၊ ပြုကုန်၍။ ပက္ကမိံသု၊ ဖဲသွားကုန်ပြီ။

အထ ခေါ၊ ၌။ ကာပိလဝတ္ထဝေသု၊ ကုန်သော။ သကျေသု၊ တို့သည်။ အစိရပက္ကန္တေသု၊ ဖဲသွား၍မကြာမြင့်ကုန်မှီ။ ဘဂဝါ၊ သည်။ အာယသ္မန္တံ မဟာမောဂ္ဂလ္လာနံ၊ ကို။ “မောဂ္ဂလ္လာန၊ မောဂ္ဂလ္လာန်။ ဘိက္ခုသံဃော၊ ရဟန်းအပေါင်းသည်။ ဝိဂတထိနမိဒ္ဓေါ ခေါ၊ ကင်းသော ထိနမိဒ္ဓ ရှိ၏။ မောဂ္ဂလ္လာန၊ လ္လာန်။ မေ၊ ငါဘုရား၏။ ပိဋ္ဌိ၊ ကျောက်ကုန်းသည်။ အာဂိလာယတိ၊ ညောင်းညာ၏။ အဟံ၊ ငါဘုရားသည်။ တံ၊ ထိုကျောက်ကုန်းကို။ အာယမိဿာမိ၊ ဆန့်ဦးအံ့။ ဘိက္ခူနံ၊ တို့အား။ ဓမ္မီ ကထာ၊ တရားနှင့်စပ်သောစကားသည်။ တံ၊ သင်၏ဉာဏ်၌။ ပဋိဘာတု၊ ထင်စေပါလော့”ဟူ၍။ အာမန္တေသိ၊ မိန့်တော်မူပြီ။ “ဘန္တေ၊ ရှား။ ဧဝံ၊ ကောင်းပါပြီ”။ ဣတိ ခေါ၊ ဤသို့လျှင်။ အာယသ္မာ မဟာမောဂ္ဂလ္လာနော၊ သည်။ ဘဂဝတော၊ ၏(စကားကို)။ ပစ္စဿောသိ၊ ဝန်ခံပြီ။ အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ သင်္ဃာဋိံ၊ ဒုကုဋ်သင်္ကန်းကြီးကို။ စတုဂ္ဂုဏံ၊ လေးထပ်လေးလွှာ။ ပညပေတွာ၊ ခင်းစေ၍။ ဒက္ခိဏေန ပဿေန၊ လကျာနံပါးဖြင့်။ ပါဒေ၊ လကျာခြေ၌။ ပါဒံ၊ လက်ဝဲခြေကို။ အစ္စာဓာယ၊ စဉ်းငယ်လွန်သဖြင့် တင်ထား၍။ သတော၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ပညာအဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍။ ဥဋ္ဌာနသညံ၊ ထအံ့ဟူသောအမှတ်သညာကို။ မနသိကရိတွာ၊ နှလုံးသွင်း၍။ သီဟသေယျံ၊ ခြင်္သေ့မင်း၏ အိပ်ခြင်းကဲ့သို့သော မြတ်သောအိပ်ခြင်းကို။ ကပ္ပေသိ၊ ပြုတော်မူပြီ။ တတြ ခေါ၊ ၌။ အာယသ္မာ မဟာမောဂ္ဂလ္လာနော၊ သည်။ ဘိက္ခူ၊ တို့ကို။ “အာဝုသော ဘိက္ခဝေါ၊ ငါ့ရှင်ရဟန်းတို့” ဟူ၍။ အာမန္တေသိ၊ မိန့်တော်မူပြီ။ “အာဝုသောတိ၊ ငါ့ရှင်မောဂ္ဂလ္လာန်”ဟူ၍။ တေ ဘိက္ခူ၊ တို့သည်။ အာယသ္မတော မဟာမောဂ္ဂလ္လာနဿ၊ ၏( စကားကို )။ ပစ္စဿောသုံ၊ ရှေးရှု ဝန်ခံကုန်ပြီ။ အာယသ္မာ မဟာမောဂ္ဂလ္လာနော၊ သည်။ “အာဝုသော၊ ငါ့ရှင်တို့။ ဝေါ၊ သင်တို့အား။ အဝဿုတပရိယာယဥ္စ၊ ကိလေသာမိုး စွတ်အပ်သူတည်းဟူသော ၆.ကြောင်းပရိယာယ်ကိုင်း[၁]။ အနဝဿုတပရိယာယဥ္စ၊ ကိလေသာမိုး မစွတ်အပ်သူတည်းဟူသော အကြောင်းပရိယာယ်ကိုင်း။ ဒေသေဿာမိ၊ ဟောပေအံ့။ တံ၊ ထိုတရားဒေသနာကို။ (တုမှေ၊ သင်တို့သည်။) သုဏာထ၊ နာကြကုန်လော့။ သာဓုကံ၊ ကောင်းစွာ။ မနသိကရောထ၊ နှလုံးသွင်းကြကုန်လော့။ (အဟံ၊ သည်။) ဘာသိဿာမိတိ၊ ဟောပေအံ့”ဟူသော။ ထေရ်၊ ညွှန်ကြားကို။ အဝေါစ၊ ပြီ။ “အာဝုသော၊ လ္လာန်။ ဧဝံ၊ ကောင်းပါပြီ”။ ဣတိ ခေါ၊ လျှင်။ တေ ဘိက္ခူ၊ တို့သည်။ အာယသ္မတော မဟာမောဂ္ဂလ္လာနဿ၊ ၏။ (ဝစနံ၊ ကို။) ပစ္စဿောသုံ၊ ကုန်ပြီ။ အာယသ္မာ မဟာမောဂ္ဂလ္လာနော၊ သည် —

အာဝုသော၊ ငါ့ရှင်တို့။ ကထံ၊ အဘယ်သို့လျှင်။ အဝဿုတော၊ ကိလေသာတည်းဟူသော မိုးစွတ်အပ်သူသည်။ ဟောတိ၊ နည်း။ အာဝုသော၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ စက္ခုနာ၊ ဖြင့်။ ရူပံ၊ ကို။ ဒိသွာ၊ ၍။ ပိယရူပေ၊ ချစ်အပ် သာယာအပ်သော သဘောရှိသော။

၁။ သဝဿုတဿ ပရိယာယ၊ ၄။ ကိဿဟေတုကဲ့သို့ ဆင့်ယောတ္တွေ မောဂ္ဂလ္လာန်သုတ်အရ ကြံလေ။

ရွပေ၊ ၌။ အဝိမုတ္တိ၊ ကိလေသာအစွမ်းအားဖြင့် နှလုံးသွင်း၏။ ဝါ၊ တပ်မက်၏။ အပ္ပိယရူပေ၊ သော။ ရူပေ၊ ၌။ ဗျာပဇ္ဇတိ၊ ဒေါသဖြင့် ဖောက်ပြန်ခြင်းသို့ရောက်၏။ အနုပဋ္ဌိတကာယဿတိ၊ အာရုံသို့ကပ်၍မတည်သော ကာယဂတာသတိရှိသည်ဖြစ်၍။ ပရိတ္တစေတသော၊ ကိလေသာတို့သည် ထက်ဝန်းကျင်မှ ပိုင်းဖြတ်အပ်သောစိတ်ရှိသည်ဖြစ်၍။ ဝါ၊ အကုသိုလ်စိတ်ရှိသည်ဖြစ်၍[၁]။ ဝိဟရတိ၊ နေ၏။ ယတ္ထ၊ အကြင် အရဟတ္တဖိုလ်သမာဓိ, အရဟတ္တဖိုလ်ပညာ၌။ အဿ၊ ထိုပုဂ္ဂိုလ်၏။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ ပါပကာ၊ ကုန်သော။ တေ အကုသလာ ဓမ္မာ၊ ထိုအကုသိုလ်တရားတို့သည်။ အပရိသေသာ၊ အကြွင်းမဲ့။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ တဉ္စ စေတောဝိမုတ္တိံ၊ ထိုကိလေသာတို့မှ လွတ်ရာ အရဟတ္တဖိုလ် သမာဓိကိုလည်း။ တဉ္စ ပညာဝိမုတ္တိံ၊ ထိုကိလေသာတို့မှလွတ်ရာ အရဟတ္တဖိုလ် ပညာကိုလည်း။ ယထာဘူတံ၊ စွာ။ နပ္ပဇာနာတိ၊ အပြားအားဖြင့်မသိ။ပ။ ဃာနေန၊ ဖြင့်။ ရသံ၊ ကို။ သာယိတွာ၊ လျက်၍။ပ။ မနသာ၊ ဖြင့်။ ဓမ္မံ၊ ကို။ ဝိညာယ၊ ၍။ ပိယရူပေ၊ ၌။ အဓိမုစ္စတိ၊ ၏။ပ။ နပ္ပဇာနာတိ၊ အပြားအားဖြင့်မသိ။ အာဝုသော၊ တို့။ အယံ ဘိက္ခု၊ ကို။ စက္ခုဝိညေယျေသု၊ ကုန်သော။ ရူပေသု၊ တို့၌။ အဝဿုတော၊ ကိလေသာတည်းဟူသောမိုး စွတ်အပ်သောရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ပ။ အာဝုသော၊ တို့။ ဧဝံ ဝိဟာရိံ၊ ဤသို့ နေလေ့ရှိသော။ နံ ဘိက္ခုံ စ၊ ထိုရဟန်းသို့လည်း။ မာရော၊ ကိလေသမာရ်, ဒေဝပုတ္တမာရ်သည်။ စက္ခုတော ပိ၊ မျက်စိမှလည်း။ စေ ဥပသင်္ကမတိ၊ အကယ်၍ချဉ်းကပ်ငြားအံ့။ (စေ သတိ၊ သော်။) မာရော၊ သည်။ ဩတာရံ၊ အခွင့်ကို။ လဘေထေဝ၊ ရသည်သာလျှင်တည်း။ မာရော၊ သည်။ အာရမ္မဏံ၊ အကြောင်းကို။ လဘတိ ဧဝ၊ ရသည်သာလျှင်တည်း။ ပ။ မာရော၊ သည်။ အာရမ္မဏံ၊ ကို။ လဘတိ ဧဝ၊ တည်း။

အာဝုသော၊ တို့။ သေယျထာပိ၊ ကား။ ဆက္ကံ့၊ ခြောက်သော။ ကောလာပံ၊ အနှစ်မရှိသော။ ဝါ၊ အခေါင်းပေါက်ရှိသော။ တေရောဝသိကံ၊ နှစ်လွန်ပြီးသော။ ယံ နဠာဂါရံ ဝါ၊ အကြင် ကြူမိုးအိမ်သည်လည်း။ ယံ တိဏာဂါရံ ဝါ၊ အကြင်မြက်မိုးအိမ်သည်လည်း။ (အတ္ထိ၊ ၏။) ပုရိသော၊ သည်။ နံ၊ ထိုကြူမိုးအိမ် မြက်မိုးအိမ်သို့။ ပုရတ္ထိမာယ ဒိသာယပိ၊ အရှေ့အရပ်မှလည်း။ အာဒိတ္တာယ၊ ရဲရဲငြိသော။ တိဏုက္ကာယ၊ မြက်မီးရှူးဖြင့်။ စေ ဥပသင်္ကမေယျ၊ အကယ်၍ ချဉ်းကပ်ငြားအံ့။ (စေ သတိ၊ သော်။) အဂ္ဂိ၊ မီးသည်။ ဩတာရံ၊ ကို။ လဘေထေဝ၊ ရရာသည် သာလျှင်တည်း။ အဂ္ဂိ၊ သည်။ အာရမ္မဏံ၊ ကို။ လဘေထ ဧဝ၊ လျှင်တည်း။ ပုရိသော၊ သည်။ နံ၊ သို့။ ပစ္ဆိမာယပိ ဒိသာယ၊ အနောက်အရပ်မှလည်း။ ပ။ ဥတ္တရာယပိ ဒိသာယ၊ မှလည်း။ ပ။ ဒက္ခိဏာယပိ ဒိသာယ၊ မှလည်း။ပ။ ဟေဋ္ဌိမတောပိ၊ မှလည်း။ ပ။ ဥပရိမတောပိ၊ မှလည်း။ ပ။ ပုရိသော၊ သည်။ နံ၊ သို့။ ယတော ကုတောစိပိ၊ အမှတ်မရှိ တစုံတခုသောအရပ်မှလည်း။ အာဒိတ္တာယ၊ သော။ တိဏုက္ကာယ၊ ဖြင့်။ စေ ဥပသင်္ကမေယျ၊ အံ့။ (စေ သတိ၊ သော်။) အဂ္ဂိ၊ သည်။ ဩတာရံ၊ ကို။ လဘေထေဝ၊ လျှင်တည်း။ အဂ္ဂိ၊ သည်။ အာရမ္မဏံ၊ ကို။ လဘေထ ဧဝ၊ လျှင်တည်း။ အာဝုသော၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ မာရော၊ သည်။ ဧဝံ ဝိဟာရိံ၊ သော။ နံ ဘိက္ခုံ၊ သို့။ စက္ခုတောပိ၊ မျက်စိမှလည်း။ စေ ဥပသင်္ကမတိ၊ အံ့။ (စေ သတိ၊ သော်။) မာရော၊ သည်။ ဩတာရံ၊ ကို။ လဘတေဝ၊ လျှင်တည်း။ မာရော၊ သည်။ အာရမ္မဏံ၊ ကို။ လဘတိ ဧဝ၊ တည်း။ပ။ အာဝုသော၊ တို့။ ဧဝံ ဝိဟာရိံ၊ သော။ ဘိက္ခုံ၊ ကို။ ရူပါ စ၊ ရူပါရုံတို့သည်လည်း။

---

၁။ ပရိတ္တစေတသောတိ အကုသလစိတ္တော။ (မဋ္ဌ ၂၊ စာပိုဒ် ၄၀၉။) ပရိတ္တစေတသောတိ ကိလေသေဟိ ပရိမိတာ ခဏ္ဍိတစိတ္တော။ တေနာဟ "အကုသလစိတ္တော"တိ။ (မဋီ ၂၊ စာပိုဒ် ၄၀၉။)

အစိဘံသု၊ လွှမ်းမိုးနှိပ်စက်ကုန်ပြီ။ ဘိက္ခု၊ သည်။ ရူပေ၊ ရူပါရုံတို့ကို။ န အစိဘောသိ၊ မလွှမ်းမိုး မနှိပ်စက်နိုင်။ သဒ္ဒါ၊ တို့သည်။ ဘိက္ခုံ၊ ကို။ အစိဘံသု၊ ကုန်ပြီ။ ဘိက္ခု၊ သည်။ သဒ္ဒေ၊ တို့ကို။ န အစိဘောသိ၊ မလွှမ်းမိုး မနှိပ်စက်နိုင်။ ဘိက္ခု၊ သည်။ ဓမ္မေ၊ တို့ကို။ န အစိဘောသိ၊ မလွှမ်းမိုး မနှိပ်စက်နိုင်။ အာဝုသော။ တို့။ ရူပါဘိဘူတော။ ရူပါရုံတို့သည် လွှမ်းမိုးနှိပ်စက်အပ်သော။ သဒ္ဒါဘိဘူတော၊ အပ်သော။ ဂန္ဓာဘိဘူတော၊ အပ်သော။ ရသာဘိဘူတော၊ အပ်သော။ ဖောဋ္ဌဗ္ဗာဘိဘူတော၊ အပ်သော။ ဓမ္မာဘိဘူတော၊ အပ်သော။ အယံ ဘိက္ခု၊ ဤရဟန်းကို။ အဘိဘူတော၊ ရူပါရုံစသည်တို့သည် လွှမ်းမိုးနှိပ်စက်အပ်၏ဟူ၍။ အနဘိဘူ၊ ရူပါရုံစသည်တို့ကို မလွှမ်းမိုး မနှိပ်စက်နိုင်ဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ သံကိလေသိကာ၊ ပူပန်စေတတ် နှိပ်စက်တတ်ကုန်သော။ ပေါနောဘဝိကာ၊ တဖန် ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော။ (ဘဝသစ်ကိုပြု[illegible]းအလေ့ရှိကုန်သော။) သဒရာ၊ ပူပန်ခြင်းနှင့်တကွဖြစ်ကုန်သော။ ဒုက္ခဝိပါကာ၊ ဆင်းရဲသောအကျိုးကိုဖြစ်စေတတ်ကုန်သော။ အာယတိံ၊ နောင်အခါ၌။ ဇာတိဇရာမရဏိယာ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းကိုဖြစ်စေတတ်ကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ ဓမ္မာ၊ တို့သည်။ နံ၊ ထိုရဟန်းကို။ အစိဘံသု၊ လွှမ်းမိုးနှိပ်စက်ကုန်ပြီ။ အာဝုသော။ တို့။ ဧဝံ ခေါ၊ ဤသို့လျှင်။ အဝဿုတော၊ ကိလေသာတည်းဟူသောမိုးစွတ်အပ်သူသည်။ ဟောတိ၊ ဖြစ်၏။

အာဝုသော၊ ငါ့ရှင်တို့။ ကထဉ္စ၊ လျှင်။ အနဝဿုတော၊ ကိလေသာတည်းဟူသော မိုးမစွတ်အပ်သူသည်။ ဟောတိ၊ နည်း။ အာဝုသော၊ တို့။ ဣဓ၊ ၌။ ဘိက္ခု၊ သည်။ စက္ခုနာ၊ ဖြင့်။ ရူပံ၊ ကို။ ဒိသွာ၊ ၍။ ပိယရူပေ၊ သော။ရူပေ၊၌။ နာဓိမုစ္စတိ၊ ကိလေသာ၏အစွမ်းအားဖြင့် နှလုံးမသွင်း။ ဝါ၊ မတပ်မက်။ အပ္ပိယရူပေ၊ သော။ ရူပေ၊ ၌။ န ဗျာပဇ္ဇတိ၊ ဖောက်ပြန်ခြင်းသို့မရောက်။ ဥပဋ္ဌိတကာယသတိ စ၊ အာရုံသို့ကပ်၍ တည်သော ကာယဂတာသတိရှိသည်ဖြစ်၍။ အပ္ပမာဏ-စေတသော၊ နှိုင်းယှဉ်ခြင်းကိုပြုတတ်သော ကိလေသာမရှိသောစိတ်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ယတ္ထ၊ အကြင် အရဟတ္တဖိုလ်သမာဓိ အရဟတ္တဖိုလ်ပညာ၌။ [illegible]အဿ၊ ထိုပုဂ္ဂိုလ်၏။ ဥပ္ပန္နာ၊ ကုန်သော။ ပါပကာ၊ ကုန်သော။ တေ အကုသလာ ဓမ္မာ၊ တို့သည်။ အပရိသေသာ၊ အကြွင်းမဲ့။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ တဉ္စ စေတောဝိမုတ္တိံ၊ ကိုရင်း။ တဉ္စ ပညာဝိမုတ္တိံ၊ ကိုရင်း။ ယထာဘူတံ၊ စွာ။ ပဇာနာတိ၊ ၏။ပ။ အာဝုသော၊ တို့။ အယံ ဘိက္ခု၊ ကို။ စက္ခုဝိညေ-ယျေသု၊ ကုန်သော။ ရူပေသု၊ တို့၌။ အနဝဿုတော၊ ကိလေသာတည်းဟူသော မိုးမ[illegible]တ်အပ်သော ရဟန်းဟူ၍။ ဝုစ္စတိ၊ အပ်၏။ပ။ အာဝုသော၊ တို့။ မာရော၊သည်။ ဧဝံဝိဟာရိံ၊ သော။ နံ ဘိက္ခုံ၊ သို့။ စက္ခုတောပိ၊ မှလည်း။ စေ ဥပသင်္ကမတိ၊ အံ့။ (ဧဝံ သတိ၊ သော်။) မာရော၊ သည်။ ဩတာရံ၊ ကို။ နေဝ လဘတိ၊ မရသည်သာ။ မာရော၊ သည်။ အာရမ္မဏံ၊ ကို။ န လဘတိ ဧဝ၊ မရသည်သာ။ပ။ န လဘတိ ဧဝ၊ သည်သာ။

အာဝုသော၊ တို့။ သေယျထာပိ၊ ကား။ ဗဟလမတ္တိကာ၊ ထူထဲသောမြေရိုင်ရှိသော။ အဒ္ဒါ-ဝလေပနာ၊ စိုစွတ်သောညှန်ပြောင်းဖြင့် လိမ်းကျံ (သုန်းလောင်း) အပ်သော[1]။ ကူဋာဂါရံ ဝါ၊ စုလစ်မွန်းချွန်တပ်သောအိမ်သည်ရင်း။ သာလာ ဝါ၊ ဇရပ်သည်ရင်း။ (အတ္ထိ၊ ၏။) ပုရိသော၊ သည်။ နံ၊ ထိုစုလစ်မွန်းချွန်တပ်သောအိမ်,ဇရပ်သို့။ ပုရတ္ထိမာယ ဒိသာယပိ၊ အရှေ့အရပ်မှလည်း။

၁။ [illegible]ဒ္ဒါဝလေပနာ ဥပ[illegible]ဒ္ဓိ[illegible]သာဘိ ဓေတ္တ မနုဿာ ပါကာရုပါ[illegible]သာသ [illegible] ဥ[illegible] [illegible] လိမ္ပိတ္တ်၊ ဧဝံ က[illegible] ပါ[illegible]ဥပါ[illegible]ဥပကာရိ[illegible]ဘိ ဝုစ္စတိ၊ တာ တိ[illegible] [illegible] [illegible] အဒ္ဒါဝလေပနာ နာမ ဟောန္တိ။ (မဋ္ဌ ၁၊ အပိုဒ်-၁၆၈။)

အာဒိတ္တာယ၊ ရဲရဲညီးသော။ တိဏုက္ကာယ၊ မြက်မီးရှူးဖြင့်။ စေ ဥပသင်္ကမေယျ၊ အံ့။ (ဧဝံ သတိ၊ သော်။) အဂ္ဂိ၊ မီးသည်။ ဩဘာသံ၊ ကို။ နေဝ လဘေထ၊ မရရာသည်သာတည်း။ အဂ္ဂိ၊ သည်။ အာရမ္မဏံ၊ ကို။ န လဘေထ ၊၊ တည်း။ပ။ အဂ္ဂိ၊ သည်။ အာရမ္မဏံ၊ ကို။ န လဘေထ ဧဝ၊ တည်း။ အာဝုသော၊ တို့။ ဧဝမေဝ ခေါ၊ လျှင်။ မာရေ၊ သည်။ပ။ အာဝုသော၊ တို့။ ဧဝံ ဝိဟာရိံ၊ သော။ ဘိက္ခုံ၊ သည်။ ရူပေ၊ တို့ကို။ အဘိဘောသိ၊ လွှမ်းမိုးနှိပ်စက်၏။ ရူပါ၊ တို့သည်။ ဘိက္ခုံ၊ ကို။ န အဘိဘံသု၊ မလွှမ်းမိုးမနှိပ်စက်နိုင်ကုန်။ပ။ အာဝုသော၊ တို့။ ရူပါဘိဘူ၊ ရူပါရုံတို့ကို လွှမ်းမိုးနှိပ်စက်တတ်သော။ သဒ္ဒါဘိဘူ၊ သော။ပ။ ဓမ္မာဘိဘူ၊ သော။ အယံ ဘိက္ခု၊ ကို။ အဘိဘူ၊ ရူပါရုံစသည်တို့ကို လွှမ်းမိုးနှိပ်စက်နိုင်၏ဟူ၍။ အနဘိဘူတော၊ ရူပါရုံစသည်တို့သည် မလွှမ်းမိုးမနှိပ်စက်နိုင်ဟူ၍။ ဝုစ္စတိ၊ အပ်၏။ သံကိလေသိကော၊ ကုန်သော။ ပေါနောဘဝိကေ၊ ကုန်သော။ သဒရေ၊ ကုန်သော။ ဒုက္ခဝိပါကေ၊ ကုန်သော။ အာယတိံ၊ ၌။ ဇာတိဇရာမရဏိယေ၊ ကုန်သော။ ပါပကေ၊ ကုန်သော။ တေ အကုသလေ ဓမ္မေ၊ တို့ကို။ အဘိဘောသိ၊ ပြီ။ အာဝုသော၊ တို့။ ဧဝံ ခေါ၊ လျှင်။ အနဝဿုတော၊ သည်။ ဟောတိ၊ ၏ ဟူသော။ တော၊ ကို။ အဝေါစ၊ ပြီ။

အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ ဥဋ္ဌဟိတွာ၊ ထတော်မူ၍။ အာယသ္မန္တံ မောဂ္ဂလ္လာနံ၊ ကို။ "မောဂ္ဂလ္လာန၊ လ္လာန်။ သာဓု သာဓု၊ ကောင်းစွ ကောင်းစွ။ မောဂ္ဂလ္လာန၊ လ္လာန်။ သာဓု ခေါ၊ ကောင်းစွာသာလျှင်။ တွံ၊ သင်သည်။ ဘိက္ခူနံ၊ တို့အား။ အဝဿုတပရိယာယဉ္စ၊ ကိုငင်း။ အနဝဿုတပရိယာယဉ္စ၊ ကိုငင်း။ အဘာသိတ်၊ ဟောပြီ"ဟူ၍။ အာမန္တေသိ၊ မိန့်တော်မူပြီ။

အာယသ္မာ မဟာမောဂ္ဂလ္လာနော၊ သည်။ သတ္ထာ၊ သည်။ သမနုညော၊ နှစ်သက်တော်မူသည်။ ဝါ၊ တူသောအလိုရှိတော်မူသည်။ အဟောသိ၊ ပြီ။ တေ ဘိက္ခူ၊ တို့သည်။ အတ္တမနာ၊ ကုန်သည် ဖြစ်၍။ အာယသ္မတော မဟာမောဂ္ဂလ္လာနဿ၊ ၏။ ဘာသိတံ၊ စကားတော်ကို။ အဘိနန္ဒုံ၊ ၊ နှစ်နှစ်သက်ကုန်ပြီ။ ဣတိ၊ သို့။ သုတံ၊ ပြီ။

အဝဿုတ်၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-ဒုက္ခဓမ္မသုတ်

၂၄၄။ ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သည်။ ယတော ခေါ၊ အကြင်အခါ၌။ သဗ္ဗေသံယေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဒုက္ခဓမ္မာနံ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်ကုန်သော ခန္ဓာငါးပါးတို့၏။ သမုဒယဉ္စ၊ ဖြစ်ခြင်းဖြစ်ကြောင်းကိုငင်း။ အတ္ထင်္ဂမဉ္စ၊ ချုပ်ကြောင်း ချုပ်ခြင်းကိုငင်း။ ယထာဘူတံ၊ မှန်။ ပဇာနာတိ၊ သိ၏။ (တတော၊ ထိုအခါ၌။) ယထာ၊ အကြင်သို့သောအခြင်းအရာအားဖြင့်။ ကာမေ၊ ဝတ္ထုကာမကိလေသာကာမတို့ကို။ ပဿတော၊ မြင်သော။ အဿ၊ ထိုရဟန်း၏ (သန္တာန်၌)။ ကာမေသု၊ တို့၌။ ယော ကာမစ္ဆန္ဒော၊ အကြင်လိုချင်တပ်မက်ခြင်းသည်ငင်း။ ယော ကာမသ္နေဟော၊ အကြင်လိုချင်ခြင်းဟူသော အစေးသည်ငင်း။ ယာ ကာမမုစ္ဆာ၊ အကြင် လိုချင်ခြင်းဟူသော တွေဝေခြင်းသည်ငင်း။ ယော ကာမပရိဠာဟော၊ အကြင်လိုချင်ခြင်းဟူသော ပူလောင်ခြင်းသည်ငင်း။ (ဟောတိ၊ ၏။) သော၊ ထိုကာမစ္ဆန္ဒစသည်သည်။ နာနုသေတိ၊ (မင်ဖြင့်ပယ်သောအားဖြင့်) မကိန်း။ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ အဿ၊ ထို ရဟန်းသည်။ ကာမာ၊ ဝတ္ထုကာမကိလေသာကာမတို့ကို။ ဒိဋ္ဌာ၊ မြင်အပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ယထာ၊ အကြင်သို့သောအခြင်းအရာအားဖြင့်။ စရန္တံ၊ ကျင့်သောသူသို့။ ဝိဟရန္တံ၊

နေသော သူသို့။ ပါပကာ၊ ယုတ်သော။ အဘိဇ္ဈာဒေါမနဿာ၊ အလိုကြီးခြင်း နှလုံးမသာယာခြင်းဟုဆိုအပ်ကုန်သော။ အကုသလာ ဓမ္မာ၊ တို့သည်။ နာနွာဿဝန္တိ၊ အစဉ်လိုက်၍မနှိပ်စက်ကုန်။[၁] [illegible]၊ အားဖြင့်။ အဿ၊ ထိုရဟန်း၏။ စာရေ စ၊ ကျင့်ခြင်းကိုင်း။ ဝိဟာရေ စ၊ နေခြင်းကိုင်း။ အနုဗုဒ္ဓေါ၊ လျော်စွာ သိအပ်သည်။ ဝါ၊ အဖန်ဖန်သိအပ်သည်။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ လျှင်။ သဗ္ဗေသံယေဝ၊ ကုန်သော။ ဒုက္ခဓမ္မာနံ၊ တို့၏။ သမုဒယဉ္စ၊ ကိုင်း။ အတ္ထင်္ဂမဉ္စ၊ ကိုင်း။ ယထာဘူတံ၊ စွာ။ ပဇာနာတိ၊ သိသနည်း။ “ဣတိ၊ ဤသည်ကား။ ရူပံ၊ ရုပ်တည်း။ ဣတိ၊ ကား။ ရူပဿ၊ ၏။ သမုဒယော၊ ဖြစ်ခြင်းဖြစ်ကြောင်းတည်း ။ ဣတိ၊ ဤသည်ကား။ ရူပဿ၊ ၏။ အတ္ထင်္ဂမော၊ ချုပ်ကြောင်း ချုပ်ခြင်းတည်း။ ဣတိ၊ ဤသည်ကား။ ဝေဒနာ၊ တည်း။ပ။ ဣတိ၊ ကား။ ဝိညာဏဿ၊ ၏။ အတ္ထင်္ဂမောတိ၊ ချုပ်ကြောင်းချုပ်ခြင်းတည်း” ဟူ၍။ (ပဇာနာတိ၊ ၏။) ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ လျှင်။ ဘိက္ခု၊ သည်။ သဗ္ဗေသံယေဝ၊ ကုန်သော။ ဒုက္ခဓမ္မာနံ၊ တို့၏။ သမုဒယဉ္စ၊ ကိုင်း။ အတ္ထင်္ဂမဉ္စ၊ ကိုင်း။ ယထာဘူတံ၊ စွာ။ ပဇာနာတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ လျှင်။ ယထာ၊ အားဖြင့်။ ကာမေ၊ တို့ကို။ ပဿတော၊ သော။ အဿ၊ ၏ (သန္တာန်၌)။ ကာမေသု၊ တို့၌။ ယော ကာမစ္ဆန္ဒော၊ သည်။ ယော ကာမသ္နေဟော၊ သည်။ ယော ကာမမုစ္ဆာ၊ သည်။ ယော ကာမပရိဠာဟော၊ သည်။ (ဟောတိ၊ ၏။) သော၊ သည်။ နာနုသေတိ၊ မကိန်း။ တထာ၊ အားဖြင့်။ ဘိက္ခုနော၊ သည်။ ကာမာ၊ တို့ကို။ ဒိဋ္ဌာ၊ ကုန်သည်။ ဟောန္တိ၊ နည်း။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ဝီတစ္စိကာနံ၊ မီးတောက်မီးလျှံမှ ကင်းကုန်သော။ ဝီတဓူမာနံ၊ မီးခိုးမှကင်းကုန်သော။ အင်္ဂါရာနံ၊ မီးကျီးတို့ဖြင့်။ ပုဏ္ဏာ၊ ပြည့်သော။ သာဓိကပေါရိသာ၊ အလူနှင့်တကွတသူအတိုင်းအရှည်ရှိသော။ အင်္ဂါရကာသု၊ မီးကျီးတွင်းသည်။ (အဿ၊ ၏။) အထ၊ ထို အခါ၌။ ဇီဝိတုကာမော၊ အသက်ရှင်ခြင်းငှါ အလိုရှိသော။ အမရိတုကာမော၊ မသေလိုသော။ သုခကာမော၊ ချမ်းသာကို အလိုရှိသော။ ဒုက္ခပဋိကူလော၊ ဆင်းရဲကိုစက်ဆုပ်သော။ ပုရိသော၊ သည်။ အာဂစ္ဆေယျ၊ လာရာ၏။ တမေနံ၊ ထိုယောကျာ်းကို။ ဗလဝန္တော၊ အားရှိကုန်သော။ ဒွေ၊ နှစ်ယောက်ကုန်သော။ ပုရိသာ၊ ယောကျာ်းတို့သည်။ နာနာဗာဟာသု၊ အသီးသီးသော လက်မောင်းတို့၌။ ဂဟေတွာ၊ ကိုင်၍။ တံ၊ ထိုယောကျာ်းကို။ အင်္ဂါရကာသုံ၊ မီးကျီးတွင်းသို့။ ဥပကဍ္ဎေယျုံ၊ ဆွဲငင်ကုန်ရာ၏။ သော၊ ထိုယောကျာ်းသည်။ ဣတိစိတိစေဝ၊ ဤသို့ဤသို့သာလျှင်။ ကာယံ၊ ကိုယ်ကို။ သန္နာမေယျ၊ ကောင်းစွာကိုင်းညွတ်ရာ၏။ တံ၊ ထိုသို့ဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ်မည်သောအကြောင်းကြောင့်နည်းဟူမူကား။ ဘိက္ခဝေ၊ တို့။ ဟိ၊ အကြင်ကြောင့်။ တဿ ပုရိသဿ၊ ထိုယောကျာ်းသည်။ (ဉာတံ၌ ဆဋ္ဌီဝိဘတ်။) “အဟံ၊ သည်။ ဣမံ အင်္ဂါရကာသုံ၊ ဤမီးကျီးတွင်းသို့။ စေ ပပတိဿာမိ၊ အကယ်၍ကျသည်ဖြစ်အံ့။ တတောနိဒါနံ၊ ထိုသို့ကျခြင်းတည်း ဟူသောအကြောင်းကြောင့်။ မရဏံ ဝါ၊ သေခြင်းသို့သော်လည်း။ မရဏမတ္တံ၊ သေလောက်ရုံမျှသော။ ဒုက္ခံ ဝါ၊ ဆင်းရဲသို့သော်လည်း။ နိဂစ္ဆိဿာမီတိ၊ ရောက်ရအံ့” ဟူ၍။ ဉာတံ၊ သိအပ်ပြီ။ (တသ္မာ၊ ထိုကြောင့်တည်း။) ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူ သာလျှင်။ ယထာ၊ အားဖြင့်။ ကာမေ၊ တို့ကို။ ပဿတော၊ သော။ အဿ၊ ထိုရဟန်း၏ (သန္တာန်၌)။ ကာမေသု၊ တို့၌။ ယော ကာမစ္ဆန္ဒော၊ သည်။ ယော ကာမသ္နေဟော၊ သည်။ ယော ကာမမုစ္ဆာ၊

၁။ လာသင့်သော ဝိဘတ် အခမ်း အခြား ဝါကျများနှင့်လျော်ညီစေရန် သျှာနုအတိုင်းပြင်၍ သမ္ဗန်လိုက်သည်။ “နာနုသေန္တိ” ဟု အားလုံးအညီပြင်လျှင်လည်း သင့်အည်ပင်။

သည်။ ယော ကာမပရိဠာဟော၊ သည်။ (ဟောတိ၊ ၏။) သော၊ ထိုကာမစ္ဆန္ဒစသည်သည်။ နာနုသေတိ၊ မကိန်းအောင်း။ တထာ၊ အားဖြင့်။ ဘိက္ခုနော၊ သည်။ ကာမာ၊ တို့ကို။ အဂါရကာသူပမာ၊ မီးကျီးတွင်းလျှင် ဥပမာရှိကုန်၏ဟူ၍။ ဒိဋ္ဌာ၊ မြင်အပ်ကုန်သည်။ ဝါ၊ ရှုအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။

ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ လျှင်။ ယထာ၊ အားဖြင့်။ စရန္တံ၊ သို့။ ဝိဟရန္တံ၊ သို့။ ပါပကာ၊ ကုန်သော။ အဘိဇ္ဈာဒေါမနဿာ၊ ကုန်သော၊ အကုသလာ ဓမ္မာ၊ တို့သည်။ နာနုဿဝန္တိ၊ အစဉ်လိုက်၍မနှိပ်စက်ကုန်။ တထာ၊ အားဖြင့်။ ဘိက္ခုနော၊ သည်။ စာရော စ၊ ကိုလည်း။ ဝိဟာရော စ၊ ကိုလည်း။ အနုဗုဒ္ဓေါ၊ သည်။ ဟောတိ၊ နည်း။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ပုရိသော၊ သည်။ ဗဟုကဏ္ဍကံ၊ များစွာသော ဆူးရှိသော။ ဒါယံ၊ တောအုပ်သို့။ ပဝိသေယျ၊ ဝင်ရာ၏။ တဿ၊ ထိုယောကျ်ား၏။ ပုရတောပိ၊ ရှေ့၌လည်း။ ကဏ္ဍကော၊ ဆူးသည်။ (အဿ၊ ၏။) ပစ္ဆတောပိ၊ နောက်၌လည်း။ ကဏ္ဍကော၊ သည်။ (အဿ၊ ၏။) ဥတ္တရတောပိ၊ မြောက်ဘက်၌လည်း။ ကဏ္ဍကော၊ သည်။ (အဿ၊ ၏။) ဒက္ခိဏတောပိ၊ တောင်ဘက်၌လည်း။ ကဏ္ဍကော၊ သည်။ (အဿ၊ ၏။) ဟေဋ္ဌတောပိ၊ အောက်၌လည်း။ ကဏ္ဍကော၊ သည်။ (အဿ၊ ၏။) ဥပရိတောပိ၊ အထက်၌လည်း။ ကဏ္ဍကော၊ သည်။ (အဿ၊ ၏။) သော၊ ထိုယောကျ်ားသည်။ "ကဏ္ဍကော၊ သည်။ မံ၊ ကို။ မာ ဝိဇ္ဈိတိ၊ မစူးစေလင့်"ဟူ၍။ သတောဝ၊ သတိရှိသည်ဖြစ်၍သာလျှင်။ အဘိက္ကမေယျ၊ သေယျထာပိ၊ ရှေ့သို့တက်ရာသကဲ့သို့။ သတောဝ၊ သာလျှင်။ ပဋိက္ကမေယျ သေယျထာပိ၊ နောက်သို့ဆုတ်ရာသကဲ့သို့။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ လောကေ၊ ၌။ ယံ ပိယရူပံ၊ အကြင်ချစ်အပ်သော သဘောရှိသော ရုပ်သည်ရှိ၏။ ယံ သာတရူပံ၊ အကြင်သာယာအပ်သော သဘောရှိသော ရုပ်သည် ရှိ၏။ (အတ္ထိ၊ ၏။) အယံ၊ ဤပိယရုပ်သာတရုပ်ကို။ အရိယဿ၊ ဘုရား၏။ ဝိနယေ၊ အဆုံးအမတော်၌။ ကဏ္ဍကောတိ၊ ဆူးဟူ၍။ ဝုစ္စတိ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝိဒိတွာ၊ သိ၍။ သံဝရော စ၊ စောင့်စည်းခြင်းကိုလည်း။ အသံဝရော စ၊ မစောင့်စည်းခြင်းကိုလည်း။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ လျှင်။ အသံဝရော၊ မစောင့်စည်းခြင်းသည်။ ဟောတိ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤ ငါဘုရားသာသနာတော်၌။ ဘိက္ခု၊ သည်။ စက္ခုနာ၊ ဖြင့်။ (အကြွင်းကို စာပိုဒ် ၂၄၃၊ အဝဿုတပရိယာယသုတ်အတိုင်း ပေးလေ။) ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ လျှင်။ အသံဝရော၊ သည်။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ လျှင်။ သံဝရော၊ သည်။ ဟောတိ၊ နည်း။ (အကြွင်းကို စာပိုဒ် ၂၄၃၊ အဝဿုတပရိယာယသုတ်အတိုင်း ပေးလေ။) ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ လျှင်။ သံဝရော၊ သည်။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤသို့။ စရတော၊ ကျင့်သော။ ဧဝံ၊ ဤသို့။ ဝိဟရတော၊ နေသော။ တဿ ဘိက္ခုနော၊ အား။ ကဒါစိ ကရဟစိ၊ တရံတခါ၌။ သတိသမ္မောသာ၊ သတိလွတ်ကင်း, ချွတ်ယွင်းခြင်းကြောင့်။ ပါပကာ၊ ကုန်သော။ သရသင်္ကပ္ပါ၊ ကြံစည်ထတ်ပြေးသွားတတ်ကုန်သော။ သံယောဇနိယာ၊ နှောင်ဖွဲ့ခြင်း၏အကြောင်းဖြစ်ကုန်သော။ အကုသလာ၊ တို့သည်။ စေ ဥပ္ပဇ္ဇန္တိ၊ အံ့။ (ဝေသတိ၊ သော်။) ဘိက္ခဝေ၊ တို့။ သတုပ္ပါဒေါ၊ သတိ၏ဖြစ်ခြင်းသည်။ ဒန္ဓော၊

နုံ့နေး၏။ အထ ခေါ။ ဝင်စစ်သော်ကား။ နံ၊ ထိုအကုသိုလ်တရားကို။ ခိပ္ပမေဝ၊ လျင်မြန်စွာ သာလျှင်။ ပဇဟတိ၊ ပယ်စွန့်၏။ ဝိနောဒေတိ၊ ပယ်ဖျောက်၏။ ဗျန္တီကရောတိ၊ ကင်းသည်ကိုပြု၏။ (ကင်းအောင်ပြု၏လည်းဟူ။) အနဘာဝံ၊ ထပ်မဖြစ်ခြင်းသို့။ ဂမေတိ၊ ရောက်စေ၏။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ပုရိသော၊ သည်။ ဒိဝသံ၊ တနေ့ပတ်လုံး။ သန္တတ္တေ၊ ပူလောင်သော။ အယောကဋာဟေ၊ သံအိုးကင်း၌။ ဒွေ ဝါ ဥဒကဖုသိတာနိ၊ နှစ်ရသောရေပေါက် တို့ကိုငှင်း။ တီဏိ ဝါ ဥဒကဖုသိတာနိ၊ သုံးခုသောရေပေါက်တို့ကိုငှင်း။(ထနည်း) ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ၊ နှစ်ပေါက်, သုံးပေါက်သော ရေပေါက်တို့ကို။ နိပါတေယျ၊ ချရာ၏။ ဝါ၊ ချ‌ပြြားအံ့။ ဘိက္ခဝေ၊ တို့။ ဥဒကဖုသိတာနံ၊ ရေပေါက်တို့၏။ နိပါတော၊ ကျခြင်းသည်။ ဒန္ဓော၊ နုံ့နှေး၏။ အထ ခေါ၊ ဝင်စစ်သော်ကား။ နံ၊ ထိုရေပေါက်သည်။ ခိပ္ပမေဝ၊ လျင်မြန်စွာသာလျှင်။ ပရိက္ခယံ၊ ကုန်ခန်းခြင်းသို့။ ပရိယာဒါနံ၊ ထက်ဝန်းကျင်မှယူပစ်ခြင်းသို့။ ဂစ္ဆေယျ သေယျထာပိ၊ ရောက်ရာသကဲ့သို့။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ဧဝံ၊ သို့။ စရတော၊ သော။ ဧဝံ၊ သို့။ ဝိဟရတော၊ သော။ ဧသာ ဘိက္ခုနော၊ အား။ ကဒါစိ ကရဟစိ၊ ၌။ သတိသမ္မောသာ၊ ကြောင့်။ ပါပကာ၊ ကုန်သော။ သရသင်္ကပ္ပါ၊ ကုန်သော။ သံယောဇနိယာ၊ ကုန်သော။ အကုသလာ၊ တို့သည်။ ဧ ဥပ္ပဇ္ဇန္တိ၊ ကုန်အံ့။ (ဝေသတိ၊ သော်။) ဘိက္ခဝေ၊ တို့။ သတုပ္ပါဒေါ၊ သည်၊ ဒန္ဓော၊ ၏။ အထ ခေါ၊ ကား။ နံ၊ ကို။ ခိပ္ပမေဝ၊ လျှင်။ပဇဟတိ၊ ၏။ ဝိနောဒေတိ၊ ၏။ ဗျန္တီကရောတိ၊ ၏။ အနဘာဝံ၊ သို့။ ဂမေတိ၊ ရောက်စေ၏။ ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ ဤသို့လျှင်။ ယတော၊ အားဖြင့်။ စရန္တံ၊ သို့ ဝိဟရန္တံ၊ သို့။ ပါပကာ၊ ကုန်သော။ အဘိဇ္ဈာဒေါမနဿာ၊ ကုန်သော။ အကုသလာ ဓမ္မာ၊ တို့သည်။ နာနုဿဝန္တိ၊ ကုန်။ (တထာ၊ အားဖြင့်။) ဘိက္ခုနော၊ သည်။ စာရော ၈၊ ကိုငှင်း။ ဝိဟာရော ၈၊ ကိုငှင်း။ အနုဗုဒ္ဓေါ၊ အပ်သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ သို့။ စရန္တံ၊ သော။ ဧဝံ၊ သို့။ ဝိဟရန္တံ၊ သော။ တံ ဘိက္ခုံ၊ ကို။ ရာဇာနော ဝါ၊ မင်းတို့သည်ငှင်း။ ရာဇမဟာမတ္တာ ဝါ၊ မင်း၏အမတ်ကြီးတို့သည်ငှင်း။ မိတ္တာ ဝါ၊ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူတို့သည်ငှင်း။ အမစ္စာ ဝါ၊ ထိုထိုအမှု ပြုဘွယ်ကိစ္စတို့၌တကွဖြစ်သော သူတို့ သည်ငှင်း။ ဉာတီ ဝါ၊ အဆွေအမျိုးတို့သည်ငှင်း။သာလောဟိတာ ဝါ၊ သွေးချင်းတို့သည်ငှင်း[၁]။ ဘောဂေဟိ၊ စည်းစိမ်ဥစ္စာတို့ဖြင့်။ အဘိဟဋ္ဌုံ၊ ဖျေးရှုဆောင်၍။ "ဘော ပုရိသ၊ အမောင် ယောကျ်ား။ ဧဟိ၊ လာလော့။ တေ၊ သင်အား။ -(အနုဒယန္တိ၌စပ်။) ဝါ၊ သင်၏။ (ဣမေ- ကာသာဝါ၌စပ်။) ဣမေ ကာသာဝါ၊ ဤဖန်ရည်စွန်းသော အဝတ်တို့သည်။ ကိံ၊ အဘယ်အကျိုး ရှိအံ့နည်း။ အနုဒယန္တိ၊ လောင်မြိုက်ကုန်၏။ ကိံ၊ အဘယ့်ကြောင့်။ မုဏ္ဍော၊ ဦးပြည်းကတုံး သည်။ (ဟုတွာ၊ ဖြစ်၍။) ကပါလံ၊ ခွက်ကို။ (ဂဟေတွာ၊ ဆွဲကိုင်၍။) အနုစရသိ၊ လှည့်လည်ဘိ သနည်း။ ဧဟိ၊ လာလော့။ ဟီနာယာဝတ္တိတွာ၊ လူထွက်၍။ ဘောဂေ ၈၊ စည်းစိမ်ဥစ္စာတို့ကိုလည်း။ ဘုဉ္ဇဿု၊ ခံစားလော့။ ပုညာနိ ၈၊ ကုသိုလ်ကောင်းမှုတို့ကိုလည်း။ ကရောဟိတိ၊ ပြုလော့"ဟူ၍။ ဧ ပဝါရေယျုံ၊ အကယ်၍ ဖိတ်ကုန်ငြားအံ့။ (ဝေသန္တေသုပိ၊ ဤသို့ ဖိတ်ကုန်သော်လည်း။) ဘိက္ခဝေ၊ တို့။ ဝတေ၊ စင်စစ်။ ဧဝံ၊ သို့။ စရန္တော၊ သော။ ဧဝံ၊ သို့။ ဝိဟရန္တော၊သော။ သော ဘိက္ခု၊ သည်။ သိက္ခံ၊ သိက္ခာကို။ ပစ္စက္ခာယ၊ စွန့်၍။ ဝါ၊ ချ၍။ ဟီနာယာဝတ္တိဿတီတိ၊ လူထွက် လတ္တံ့ဟူသော။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

---

၁။ အဘိဟဋ္ဌုံ ပဝါရေယျုံ။ ဉာတိဟိ သာလောဟိတာဟိ၊ အာလောဟိတာတိ သမာနလောဟိတာ အာထိ ဘဂိနီအာဒယော။ (ဆံ၌ ၂၈၁-၂၈နှင့် ရှုံရှိကာ။)

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ဂင်္ဂါနဒီ၊ ဂင်္ဂါမြစ်သည်။ ပါစီနနိန္နာ၊ အရှေ့အရပ်သို့ ညွတ်၏။ ပါစီနပေါဏာ၊ အရှေ့အရပ်သို့ကိုင်း၏။ ပါစီနပဗ္ဘာရာ၊ အရှေ့အရပ်သို့ ရှိုင်း၏။ အထ၊ ထိုအခါ၌။ မဟာဇနကာယော၊ လူများအပေါင်းသည်။ ကုဒ္ဒါလပိဋကံ၊ ပေါက်တူးချင်းတောင်းကို။ အာဒါယ၊ ယူ၍။ "မယံ၊ ငါတို့သည်။ ဣမံ ဂင်္ဂံနဒိံ၊ ဤဂင်္ဂါမြစ်ကို။ ပစ္စာနိန္နံ၊ အနောက်အရပ်သို့ ညွတ်သည်ကို။ ဝါ၊ အနောက်အရပ်သို့ ညွတ်အောင်။ ပစ္စာပေါဏံ၊ ကို - ဝါ၊ အောင်။ ပစ္စာပဗ္ဘာရံ၊ ကို။ ဝါ၊ အောင်။ ကရိဿာမာတိ၊ ပြုကုန်အံ့"ဟူ၍။ အာဂစ္ဆေယျ၊ လာရာ၏။ ဘိက္ခဝေ၊ တို့။ တံ၊ ငါဘုရားဆိုအပ်လတ္တံ့သည်ကို။ ကိံ မညထ၊ အဘယ်သို့ အောက်မေ့မှတ်ထင်ကြကုန်သနည်း။ သော မဟာဇနကာယော၊ သည်။ ဂင်္ဂံနဒိံ၊ ကို။ ပစ္စာနိန္နံ၊ ကို။ ပစ္စာပေါဏံ၊ ကို။ ပစ္စာပဗ္ဘာရံ၊ ကို။ ဝါ၊ အောင်။ ကရေယျ အပိ နု ခေါ၊ ပြုနိုင်ရာသလော။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ ဘုရား။ နော၊ ဤသို့ မဖြစ်ခြင်းသည်။ နေဟိ၊ မသင့်ပါဘုရား။ တံ၊ ထိုသို့မပြုနိုင်ခြင်းသည်။ ကိဿ ဟေတု၊ နည်း။ ဘန္တေ၊ ဘုရား။ ဂင်္ဂါ နဒီ၊ သည်။ ပါစီနနိန္နာ၊ ၏။ ပါစီနပေါဏာ၊ ၏။ ပါစီနပဗ္ဘာရာ၊ ၏။ သာ၊ ထိုဂင်္ဂါမြစ်ကို။ ပစ္စာနိန္နာ၊ ကို။ ဝါ၊ အောင်။ ပစ္စာပေါဏာ၊ ကို။ ဝါ၊ အောင်။ ပစ္စာပဗ္ဘာရာ၊ ကို။ ဝါ၊ အောင်။ ကာတုံ၊ ပြုခြင်းငှါ။ န သုကရာ၊ မလွယ်။ (တသ္မာ၊ ထို့ကြောင့်တည်း။) သော မဟာဇနကာယော၊ သည်။ ကိလမထဿ၊ ပင်ပန်းခြင်း၏။ ဝိဃာတဿ၊ ဆင်းရဲခြင်း၏။ ယာဝဒေဝ ဝေ စ ပန အဘို့ရှိရုံသည်သာလျှင်။ အဿ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့ လျှောက်၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ ဝေ၊ သို့။ ရညော၊ သော။ ဝေ၊ သို့။ ပိယာနင်္ဂ၊ သော။ တံ ဘိက္ခုံ၊ ကို။ ရာဇာနော ဝါ၊ တို့သည်ရင်း။ပ။ တော် ဌာနံ၊ သည်။ န ဝိဇ္ဇတိ၊ မရှိ။ တံ၊ သည်။ ကိဿ ဟေတု၊ နည်း။ ဘိက္ခဝေ၊ တို့။ ယံ၊ အကြင်ကြောင့်။ ယံ တံ စိတ္တံ၊ အကြင်စိတ်သည်။ ဒီဃရတ္တံ၊ ပတ်လုံး။ ဝိဝေကနိန္နံ၊ ထဒင်္ဂဝိဝေက, သမုစ္ဆေဒဝိဝေက, နိဿရဏဝိဝေကသို့ ညွတ်၏။ ဝိဝေကပေါဏံ၊ ကိုင်း၏။ ဝိဝေကပဗ္ဘာရံ၊ ရှိုင်း၏။ တထာ (တံ စိတ္တံ)၊ ထိုစိတ်သည်[၁]။ ယံနာယာ-ဝတ္တိဿတီတိ၊ လတ္တံ့ဟူသော။ တော် ဌာနံ၊ သည်။ န ဝိဇ္ဇတိ၊ မရှိ။ ဣတိ၊ ဤကြောင့်တည်း။ (ဣတိ၊ ပြီး။)

သတ္တမ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

ဂ-ကိံသုကောပမသုတ်

၂၄၅။ အထ ခေါ၊ ၌။ အညတရော၊ သော။ ဘိက္ခု၊ သည်။ ယေန၊ ၌။ အညတရော၊ သော။ ဘိက္ခု၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ တံ ဘိက္ခုံ၊ ကို။ "အာဝုသော၊ ငါ့ရှင်။ ကိတ္တာဝတာ၊ အဘယ်မျှလောက်သော အတိုင်းအရှည်ဖြင့်။ ဘိက္ခုနော၊ ရဟန်း၏။ ဒဿနံ၊ သောတာပတ္တိမဂ်ဉာဏ်အမြင်သည်။ ဝါ၊ သေးပါးသောမဂ်ဉာဏ်အမြင်သည်။ (အဋ္ဌကထာ၌ နှစ်နည်းဖွင့်၏။) သုဝိသုဒ္ဓံ၊ ကောင်းစွာ အထူးသဖြင့် စင်ကြယ်သည်။ ဟောတိ နုခေါ၊ ဖြစ်ပါသနည်း"ဟူသော။ တော်၊ ဤစကားကို။ အဝေါစ၊ မေးလျှောက်ပြီ။ အာဝုသော၊ ငါ့ရှင်။ ယတော ခေါ၊ အကြင်အခါ၌။ ဘိက္ခု သည်။ ဆန္နံ၊ ကုန်သော။ ဖဿာယတနာနံ၊ တို့၏။ သမုဒယဉ္စ၊ ကိုရင်း။ အတ္ထင်္ဂမဉ္စ၊ ကိုရင်း။ ယထာဘူတံ၊ စွာ။ ပဇာနာတိ၊ သိ၏။ အာဝုသော၊

၁။ ယံ ယံ တံ ဘိက္ခဝေ စိတ္တန္တိ ဣဒံ ယသ္မာ စိတ္တေ အနာဝရေန္တ ပုဂ္ဂလဿ အာဝန္ဓံ နာမ နတ္ထိ၊ ဝေဠုပဋိ စိတ္တံ အနာဝရန္တိ၊ တသ္မာ ဝုတ္တံ။ (ဋ္ဌ)။ ရဟန်း၏စိတ်သည် လူ့ဘဝ မလည်သည်နှင့်အတူ ရဟန်းသည် လူ့ဘဝ မလည်နိုင်၊ ထို့ကြောင့် "စိတ်သည် လူမထွက်"ဟု ဆိုရပေသည်။

ငါ့ရှင်။ ဧတ္တာဝတာ ခေါ၊ ဖြင့်။ ဘိက္ခုနော၊ ၏။ ဒဿနံ၊ သည်။ သုဝိသုဒ္ဓံ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ ဖြေဆို၏။

အထ ခေါ၊ ၌။ သော ဘိက္ခု၊ သည်။ တဿ ဘိက္ခုဿ၊ ၏။ ပဉ္စဝေယျာကရဏေန၊ ပြဿနာကို ဖြေဆိုခြင်းဖြင့်။ အသန္တုဋ္ဌော၊ မရောင့်ရဲသည်ဖြစ်၍။ ယေန၊ ၌။ အညတရော၊ သော။ ဘိက္ခု၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ တံ ဘိက္ခုံ၊ ကို။ "အာဝုသော၊ ငါ့ရှင်။ပ။ ဟောတိ နုခေါတိ၊ နည်း"ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။ အာဝုသော၊ ငါ့ရှင်။ ယတော ခေါ၊ ၌။ ဘိက္ခု၊ သည်။ ပဉ္စန္နံ၊ ကုန်သော။ ဥပါဒါနက္ခန္ဓာနံ၊ တို့၏။ပ။ ပဇာနာတိ၊ ၏။ အာဝုသော၊ ငါ့ရှင်။ ဧတ္တာဝတာ ခေါ၊ ဖြင့်။ပ။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ ဖြေဆို၏။

အထ ခေါ၊ ၌။ သော ဘိက္ခု၊ သည်။ပ။ အာဝုသော၊ ငါ့ရှင်။ ယတော ခေါ၊ ၌။ ဘိက္ခု၊ သည်။ "ယံ ကိဉ္စိ၊ အလုံးစုံသော တေဘူမကတရားအပေါင်းသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘောရှိ၏။ သဗ္ဗံ၊ သော။ တံ၊ ထိုသဘောတရားသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏"ဟူ၍။ ယထာဘူတံ၊ စွာ။ ပဇာနာတိ၊ ၏။ပ။ ဣတိ၊ ဤသို့ ဖြေဆို၏။

အထ ခေါ၊ ၌။ သော ဘိက္ခု၊ သည်။ တဿ ဘိက္ခုဿ၊ ၏။ ပဉ္စဝေယျာကရဏေန၊ ဖြင့်။ အသန္တုဋ္ဌော၊ ၍။ ယေန၊ ၌။ပ။ ဘဂဝန္တံ၊ ကို။ "ဘန္တေ၊ ဘုရား။ အဟံ၊ သည်။ ဣဓ၊ ၌။ ယေန၊ ၌။ အညတရော၊ သော။ ဘိက္ခု၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိံ၊ ပြီ။ ဥပသင်္ကမိတွာ၊ ၍။ တံ ဘိက္ခုံ၊ ကို။ 'အာဝုသော၊ ငါ့ရှင်။ ကိတ္တာဝတာ၊ အားဖြင့်။ ဘိက္ခုနော၊ ၏။ ဒဿနံ၊ သည်။ သုဝိသုဒ္ဓံ၊ သည်။ ဟောတိ နုခေါတိ၊ နည်း'ဟူသော။ ဧတံ၊ ကို။ အဝေါစံ၊ မေးလျှောက်ပြီ။ ဘန္တေ၊ ဘုရား။ ဧဝံ၊ သို့။ ဝုတ္တေ၊ မေးလျှောက်အပ်သည်ရှိသော်။ သော ဘိက္ခု၊ သည်။ မံ၊ တပည့်တော်ကို။ 'အာဝုသော၊ ငါ့ရှင်။ ယတော ခေါ၊ ၌။ပ။ ဟောတီတိ၊ ဖြစ်၏'ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။ ဘန္တေ၊ ဘုရား။ အထ ခေါ၊ ၌။ အဟံ၊ သည်။ပ။ ဘန္တေ၊ ဘုရား။ အထ ခေါ၊ ၌။ အဟံ၊ သည်။ တဿ ဘိက္ခုဿ၊ ၏။ ပဉ္စဝေယျာကရဏေန၊ ဖြင့်။ အသန္တုဋ္ဌော၊ ဖြစ်၍။ ယေန၊ ၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိံ၊ ပြီ။ ဘန္တေ၊ ဘုရား။ ကိတ္တာဝတာ၊ ဖြင့်။ ဘိက္ခုနော၊ ၏။ ဒဿနံ၊ သည်။ သုဝိသုဒ္ဓံ၊ သည်။ ဟောတိ နုခေါတိ၊ နည်း"ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ လျှောက်ထားပြီ။

ဘိက္ခု၊ ရဟန်း။ သေယျထာပိ၊ ကား။ ပုရိသဿ၊ သည်။ ကိံသုကော၊ ပေါက်ပင်ကို။ အဒိဋ္ဌပုဗ္ဗော၊ ရှေး၌ မမြင်အပ်ဘူးသည်။ အဿ၊ ဖြစ်ရာ၏။ သော၊ ထိုယောကျ်ားသည်။ ယေန၊ ၌။ ကိံသုကဿ၊ ကို။ ဒဿာဝီ၊ မြင်ဘူးသော။ အညတရော၊ သော။ ပုရိသော၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမေယျ၊ ချဉ်းကပ်ရာ၏။ ဥပသင်္ကမိတွာ၊ ၍။ တံ ပုရိသံ၊ ကို။ "ဘော ပုရိသ၊ အိုယောကျ်ား။ ကိံသုကော၊ သည်။ ကီဒိသော ဣတိ၊ အဘယ်သို့ သဘောရှိပါသနည်း" ဟူ၍။ ဧဝံ၊ ဤသို့။ ဝဒေယျ၊ ရာ၏။ သော၊ ထိုယောကျ်ားသည်။ "အမ္ဘော ပုရိသ၊ အမောင် ယောကျ်ား။ ကိံသုကော၊ သည်။ ဈာမခါဏုသေယျထာပိ၊ မီးလောင်တိုင်ငုတ်ကဲ့သို့။ ကာဠကော ခေါတိ၊ မည်းနက်သည်သာလျှင်တည်း"ဟူ၍။ ဧဝံ၊ သို့။ ဝဒေယျ၊ ရာ၏။ ဘိက္ခု၊ ရဟန်း။ တေန ခေါ ပန သမယေန၊ ၌။ တဿ ပုရိသဿ၊ ထိုရှေး၌ မြင်ဘူးသော ယောကျ်ား၏။ ဒဿနံ ယထာပိ၊ မြင်ခြင်းကဲ့သို့လည်း။ ကိံသုကော၊ သည်။ တာဒိသော၊ ထိုသို့သဘောရှိသည်သာလျှင်။ အဿ၊ ဖြစ်ရာ၏။ ဘိက္ခု၊ ရဟန်း။ အထ ခေါ၊ ၌။ သော ပုရိသော၊ သည်။ ယေန

ပုရိသဿ၊ ၏။ ပဋ္ဌဝေယျာကာရကေန၊ ဖြင့်။ အသန္တုဋ္ဌော၊ ၍။ ယေန၊ ၌။ ကိံသုကဿ၊ ကို။ ဒဿာဝီ၊ သော။ အညတရော၊ သော။ ပုရိသော၊ သည်။ (ဧတ္တိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမေယျ၊ ရာ၏။ ဥပသင်္ကမိတွာ၊ ၍။ တံ ပုရိသံ၊ ကို။ "ဘော ပုရိသ၊ ကျွဲ။ ကိံသုကော၊ သည်။ ကီဒိသော၊ တိ၊ နည်း"ဟူ၍။ ဧဝံ၊ သို့။ ဝဒေယျ၊ ရာ၏။ သော၊ သည်။ "အမ္ဘော ပုရိသ၊ ကျွဲ။ ကိံသုကော၊ သည်။ မံသပေသိ သေယျထာပိ၊ သားတစ်ကဲ့သို့။ လောဟိတကော ဧဝတိ၊ နီသော အဆင်းရှိသည်သာလျှင်တည်း" ဟူ၍။ ဧဝံ၊ သို့။ ဝဒေယျ၊ ရာ၏။ ဘိက္ခု၊ ရဟန်း။ ထေန ခေါ ပန သမယေန၊ ၌။ ပ။ ဥပသင်္ကမိတွာ၊ ၍။ တံ ပုရိသံ၊ ကို။ "ဘော ပုရိသ၊ ကျွဲ။ ကိံသုကော၊ သည်။ ကီဒိသော၊ တိ၊ နည်း"ဟူ၍။ ဧဝံ၊ သို့။ ဝဒေယျ၊ ရာ၏။ သော ပုရိသော၊ သည်။ "အမ္ဘော ပုရိသ၊ ကျွဲ။ ကိံသုကော၊ သည်။ သိရီသော သေယျထာပိ၊ ကုက္ကိုပင်ကဲ့သို့။ ဩဒိရာကာဒေသော၊ တွဲရရွဲဆွဲအပ်သော အမျှင်သဖွယ်သီး၏။ အာဒိန္နသိပ်ာဋိကော၊ (အောက်သို့ မျက်နှာပြု၍) ဆွဲထားအပ်သော သန်လျက်အိမ်သဖွယ်သီး၏[၁]"။ ဣတိ ဧဝံ၊ သို့။ ဝဒေယျ၊ ရာ၏။ ဘိက္ခု၊ ရဟန်း။ ထေန ခေါ ပန သမယေန၊ ၌။ ပ။ သော၊ သည်။ "အမ္ဘော ပုရိသ၊ ကျွဲ။ ကိံသုကော၊ သည်။ နိဂြောဓော သေယျထာပိ၊ ပညောင်ကဲ့သို့။ ဗဟလပတ္တပလာသော၊ ထူထဲသော ရွက်နုရွက်ရင့်ရှိ၏။ သန္ဒစ္ဆာယော၊ တိ၊ တစပ်တည်း စပ်သော အရိပ်ရှိ၏"ဟူ၍။ ဧဝံ၊ သို့။ ဝဒေယျ၊ ရာ၏။ ဘိက္ခု၊ ရဟန်း။ ဘေန ခေါ ပန သမယေန၊ ၌။ တဿ ပုရိသဿ၊ ၏။ ဒဿနံ ယထာပိ၊ လည်း။ ကိံသုကော၊ သည်။ တာဒိသော၊ သာလျှင်။ အဿ၊ ရာ၏။ ဘိက္ခု၊ ရဟန်း။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ယထာ ယထာ၊ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့်။ အဓိမုတ္တာနံ၊ နှလုံးသွင်းကုန်သော။ တေသံ သပ္ပုရိသာနံ၊ ထိုသူတော်ကောင်းတို့၏။ ဒဿနံ၊ သောတာပတ္တိ မဂ်ဉာဏ်အမြင်သည်။ ဝါ၊ လေးပါးသော မဂ်ဉာဏ်အမြင်သည်။ သုဝိသုဒ္ဓံ၊ ကောင်းစွာအထူးသဖြင့် စင်ကြယ်သည်။ ဟောတိ၊ ၏။ တထာ တထာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်။ ခေါ ဧဝ၊ ဒီ။ ထိုသူတော်ကောင်းတို့သည်။ ဗျာကတံ၊ ပြေဆိုအပ်၏။

ဘိက္ခု၊ ရဟန်း။ သေယျထာပိ၊ ကား။ ရညော၊ မင်း၏။ ဒဠှုဒ္ဒါပံ၊ မြဲမြံခိုင်ခံ့သော တံတိုင်းခြေရှိသော[၂]။ ဒဠှပါကာရတောရဏံ၊ မြဲမြံခိုင်ခံ့သော တံတိုင်း, တုခိုက်တိုင်ရှိသော၊ ဝါ၊ ဒဠှပါကာရတောရဏံ၊ မြဲမြံခိုင်ခံ့သော တံတိုင်း, တံခါးပေါင်ရှိသော။ ဆဒွါရံ၊ တံခါး ခြောက်ပေါက်ရှိသော။ ပစ္စန္တိမံ၊ အစွန်အနားဖြစ်သော။ နဂရံ၊ မြို့သည်။ (အဿ၊ ဖြစ်ရာ၏။) တ၌၊ ထိုမြို့၌။ အညာတာနံ၊ မသိကုန်သော သူတို့ကို။ နိဝါရေတာ၊ တားမြစ်တတ်သော။ ဉာတာနံ၊ သိကုန်သော သူတို့ကို။ ပဝေသေတာ၊ ဝင်စေတတ်သော။ (သွင်းတတ်သောလည်းဟူ၏။) ပဏ္ဍိတော၊ ပညာရှိသော။ ဗျတ္တော၊ လိမ်မာသော။ မေဓာဝီ၊ ထက်မြက်သော ပညာရှိသော။ ဒေါဝါရိကော၊ တံခါးစောင့်သည်။ အဿ၊ ရှိသည်ဖြစ်ရာ၏။ သီဃံ၊ လျှင်မြန်သော။ ဒူတယုဂံ၊ တမန်သည်အစုံ

---

၁။ ဋီကာအလိုကိံသုကော၊ သည်။ သိရီသော သေယျထာပိ၊ ၁၅၊ အာဒိန္နသိပါဋိကော၊ ဖုံအပ် (သီးအပ်) သော သီးကင်းတောင့်ရှိသည်ဖြစ်၍။ ဩဒိရာကာဒေသော၊ ဖြစ်သော တွဲ့ရွဲဆွဲအပ်သော လျှော်မျှင်သဖွယ်ရှိ၏-ဟူပေး။ အဋ္ဌကထာ၌ သိပါဋိကာကို သန်လျက်အိမ်-ဟူ၊ ဋီကာ၌ သီးကင်းတောင့်ဟူကြ၏။

၂။ ဤအဋ္ဌကထာ၌ ဒဠှုဒ္ဒါပန္တိ ထိရပါကာရံ ဟူ၍ ပြင်ဆင်၏၊ မဟာဝဂ္ဂသံယုတ် ဋ္ဌ-ဓာ ပိဋ် ၃၇၈-စသည်တို့၌ ၂၄၄ ၌ ဒဲ့သို့ ဒဠှုဒ္ဒါပန္တိ ထိရမူလပါကာရံ-ဟူ၍သော်လည်း သဝ္ဗသာရနိဿယုကိဋ္ဌကထာ ဒဿတ္ထရ ဟဋ္ဌကာ ၃ ထို့အတူသို့ ဒဠှုဒ္ဒါပန္တိ ထိရပါကာရပါဒံ ဟူ၍လည်း ရှိသင့်သည်။ ဤသို့ရှိမှသာ ဒဠှုဒ္ဒါပပုဒ်နှင့် ဒဠှပါကာရပုဒ်တို့ မရောက်လည်း ကွဲပြားမည်။ ၎င်းဖြစ်၍ ဤနိဿယ၌ ဒဠှုဒ္ဒါပံ၊ မြဲမြံခိုင်ခံ့သော တံတိုင်းခြေရှိသော ဟူ၍ ပေးလိုက်သည်။

သည်။ ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ်မှ။ အာဂန္တွာ၊ လာ၍။ တံ ဓေါဝါရိကံ၊ ထိုတံခါးစောင့်ကို။ "ဧဘော ပုရိသ၊ ကျွ ား။ ဣမသ္မာ နဂရသ္မာ၊ ဤမြို့၏။ နဂရသာမိ၊ မြို့ပိုင်ရှင်သည်။ (သုဂတသာ သုဂတစီဝရံကဲ့သို့ တည်း။) ကဟန္တိ၊ အဘယ်မှာနည်း"ဟူ၍။ ဝဒေ၊ ဤသို့။ ဝဒေယျ၊ ဆို၏။ သော၊ ထိုတံခါးစောင့်သည်။ "ဘန္တေ၊ အရှင်။ ဧသော၊ ဤမြို့ပိုင်ရှင်သည်။ မဇ္ဈေ၊ မြို့လယ်၌။ သိင်္ဃာဋကေ၊ ခရီးလေးခုအဆုံ၌။ နိသိန္နောတိ၊ နေ၏"ဟူ၍။ ဝဒေ၊ သို့။ ဝဒေယျ၊ ဆို၏။ အထ ခေါ၊ ၌။ သိဃံ၊ သော။ တံ ဒူတယုဂံ၊ သည်။ နဂရသာမိကဿ၊ အား။ ယထာဘူတံ၊ ဟုတ်မှန်တိုင်းသော။ ဝစနံ၊ ကို။ နိယျာတေတွာ၊ ဆောင်နှင်း၍။ ယထာဂတမဂ္ဂံ၊ အကြောင်လာအပ်သော ခရီးသို့။ ပဋိပဇ္ဇေယျ၊ တဖန် ပြန်သွားရာ၏။ (အကြောင်းပေးမြဲ။)

ဘိက္ခု၊ ရဟန်း။ မေ၊ ငါဘုရားသည်။ အတ္ထဿ၊ အနက်ကို။ဝိညာပနာယ၊သိစေ ်း၊အကျိုးငှါ။ အယံ ဥပမာ၊ ဤဥပမာကို။ ကတာ၊ ပြုတော်မူအပ်ပြီ။ အယန္တု၊ ဤဆိုအပ်လတ္တံ့ သည်ကား။ဧတ္ထ၊ ဤဥပမာ၌။ အတ္ထော၊ အနက်တည်း။ ဘိက္ခု၊ ရဟန်း။ "နဂရန္တိ ခေါ၊ နဂရံ"ဟူသော ဤအမည်သည်၊ မာတာပေတ္တိကသမ္ဘဝဿ၊ အမိအဘတို့ သုက်သွေးကြောင့်ဖြစ်သော။ ဩဒနကုမ္မာသူပစယဿ၊ ထမင်း မုယောမုံ့တို့ဖြင့် ကြီးပွါးသော။ အနိစ္စုစ္ဆာဒနပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မဿ၊ မမြဲခြင်းလိမ်းကျံခြင်း ဆုတ်နယ်ခြင်း ပျက်စီးခြင်း ဖရိုဖရဲကျဲခြင်း သဘောရှိသော။ စာတုမဟာဘူတိကဿ၊ လေးပါးသော မဟာဘုတ်တို့ကြောင့် ဖြစ်သော။ ဣမဿ ကာယဿ၊ ဤကိုယ်ခန္ဓာ၏။ အဓိဝစနံ၊ အမည်တည်း။ ဘိက္ခု၊ ရဟန်း။ "ဆဒ္ဒွါရာတိ ခေါ၊ ဆဒ္ဒွါရာ"ဟူသော ဤအမည်သည်။ ဆန္နံ၊ ကုန်သော။ အဇ္ဈတ္တိကာနံ အာယတနာနံ၊ တို့၏။ အဓိဝစနံ၊ တည်း။ ဘိက္ခု၊ ရဟန်း။ "ဒေါဝါရိကောတိ ခေါ၊ ဒေါဝါရိကော"ဟူသော ဤအမည်သည်။ သတိယာ၊ သတိ၏။ အဓိဝစနံ၊ တည်း။ ဘိက္ခု၊ရဟန်း။ "သီဃံ ဒူတယုဂန္တိ ခေါ၊သီဃံ ဒူတယုဂံ"ဟူသော ဤအမည်သည်၊ သမထဝိပဿနာနံ၊ သမထဝိပဿနာတို့၏။အဓိဝစနံ၊တည်း။ ဘိက္ခု၊ ရဟန်း။ "နဂရသာမီတိ ခေါ၊ နဂရသာမီ"ဟူသော ဤအမည်သည်။ဝိညာဏဿ၊ ဝိညာဏ်၏။အဓိဝစနံ၊ တည်း။ဘိ ု၊ရဟန်း။ "မဇ္ဈေ သိင်္ဃာဋကောတိ ခေါ၊ မဇ္ဈေ သိင်္ဃာဋကော"ဟူသော ဤအမည်သည်။ ပထဝီဓာတုယာ၊ ၏၎င်း။ ပ။ ဝါယောဓာတုယာ၊ ၏၎င်း။ စတုန္နံ၊ ကုန်သော။ မဟာဘူတာနံ၊ တို့၏။ အဓိဝစနံ၊ တည်း။ ဘိက္ခု၊ ရဟန်း။ "ယထာဘူတံ ဝစနန္တိ ခေါ၊ ယထာဘူတံ ဝစနံ"ဟူသော ဤအမည်သည်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ အဓိဝစနံ၊ တည်း။ ဘိက္ခု၊ ရဟန်း။ "ယထာဂတမဂ္ဂေါတိ ခေါ၊ ထာဂတ-မဂ္ဂေါ"ဟူသော ဤအမည်သည်၊ အရိယဿ၊ မြတ်သော။ အဋ္ဌင်္ဂိကဿ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ မဂ္ဂဿ၊ ၏။ အဓိဝစနံ၊ တည်း။ သေယျထိဒံ၊ ထိုမဂ်ဟူသည် အဘယ်နည်း။ သမ္မာဒိဋ္ဌိယာ၊ ၏၎င်း။ ပ။ သမ္မာသမာဓိဿ၊ ၏၎င်းတည်း။ ဣတိ၊ ပြီ။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ဝီဏောပမသုတ်

၂၄၆။ ဘိက္ခဝေ၊ တို့။ ယဿ ကဿစိ၊ အမှတ်မရှိ တစုံတယောက်သော။ ဘိက္ခုဿ ဝါ၊ ၏၎င်း။ ဘိက္ခုနိယာ ဝါ၊ ၏၎င်း။ စက္ခုဝိညေယျေသု၊ ကုန်သော။ ရူပေသု၊ တို့၌။ ဥပ္ပဇ္ဇေယျ၊ စေတသော၊ စိတ်၏။ ဆန္ဒော ဝါ၊ လိုချင်ခြင်း (အားနည်းသောဘဏ) သည်၎င်း။ ရာဂေါ ဝါ၊ တပ်နှစ်သက်ခြင်း (အားကြီးသောတဏှာ) သည်၎င်း။ ဒေါသော ဝါ၊ အားနည်းသော အမျက်ထွက်ခြင်းသည်၎င်း။ မောဟော ဝါ၊ တွေဝေခြင်း မသိခြင်းသည်၎င်း။ ပဋိဃံ ဝါ၊ အားကြီးသော အမျက်ထွက်ခြင်း

